# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်နေ့ | ၂၀၁၉ ခုနှစ်၊ မေ ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၁)


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့ ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၁၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့သည် မြန်မာနိုင်ငံသို့ အလွတ်သဘောခရီး ရောက်ရှိ လည်ပတ်လျက်ရှိသော ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး Mrs. Daniella Hoareau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**ကြိုဆိုနှုတ်ဆက်**

ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ဧည့်သည်တော် ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့နှင့်အတူ ညစာအတူတကွ သုံးဆောင်ကြသည်။

**တက်ရောက်**

ညစာစားပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့ ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး Mrs. Daniella Hoareau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## ထူးခြားသည့်နေ့အပူချိန်များ

၁၈- ၄- ၂၀၁၉

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၈-၄-၂၀၁၉

| | |
|---|---|
| ရမည်းသင်းမြို့ | ၁ ဒသမ ၄၂ လက်မ |
| နေပြည်တော်(ဇေယျာသီရိမြို့နယ်) | ၁ ဒသမ ၂၂ လက်မ |
| လယ်ဝေးမြို့ | ၁ ဒသမ ၀၂ လက်မ |
| နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်) | ၁ ဒသမ ၀၂ လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၀ ဒသမ ၅၉ လက်မ |
| နေပြည်တော်လေဆိပ်(လော) | ၀ ဒသမ ၃၅ လက်မ |

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# မြန်မာ့သမိုင်းအမွေအနှစ် ရန်ကုန်တက္ကသိုလ်

မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်း၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ အမျိုးသားလွတ်လပ်ရေးသမိုင်း၊ ဒီမိုကရေစီတော်လှန်ရေးသမိုင်းတို့တွင် ရန်ကုန်တက္ကသိုလ်က ထိပ်ဆုံးတန်းမှာ ပါဝင်သည်ဆိုခြင်းကို မည်သူမျှ ငြင်းအံ့မထင်ပါ။

မြန်မာနိုင်ငံ၏ ပညာတတ်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားခေါင်းဆောင်များကို ရန်ကုန်တက္ကသိုလ်က မွေးဖွားပေးခဲ့သည့်အတွက် နှောင်းလူတို့က အမိတက္ကသိုလ်ဟု မိခင်နှင့်နှိုင်းကာ ဂုဏ်ပြုခေါ်ဆိုကြပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း၊ လွတ်လပ်ရေးရပြီးခေတ်၏ မြန်မာ့ပထမဆုံး ဝန်ကြီးချုပ် ဦးနုတို့အပါအဝင် မြန်မာ့သမိုင်းထဲက ထင်ရှားသည့် ခေါင်းဆောင်များဖြစ်ခဲ့သည့် ကိုလှဖေ(ဗိုလ်လကျ်ာ)၊ သခင်သိန်းဖေ၊ အာဏာရှင် ကိုလှရွှေ၊ သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသူတို့ကို မွေးထုတ်ခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတော်မျက်နှာဖုံးကြီးများ ဖြစ်ကြသည့် ဆရာကြီးဦးဖေမောင်တင်၊ ဆရာကြီး ဦးခင်ဇော်(ကေ)၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဦးမျိုးမင်းတို့လို ဆရာများ၊ ဦးတင်ထွဋ်၊ ဒေါက်တာထင်အောင်၊ သည်ဘက်ခေတ်တွင် သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းတို့လို ပညာတတ်များ၊ သိပ္ပံမောင်ဝ၊ မောင်ထင်၊ လူထုဒေါ်အမာမှသည် မိုးမိုးအင်းလျားအထိ မြန်မာ့စာပေလောက၏ မီးရှူးတန်ဆောင်စာရေးဆရာကြီးများ စသည်ဖြင့် ရေတွက်မကုန်နိုင်အောင် များပြားလှသည့် ပုဂ္ဂိုလ်ကြီးတို့ သင်ယူသင်ကြား၊ နေထိုင်ခဲ့ကြသည့် သမိုင်းဝင်တက္ကသိုလ်ကြီးဖြစ်ပါသည်။

သည် တက္ကသိုလ်ပရိဝုဏ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ပဲခူးဆောင်၊ သီရိဆောင်၊ မာလာဆောင်၊ အင်းလျားဆောင်၊ အမရဆောင်၊ မန္တလေးဆောင်၊ ဒဂုံဆောင်၊ ကန့်ကော်တော၊ အင်းလျားကန်၊ သစ်ပုတ်ပင်၊ ပုဂံလမ်း၊ သထုံလမ်း၊ စစ်ကိုင်းလမ်း၊ အဆောင်ချင်းဆက် စင်္ကြံများ အစရှိသည့် မှတ်တမ်းဝင် အစုစုတို့ တည်ရှိနေခြင်းဖြစ်သည့်အတွက် ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်းတစ်ခုလုံးမှာ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ မြို့ပြဆိုင်ရာ အထင်ကရအမွေအနှစ်နယ်မြေကြီးတစ်ခု ဖြစ်ပါသည်။

ခေတ်အဆက်ဆက်က မြန်မာနိုင်ငံတော်အတွက် ကိုလိုနီနယ်ချဲ့တော်လှန်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ ၁၉၇၄၊ ၇၅၊ ၇၆ ဦးသန့်၊ ၁၉၈၈ အရေးတော်ပုံ စသည့် တိုင်းပြည်အရေးအတွက် စွန့်လွှတ်စွန့်စားခဲ့ကြသော ကျောင်းသားထုကြီး၏ တကသ ဟု အမည်တွင်သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏ ဘူမိနက်သန်နေရာလည်း ဖြစ်ပါသည်။

မြန်မာ့သမိုင်းအတွက် ဤမျှလောက် အထင်ကရနှင့် အလေးအနက်ပြုစရာ အထိမ်းအမှတ် မှတ်တိုင်များဖြင့် ပြည့်နှက်နေသည့် ဝန်းကျင်တစ်ခုအဖြစ် ယနေ့ထိတိုင် ခမ်းနားကြီးကျယ်စွာ တည်ရှိနေခြင်းကပင် မြန်မာနိုင်ငံ၏ကျက်သရေဆောင် အမွေအနှစ် ဝန်းကျင်အာဝါသတစ်ခု ဖြစ်ပါသည်။

ဒူးရင်း၊ သြဇာ၊ မာလကာ၊ မင်းကွတ်၊ မရန်း အစရှိသည့် သီးပင်ကြီးများ၊ ကံ့ကော်၊ ငု၊ ပိတောက်၊ စိန်ပန်း အစရှိသည့် ရောင်စုံပွင့် ပန်းပင်ကြီးများ အပါအဝင် မန်ကျည်းပင်၊ ကုက္ကိုပင် အစရှိသော အပင်ကြီးများဖြင့် အုပ်ဆိုင်းညို့မှိုင်းနေသည့် သစ်တောအုပ်ကြီးသဖွယ် တည်ရှိနေသော လွမ်းမောဖွယ် ပရိဝုဏ်ကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထမကျောင်းသားသပိတ်ဖြင့် မတရားသည့် တက္ကသိုလ်ဥပဒေတို့ကို သပိတ်မှောက်တော်လှန်မှုများကြားက ပေါ်ထွန်းလာခဲ့သော တက္ကသိုလ်ကြီးဖြစ်ပြီး ၁၉၂၀ က စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည့်အတွက် နောင်နှစ်ဆိုလျှင် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်ဖြစ်ပါပြီ။

အနာဂတ်ကို ခိုင်ခိုင်မာမာတည်ထောင်ဖို့ဆိုလျှင် သမိုင်းကို လေးလေးနက်နက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြဖို့လိုပါမည်။ သည်လို သမိုင်းဆိုင်ရာ တန်ဖိုးကြီးခမ်းနားလှသည့် အမွေအနှစ် တက္ကသိုလ်ကြီး၏ နှစ်တစ်ရာပြည့်ကို ကြိုဆိုကြရင်း မည်သည်တို့ကို ဦးစားပေး တန်ဖိုးထားတာ မည်ရွေ့မည်ပုံ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြမည်ဆိုသည်ကို အလေးအနက်ထား ပြင်ဆင်စီမံကြရန်လိုပါမည်ဟု နှိုးဆော်တင်ပြလိုက်ရပါကြောင်း။ ။

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် မေ ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ မေ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်များ၊ စာထောက် စာမဆရာတော်များ၊ ပုစ္ဆာထုတ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို၊ ရေးဖြေ အောင်မြင်တော်မူကြသော ဒီဃနိကာယကောဝိဒ (၂) ပါး၊ ဒီဃဘာဏက (၈)ပါး၊ ဝိနယကောဝိဒ (၅) ပါး၊ ဝိနယဓရ (၂၅) ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ(၁၁) ပါး၊ ဥဘတောဝိဘင်္ဂဓရ (၄၄) ပါး စုစုပေါင်း စာအောင်သံဃာ (၉၅) ပါး၊ ပင့်သံဃာ (၁၇၁) ပါးအပါအဝင် စုစုပေါင်း သံဃာတော် (၂၆၆) ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ပါသဖြင့် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ ဖုန်း-၀၉-၂၆၄၄၃၆၅၄၅၊ ၀၁-၆၆၄၅၇၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပါဒစက်တော်ရာ ဗုဒ္ဓပူဇနီယဘုရားပွဲတော် အကြိမ်(၁၅၀)မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ပုလော မေ ၁၈**

နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ပလမြို့ ပါဒစက်တော်ရာ(ခြေတော်ရာ) ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို အကြိမ်(၁၅၀) မြောက်အဖြစ် ယနေ့ နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလ ကန်သာကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဒေသခံများ၊ စေတနာရှင်များက ဆရာတော် သံဃာတော် အပါး ၉၀ အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခဲ့ကြသည်။

ပလမြို့ပါဒစက်တော်ရာ စေတီတော် ဘုရားပွဲတော်ကို နှစ်ဆန်း ၂ ရက်နေ့မှ စတင်၍ ၁၅ ရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပရာ၌ ဒေသထွက် ငပိ၊ ငရုတ်သီးအခြောက်၊ ဓနိခမောက်များ၊ ပျားရည်များနှင့် သစ်သီးဝလံများအား ရောင်းချလျက်ရှိသည်။ ဘုရားပွဲတော်ကာလတွင် ပလမြို့ အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအပြင် မြန်မာနိုင်ငံ အနှံ့အပြား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များနှင့် ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ထူးဝေယံ(ပြန်/ဆက်)**

# ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် မေ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ရိုးရာပွဲတော်များကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ **"ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေသော ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်သော ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

( ဂ ) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

( င ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

( စ ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရပါ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) တို့ကို ပူးတွဲပေးပို့ရမည်။

( ဇ ) ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကို ဓာတ်ပုံတိုင်း၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်း ပူးတွဲတင်ပြပါရှိရမည်။

( ဈ ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** သုံးသိန်းကျပ်၊ **ဒုတိယဆု** နှစ်သိန်းငါးသောင်း၊ **တတိယဆု** နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ စုစုပေါင်း ဆုရှစ်ဆု ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၉ ခုနှစ်၊ မေ ၂ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျော်လွှားအောင်မြင်နိုင်မည်ဟု ယုံကြည်

ကျွန်တော်တို့ အစိုးရအနေနဲ့ ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အကျပ်အတည်းတွေ ရှိနေပါစေ၊ ပြည်သူလူထုရဲ့ နားလည်စာနာမှု၊ ပူးပေါင်းပါဝင်မှု၊ ကူညီပံ့ပိုးမှုတွေနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုခရီးကို ကျော်လွှားအောင်မြင်နိုင်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

# အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော် နှစ်ရပ်သဘောကွဲလွဲသော တံတားကြီးများဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လောင်းကစားဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များ အသင်းနှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်သို့ ဆက်သွယ်သည့်လမ်း ကွန်ကရစ်ခင်း

**ရန်ကုန် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် ဖျာပုံ-ဘိုကလေးလမ်းသည် ဖျာပုံမှ ဘိုကလေး(အောင်သြဘာ) ၈ လမ်းအထိ ၁၉ မိုင် ၅ ၃/၄ ဖာလုံရှိပြီး ခရိုင်အတွင်း မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းတစ်လမ်းဖြစ်သည်။



လမ်း၏နောက်ခံသမိုင်းမှာ ၁၉၉၀ ပြည့်နှစ်တွင် လူထုလုပ်အားဖြင့် မြေသားတာပေါင်တင်ခြင်း၊ ၁၉၉၁-၁၉၉၂ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်ခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၁-၁၉၉၂ ဘဏ္ဍာရေးနှစ်မှ ၁၉၉၈-၁၉၉၉ဘဏ္ဍာရေးနှစ်အထိ မအူပင်ခရိုင်လက်အောက်တွင် တည်ရှိခဲ့သော ဖျာပုံဒေသအဖွဲ့က ကျောက်ခင်းခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ၁၉၉၉ ခုနှစ် ဖျာပုံခရိုင် စတင်ဖွဲ့စည်းပြီးသည်မှစ၍ ယနေ့အထိ လမ်းအားလွှဲပြောင်းရယူပြီး လမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၁၇ ရက်နေ့တွင် လမ်းမိုင်အားလုံး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သို့သော် လမ်းမှာပင်လယ်နှင့်နီး၍ ရေငန်များဝင်ရောက်ခြင်း၊ လမ်း၊ တာရိုးဘေးတစ်လျှောက်တွင် ရွှံ့နွံများထူထပ်ပြီး ဒီရေတက်ခြင်းဒဏ်ကို အမြဲခံနေရသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင်လမ်းဦးစီးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုအစိုးရနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉၁၅ ဒသမ ၄၉၇ သန်း သုံးစွဲ၍ ဒေသနှင့် သင့်လျော်သည့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး လမ်းတစ်လျှောက်ရှိ တံတားများကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

# အောင်ချက်ရာခိုင်နှုန်း မြင့်မား

**ရန်ကုန် မေ ၁၈**

သင်္ကြန်ကာလပြီးမြောက်၍ မေ ၂၁ ရက်တွင် အစိုးရစစ်စာမေးပွဲများမပါသော ကျောင်းစစ်စာမေးပွဲများဖြစ်သည့် အခြေခံပညာမူလတန်းမှအထက်တန်းအထိ စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုတွင် မြို့နယ် ရှစ်မြို့နယ်ရှိသော မြောက်ပိုင်းခရိုင်၌ စနစ်သစ်ပညာရေးစတင်သောနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ယမန်နှစ်ထက် မြင့်မားကြောင်း သိရသည်။

“ထက်၊ လယ်၊ မူ ဒီနှစ်အောင်ချက် ရာခိုင်နှုန်းမြင့်ပါတယ်။ မြောက်ပိုင်းခရိုင်မှာ မင်္ဂလာဒုံနဲ့အင်းစိန်က အောင်ချက်အများဆုံးပါ။ ကျောင်းအများဆုံးက လှိုင်သာယာဖြစ်ပေမယ့် မူလတန်းအများဆုံးဟာ တိုက်ကြီးမြို့နယ် ဖြစ်ပါတယ်။ စနစ်သစ်ပညာရေးမှာ ကလေးတွေ စာလိုက်နိုင်မှု ရှိတာကို တွေ့ရတယ်။ မြောက်ပိုင်းခရိုင်မှာ မနှစ်ကထက် အောင်ချက်မြင့်မားတာကိုလည်း တွေ့ရမှာပါ” ဟု မြောက်ပိုင်းခရိုင်ပညာရေးမှူး ဒေါ်အေးသန္တာချစ်က ပြောသည်။

ခရိုင်လေးခုတွင် မြောက်ပိုင်းခရိုင်သည် ကျောင်းသားများသော ခရိုင်တစ်ခုဖြစ်ပြီး လှိုင်သာယာမြို့နယ်တစ်ခုတည်း၌ အစိုးရစာသင်ကျောင်းပေါင်း ၅၈ ကျောင်းရှိ၍ ရွှေပြည်သာနှင့် လှိုင်သာယာသည် ကျောင်းသားအများဆုံးမြို့နယ်များဖြစ်ကာ လှိုင်သာယာတွင် အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းတို့မှကျောင်းသားဦးရေ ၁၀၉၄၄၈ ဦး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပညာသင်ကြားခဲ့ခြင်း ဖြစ်သည်။

**သန်းထိုက်**

# ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး ဦးဆောင်သည့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံသို့ အလွတ်သဘောခရီးစဉ်ရောက်ရှိနေသော ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး Mrs. Daniella Hoareau ဦးဆောင်သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်း ဖြင့်ထွက်ခွာရာ နေပြည်တော်သို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**

# ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးကင်းဝေးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှုပုံစံများ ကျင့်သုံးလာရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၈**

ကျောင်းသားလူငယ်ထုအတွင်းဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးကင်းဝေးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှုပုံစံများ ကျင့်သုံးလာရေး အတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်မှ ကျောင်းများ၊ တက္ကသိုလ်များတွင် မူးယစ်ဆေးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်သေစာ သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ ကျောင်းသားထုအတွင်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ ကျောင်းသားလူငယ်များကို မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားလူငယ်များတွင် ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပပျောက်ရေးကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ဆက်လက်ပူးပေါင်း၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန်အတွက် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ယနေ့ အစည်းအဝေးအား အဆိုပါ ကိစ္စရပ်များကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးအကြံပြုသွားကြရန် ဖြစ်ပါကြောင်း။

**ထည့်သွင်းသင်ကြားပေး**

လုပ်ငန်းများ အောင်မြင်ထိရောက်စေရန်အတွက် ဆရာ ဆရာမများသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် ပါဝင်ဆောင်ရွက်စေရမည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဝတစ်သက်တာ သိမှတ်ဖွယ်ရာ သင်ခန်းစာများတွင် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**အလေ့အကျင့်များ ဆင့်ပွားဝေမျှ**

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတော်၏ အနာဂတ်ဖြစ်သော တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် (၉ ဒသမ ၇) သန်းခန့်ရှိသည့် ကျောင်းသားအရွယ်လူငယ်များ ကျန်းမာရေးအသိပညာဗဟုသုတ ကြွယ်ဝကာ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာနေထိုင် စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားလူငယ်အချင်းချင်းသာမက ၎င်းတို့၏ မိဘဆွေမျိုးများ၊ မိတ်ဆွေများကိုပါ ကျန်းမာရေးအသိပညာနှင့် အလေ့အကျင့်များ ဆင့်ပွားဝေမျှပေးနိုင်မည်ဖြစ်ကာ ပိုမိုကျန်းမာသန်စွမ်းလာမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းကူညီ**

ထိုသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားခဲ့သည့် လုပ်ငန်းများ အောင်မြင်ရန်မှာ ကျောင်းကျန်းမာရေးဌာနခွဲ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ကာ အားဖြည့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပါကြောင်း၊ အားကစားလေ့ကျင့် ဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲမှုများ လျော့နည်းပပျောက်လာမည်ဖြစ်သဖြင့် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ခြင်းကိုလည်း အားပေးမြှင့်တင် ဆောင်ရွက်သွားလျက်ရှိပါကြောင်း၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးများအား ကာကွယ်တားဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီများနှင့် အခြားဆက်နွှယ်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း။

**တစ်ပါတည်းဆောင်ရွက်**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သည့် ပံ့ပိုးဆောင်ရွက်မှုများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်မှုကို စောင့်ကြည့်ဆန်းစစ်ခြင်း လုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးအကြံပြု**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြသည်။

**နိဂုံးချုပ်အမှာစကားပြော**

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးကင်းဝေးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော ဘဝနေထိုင်မှုပုံစံများ ကျင့်သုံးလာရေးအတွက် အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့

**ပေကျင်း ဧပြီ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ချစ်ကြည်ရေးခရီးသွားရောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အဖွဲ့သည် ဧပြီ ၁၃ ရက်တွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

**မေးမြန်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းဒေါင်ငါးပြတိုက်ကို လေ့လာသည်။ အဆိုပါငါးပြတိုက်တွင် ချင်းဒေါင်ရေကန်အတွင်းရှိ ငါးမျိုးပေါင်း ၁၄၀ ကျော်ကို ပြသထားပြီး ငါးမွေးမြူခြင်းဆိုင်ရာ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ စီးပွားဖြစ် ငါးမွေးမြူခြင်းနှင့် သုတေသနလုပ်ငန်းများကို ပြသထားသည်။ ထို့နောက် ချင်းဒေါင်ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ရေကန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ရေကန်အတွင်းမှ ဇီအန်းကျန် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက စက်ရုံအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းဒေါင်မြို့မှ အမြန်ရထားဖြင့် ထွက်ခွာခဲ့ရာ ပေကျင်းမြို့သို့ ည ၁၁ နာရီခွဲတွင် ရောက်ရှိသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ State Power Investment Corporation-SPIC ရုံးချုပ်သို့ ရောက်ရှိ၍ ဥက္ကဋ္ဌ မစ္စတာဂျန်ယီ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဧရာဝတီမြစ်ဝှမ်းအတွင်း လေ့လာသုတေသနပြုမှုများ၊ တရုတ်နိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ တရုတ်နိုင်ငံအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်မှု၊ ခေတ်မီနည်းစနစ်များဖြင့် ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်ထုတ်လုပ်မှု၊ ပတ်ဝန်းကျင်နှင့် လူမှုစီပွားရေးအပေါ် သက်ရောက်မှုများအပေါ် ဆန်းစစ်ချက်များ၊ သန့်ရှင်းသော စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သယံဇာတများ စီမံအုပ်ချုပ်မှုစနစ်၊ မြစ်ချောင်းများ ဂေဟစနစ် ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ကြေးနီထုတ်လုပ်ရေးစီမံကိန်း**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ နော်ရင်ဂို ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ပြခန်းအတွင်း လိုက်လံပြသ ရှင်းလင်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးသည်။ ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော ကြေးနီထုတ်လုပ်ရေးစီမံကိန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ China Nonferrous Metal Mining (Group) သတ္တုတူးဖော်ရေးကုမ္ပဏီ ရုံးချုပ်သို့ ရောက်ရှိပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တကောင်းတောင်နီကယ်စီမံကိန်း ဆောင်ရွက်အကောင်အထည်ဖော်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

**ဂေဟစနစ်ထိန်းသိမ်းရေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ တရုတ်နိုင်ငံအစိုးရ အမျိုးသားသစ်တောနှင့် မြက်ခင်းစီမံအုပ်ချုပ်မှုအဖွဲ့ ရုံးချုပ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တရားမဝင်သစ်ကုန်သွယ်မှုတားဆီးရေး၊ နှစ်နိုင်ငံနယ်စပ်ရှိ သစ်တောများ ထိန်းသိမ်းရေးနှင့် တောမီးကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ၊ တရားဝင်သစ်ကုန်သွယ်မှုနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ၊ ဝါးနှင့်ကြိမ်သုတေသန ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ အာရှပစိဖိတ်ဒေသ သစ်တောကွန်ရက်အဖွဲ့လုပ်ငန်းစဉ်များ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအစီအစဉ်တွင် ဂေဟစနစ်ထိန်းသိမ်းရေးသစ်တောများနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး အမျိုးသားဥယျာဉ်များ တည်ထောင်ခြင်း၊ သစ်အခြေခံစက်မှုဇုန်များ တည်ထောင်ခြင်းလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

**ကုန်သွယ်မှုဇုန်တည်ထောင်**

မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ သစ်တောရေးရာကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ မစ္စတာဆုမ်ကွမ်းလီနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ သစ်အခြေခံစက်မှုနှင့် ကုန်သွယ်မှုဇုန် တည်ထောင်ခြင်းလုပ်ငန်းစဉ်တို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၇ ရက် ညနေပိုင်းတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပေကျင်းမြို့ရှိ နော်ရင်ဂို ကုမ္ပဏီ ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

# ၂၀၂၀ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲမှစ၍ အထက်စက်တော်ရာသို့ ဓာတ်လှေကားဖြင့် တက်ရောက်ဖူးမြော်နိုင်တော့မည်

**မင်းဘူး ဧပြီ ၁၈**

မန်းရွှေစက်တော်ဘုရား သာသနာ့နယ်မြေရှိ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာရှင်များ၏ နဝကမ္မအလှူငွေများဖြင့် နှစ်စဉ်လုပ်ဆောင်လျက်ရှိပြီး အထက်စက်တော်ရာသို့ ၂၀၂၀ ပြည့်နှစ် ဘုရားပွဲမှစ၍ ဓာတ်လှေကားဖြင့် တက်ရောက် ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

"အထက်စက်တော်ရာ ဘုရားဖူးဖို့ဆိုရင် တောင်ကုန်းပေါ် တက်ရောက်ရတာဖြစ်တဲ့အတွက် အသက်အရွယ်ကြီးရင့်သူတွေ၊ မသန်စွမ်းတွေနဲ့ ကျန်းမာရေးမကောင်းသူတွေ ဘုရားဖူးရတာ လွယ်ကူအောင် ၂၀၁၉ ခုနှစ် ဂေါပကအဖွဲ့နဲ့ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီးအစိုးရတို့ ပေါင်းပြီးတော့ စဉ်းစားကြတာက ပထမဦးဆုံးအဆင့် ဓာတ်လှေကား၊ ပြီးရင် စက်လှေကားလုပ်မယ်ပေါ့။ သေချာတာက ၂၀၂၀ ဘုရားဖူးရာသီမှာတော့ ဓာတ်လှေကားကို အပြီး အမီလုပ်မယ်" ဟု မန်းရွှေစက်တော်ဂေါပက ဥက္ကဋ္ဌ ဦးအောင်သိန်းက အတည်ပြုပြောကြားသည်။

သုံးထပ်ဗိမာန်အခြေနားရှိ နှစ်ကျိပ်ရှစ်ဆူ ကားကွင်းမှတစ်ဆင့် ကိုးခန်းကြီး တန်ဆောင်းသို့ ဓာတ်လှေကား၊ ကိုးခန်းကြီး တန်ဆောင်းမှတစ်ဆင့် အထက်စက်တော်ရာသို့တက်သည့် မတ်စောက်သော လှေကားနေရာတွင် ရွေ့လျားစက်လှေကား တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ဓာတ်လှေကားကို ၂၀၂၀ ဘုရားပွဲအမီ အပြီးတပ်ဆင်သွားမည်ဖြစ်သော်လည်း ဘတ်ဂျက်နှင့် ဆောင်ရွက်နိုင်မှု အနေအထားအရ စက်လှေကားမှာ ပြီးစီးရန် မသေချာသေးကြောင်း ဂေါပကဥက္ကဋ္ဌက ပြောသည်။

"Santace ကုမ္ပဏီနဲ့ ရွှေစက်တော်အဆင့်မြှင့်တင်ဖို့ ဒီဇိုင်းရေးဆွဲနေပါတယ်။ ဆွဲပြီးသွားရင် ဘယ်နေရာမှာတော့ ဓာတ်လှေကားတပ်မယ်။ ဘယ်နေရာမှာ ဘာအဆောက်အအုံထားမယ်။ ဒါတွေပါလာတော့မယ်။ ကုန်ကျမယ့် အခြေအနေကိုတော့ ဒီဇိုင်းပြီးမှ တွက်လို့ရပါလိမ့်မယ်။ ဓာတ်လှေကားတပ်ဆင်ဖို့ လှူဒါန်းမှုတွေလည်း အများကြီး ရှိနေပါတယ်" ဟု ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိန်းက ပြောသည်။

လှေတင်တံတားကြီးကို အသုံးပြု၍ မန်းရွှေစက်တော်သို့ ၁၂ လရာသီကာလ ပတ်လုံး ဘုရားဖူးများ လာရောက်နိုင်ပြီး ကျိုက်ထီးရိုးဘုရားကဲ့သို့ စားသောက်ဆိုင်နှင့် ဟိုတယ်များလည်း ဒီဇိုင်း၌ ပါရှိလာမည်ဖြစ်ကြောင်း ၊ နဝကမ္မနှင့် စေတီယသင်္ဂဟ အလှူငွေများ ကျပ်သိန်းပေါင်း ခုနစ်သောင်းခန့်ရှိသည့်အနက် နဝကမ္မအလှူငွေများဖြင့်သာ သာသနာ့နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် စီမံချက်ချ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဂေါပကအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

- ➢ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ➢ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ➢ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန် ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီး တရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ➢ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# မေတ္တာသည်သာ ငြိမ်းချမ်းရာ

**မိမိုးအေး(ဘားအံတက္ကသိုလ်)**

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြတဲ့ ကျွန်မတို့အနေနဲ့ မေတ္တာဆိုတဲ့ စကားလုံးနဲ့ မစိမ်းလှပါဘူး။ နေ့တိုင်းမှာ ဒီစကားလုံးကို သုံးစွဲပြောဆိုနေကြတာကြောင့် ရင်းနှီးပြီးသားလည်းဖြစ်ပါတယ်။ မေတ္တာသုတ်ရွတ်တာ၊ မေတ္တာပို့တာ၊ မေတ္တာပွားတာ မျိုးတွေကို နေ့စဉ်ပြုလုပ်ဆောင်ရွက်ကြပါတယ်။ ဒ့ါအပြင် ဗြဟ္မာတွေ ကျင့်သုံးကြတဲ့ ဗြဟ္မဝိဟာရလို့ခေါ်တဲ့ ဗြဟ္မစိုရ်တရား လေးပါးဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာမှာလည်း မေတ္တာပါနေပါသေးတယ်။

ကျွန်မတို့ နေ့စဉ်မှာ မေတ္တာနဲ့ပတ်သက်ပြီး ပြောဆိုသုံးစွဲကြပါတယ်။ ရွတ်ဖတ်ကြပါတယ်။ ဒါပေမယ့်လည်း လက်တွေ့မှာတော့ လိုက်နာကျင့်သုံးတဲ့နေရာမှာ အတော့်ကို အားနည်းကြတာကို စိတ်မကောင်းစရာ မြင်တွေ့နေရပါတယ်။ မေတ္တာထားတယ်လို့ ပြောဆိုနေကြပေမယ့် တကယ်တမ်းတော့ မထားနိုင်ကြပါဘူး။ မေတ္တာမထားနိုင်ကြလို့သာ ရာဇဝတ်မှုတွေ၊ လူလူချင်း သတ်ဖြတ်တာတွေ၊ စစ်ပွဲတွေ ဖြစ်ပွားနေကြတာပါ။

### မေတ္တာရဲ့သဘော

မေတ္တာဆိုတဲ့ ပါဠိစကားလုံးကို အဘိဓာန်တွေမှာတော့ "အကျိုးစီးပွားကို အလိုရှိတတ်သော သဘောတရား "လို့ ဖွင့်ဆိုထားပါတယ်။ တခြားတစ်ယောက်ရဲ့ အကျိုးစီးပွားကို အလိုရှိတာ။ အကျိုးရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးတာလို့လည်း ဆိုနိုင်ပါတယ်။ ပြောရမယ်ဆိုရင် တခြားတစ်ယောက်ရဲ့ အကျိုးစီးပွားကို မထိခိုက်စေတာဟာလည်း မေတ္တာရဲ့သဘောပဲလို့ ကျွန်မ နားလည်ထားပါတယ်။

လူတစ်ယောက်နဲ့ တစ်ယောက်၊ တစ်မိသားနဲ့ တစ်မိသား၊ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခု၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ ရဟန်းနဲ့ဒကာ၊ မင်းနဲ့ ပြည်သူတွေအကြားမှာ ပျော်ရွှင်ဖို့၊ ငြိမ်းချမ်းဖို့၊ ညီညွတ်ဖို့ မေတ္တာဟာ အရေးပါဆုံးဖြစ်မယ်ထင်ပါတယ်။ မေတ္တာကြောင့်သာ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ ညီညွတ်မှုရရှိမှာ ဖြစ်ပါတယ်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဘယ်အရေးမှာပဲဖြစ်ဖြစ် မေတ္တာနဲ့သာဖြေရှင်းရင် အောင်မြင်ဖို့ ရာနှုန်းများပါတယ်။

တကယ်တော့ ကျွန်မတို့ လူသားတစ်ဦးချင်းစီမှာ မေတ္တာတရားရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အလွှာအသီးသီးမှာ ခေါင်းဆောင်တာဝန်ကို ယူထားကြသူများက မေတ္တာတရားကို လက်ကိုင်ထားဖို့ ပိုပြီးလိုအပ်တယ်လို့ ကျွန်မယူဆပါတယ်။ ဘာကိစ္စကိုပဲဖြေရှင်းဖြေရှင်း အောင်မြင်အောင်ဖြေရှင်းဖို့နည်းလမ်းဟာ မေတ္တာတရားကိုသာ အခြေခံပါတယ်။

### မေတ္တာပါရမီကို ဖြည့်ကျင့်

ကျွန်မတို့ သက်ဝင်ယုံကြည်ကိုးကွယ်နေကြတဲ့ ဗုဒ္ဓဟာ မေတ္တာဝါဒီသမားစစ်စစ် တစ်ဦးဆိုတာ ကျွန်မတို့မေ့ထားလို့မရပါဘူး။ ၄၅ ဝါပတ်လုံး သတ္တဝါတွေရဲ့အကျိုးစီးပွားအတွက်ကိုသာ နေ့ညမပြတ်ဆောင်ရွက်ပေးခဲ့တဲ့ မေတ္တာရှင်အစစ်ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ ဘုရားမဖြစ်ခင် ဘဝပေါင်းများစွာမှာလည်း သတ္တဝါအားလုံးတို့ကို မိမိရဲ့ ရင်ဝယ်သားသမီးလို ချစ်ခင်ကြင်နာပြီး အကျိုးကို လိုလားတတ်တဲ့ မေတ္တာပါရမီကို ဖြည့်ကျင့်ခဲ့ပါသေးတယ်။

ဗုဒ္ဓဟာ မေတ္တာကြောင့် အသက်ကိုစွန့်လွှတ်ခဲ့တယ်။ မေတ္တာကြောင့် တိုင်းပြည်စည်းစိမ်ဥစ္စာကို စွန့်လွှတ်ခဲ့တယ်။ မေတ္တာကြောင့် အရာရာကို စွန့်လွှတ်နိုင်ခဲ့သူဖြစ်ပါတယ်။ သတ္တဝါတွေကို ကယ်တင်ခဲ့တဲ့အခါတိုင်းမှာ မေတ္တာနဲ့သာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါတွေကို ကျွန်မတို့ ပါဠိစာပေအနှံ့အပြားမှာ တွေ့နိုင်ပါတယ်။ ပြောလို့လည်း မကုန်နိုင်ပါဘူး။

### ဘုရားလောင်းမျောက်မင်း မဟာကပိဇာတ်

အဲဒီအများကြီးထဲက မေတ္တာကြောင့် အသက်ကို စွန့်ခဲ့တဲ့ ဗုဒ္ဓရဲ့အကြောင်းကို ကျွန်မ နည်းနည်းပြောပြချင်ပါတယ်။ ကြားဖူးတဲ့အကြောင်းလည်း ဖြစ်မှာပါ။ ဘုရားလောင်း မျောက်မင်းဘဝ မဟာကပိဇာတ်ထဲက အကြောင်းဖြစ်ပါတယ်။ ဂင်္ဂါမြစ်ကမ်းနားမှာရှိတဲ့ သရက်သီးအကြီးကြီးတွေသီးတဲ့ သရက်ပင်ကို အမှီပြုပြီး မျောက်ရှစ်သောင်းခြံရံပြီး နေထိုင်ကြပါတယ်။ ဂင်္ဂါမြစ်ထဲ မျောလာတဲ့ သရက်သီးကို ဗာရာဏသီမင်းက စားရပြီး ထပ်ပြီးစားချင်တဲ့အတွက် ဟိမဝန္တာတောကို မင်းပရိသတ်နဲ့အတူ လာခဲ့ကြပါတယ်။ သရက်သီးစားဖို့ ရောက်လာတဲ့မျောက်တွေကို တွေ့တော့ ပါလာတဲ့ စစ်သည်တွေက ဖမ်းဆီးသတ်ဖြတ်ဖို့ သရက်ပင်အောက်မှာ ဝိုင်းထားကြပါတယ်။ အဲဒီအခါမှာ မျောက်တွေဟာ သူတို့ရဲ့ အသက်အန္တရာယ်အတွက် အတော်ပဲ ကြောက်ရွံ့နေကြပါတယ်။

> **"မေတ္တာတရားကို ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ မဖြစ်မနေအသုံးပြုရမှာ ဖြစ်ပါတယ်။ တကယ်တော့ မေတ္တာဟာ ငြိမ်းချမ်းရေးအတွက် အရင်းအမြစ်စစ်စစ် ဖြစ်ပါတယ်။ ကောင်းကျိုးကို လိုလားတဲ့ မေတ္တာဆိုတဲ့ လက်နက်ကသာ စစ်ပွဲတွေကို ရပ်ဆိုင်းပေးနိုင်မှာ ဖြစ်ပါတယ်။ မေတ္တာလက်နက်ကသာ ထာဝရငြိမ်းချမ်းရေးကို ပေးနိုင်မှာဖြစ်"**

မျောက်မင်းကတော့ သာမန်မဟုတ်ဘဲ ခွန်အားဗလနဲ့ ပြည့်စုံတာကြောင့် တစ်ဖက်ကမ်းကို ခုန်ကူးသွားနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်လွတ်မရုန်းတဲ့ မျောက်မင်းဟာ မျောက်အပေါင်းကို မစိုးရိမ်ဖို့ပြောပြီး တစ်ဖက်ကမ်းကို ခုန်ကူးသွားပါတယ်။ တစ်ဖက်ကမ်းကိုရောက်တဲ့အခါ မြစ်ကိုဖြတ်ကူးနိုင်အောင် ရှည်တဲ့နွယ်ပင်ကိုရှာပြီး သူ့ရဲ့ခါးမှာ ချည်ပြီး သရက်ပင်ဆီကို ပြန်ပြီး ခုန်ကူးလိုက်ပါတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ နွယ်ပင်ဟာ နည်းနည်းတိုသွားတာကြောင့် သရက်ပင်မှာ ချည်လို့မရဘူးဖြစ်နေတယ်။ ဒါနဲ့ပဲ လက်နှစ်ဖက်နဲ့ သရက်ကိုင်းကို ဆွဲကိုင်ပြီး သူ့ရဲ့ ကျောက်ကုန်းပေါ်ကနေ နင်းစေပြီး တစ်ဖက်ကမ်းကို ကူးစေပါတယ်။ မျောက်ဆိုးတစ်ကောင်ကတော့ အမြင့်ကနေ မျောက်မင်းရဲ့ ကျောက်ကုန်းပေါ်ကို တမင်ခုန်ချခဲ့တာကြောင့် ပိုပြီးနာကျင်ခဲ့ပါတယ်။

ဒီအဖြစ်အပျက်ကို အစအဆုံးမြင်တွေ့ရတဲ့ ဗာရာဏသီမင်းက မျောက်မင်းကို သစ်ပင်ထက်က ချစေပါတယ်။ ဂင်္ဂါမြစ်ရေနဲ့ ချိုးစေပြီး ဒဏ်ရာတွေနဲ့ ခန္ဓာကိုယ်ကို ဆီနဲ့လိမ်းပြီး ပြုစုပေးပါတယ်။ အဲဒီနောက်မှာ ဗာရာဏသီမင်းက ခန္ဓာကိုယ်ကို တံတားလုပ်ပြီး ဒီမျောက်တွေကို အန္တရာယ်ကလွတ်ကင်းအောင် ပြုလုပ်ပေးတဲ့ မျောက်မင်းနဲ့ ဒီမျောက်တွေ ဘာတော်စပ်လဲလို့ မေးပါတယ်။ ဒီအခါမှာ မျောက်မင်းက ဂါထာနဲ့ ဒီလို ပြန်ဖြေပါတယ်။

**'တံ မံ န တပတေ ဗန္ဓော၊ မတော မေ န တပေဿတိ။**
**သုခမာဟရိတံ တေသံ၊ ယေသံ ရဇ္ဇမကာရယိံ။'**

အဓိပ္ပာယ်ကတော့ 'အချုပ်အနှောင်ကို ငါမမှု၊ သေမည်ကိုလည်း မစိုးရိမ်၊ အကြင် သူတို့၏ မင်းဖြစ်သော ငါသည် ထိုသူတို့၏ ချမ်းသာကို ဆောင်ပါ၏' လို့ ဖြစ်ပါတယ်။ ဘယ်ခေါင်းဆောင်မဆို မှတ်သားပြီး လိုက်နာရမယ့် အချက်ကို ဗုဒ္ဓက သေသေချာချာပဲ လမ်းညွှန်ခဲ့တာဖြစ်ပါတယ်။

### မေတ္တာစွမ်းအား

မေတ္တာနဲ့ ယှဉ်တဲ့စိတ်ဟာ ဒေါသကို ပယ်ပါတယ်။ ခွဲခြားဆက်ဆံမှု မရှိပါဘူး။ အမုန်တရားကို မြတ်နိုးစေပါတယ်။ မေတ္တာဟာ လက်စားချေလိုခြင်းမရှိဘူး။ အမုန်းလည်း မပွားပါဘူး။ မေတ္တာဟာ သူတစ်ပါးအကျိုးကို ငဲ့တယ်။ ကိုယ့်အကျိုးကို ထည့်မတွက်တတ်ဘူး။ ကြီးပွားစေချင်တယ်။ တိုးတက်စေချင်တယ်။ အောင်မြင်စေချင်တယ်။ အဆင်ပြေစေချင်တယ်။ တုံ့ပြန်မျှော်လင့်ချက်မရှိဘူး။ ပျော့ပျောင်းတယ်။ နူးညံ့တယ်။ သိမ်မွေ့တယ်။ စွမ်းအားကြီးတယ်။

မေတ္တာတရားကို လက်ကိုင်ထားပါတယ်ဆိုတဲ့ ဗုဒ္ဓဘာသာဝင်တွေ အများစုနေထိုင်ကြတဲ့ ကျွန်မတို့နိုင်ငံမှာ စစ်ပွဲတွေဖြစ်ပွားနေတာ အလွန်ပဲဝမ်းနည်းစရာကောင်းလှပါတယ်။ ဘယ်သူ့ဘက်ကပဲ တိုက်ပွဲမှာကျကျ လူသားတစ်ဦး အသက်ဆုံးရတာပဲဖြစ်ပါတယ်။ မိခင်အတွက် သားကို ဆုံးရှုံးရပါတယ်။ ဇနီးမယားအတွက် လင်ယောကျ်ားကို ဆုံးရှုံးရပါတယ်။ ကလေးတွေအတွက် ဖခင်မဲ့ကြရပါတယ်။ ဒါနဲ့ မပြီးသေးပါဘူး။ စစ်ရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကိုလည်း ခံယူရပါသေးတယ်။

ဒါတွေအားလုံးပြီးဆုံးဖို့၊ စစ်ပွဲတွေရပ်ဆိုင်းဖို့၊ ငြိမ်းချမ်းဖို့ နှစ်ဖက်ခေါင်းဆောင်တွေဟာ တာဝန်အရှိဆုံးဖြစ်မယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဆုံးဖြတ်ချက်ချတာ၊ စီမံခန့်ခွဲတာ၊ လုပ်ပိုင်ခွင့်ရှိတာ ခေါင်းဆောင်တွေ ဖြစ်လို့ပါပဲ။ ဒီခေါင်းဆောင်တွေကပဲ စစ်ပွဲတွေကို ဖြစ်စေနိုင်ပြီး ဒီခေါင်းဆောင်တွေကပဲ စစ်ပွဲတွေကို ရပ်ဆိုင်းစေနိုင်တာ ဖြစ်ပါတယ်။

ခေါင်းဆောင်တွေကသာ စစ်ပွဲတွေဟာ ကိုယ့်ရဲ့ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ လက်အောက်ငယ်သားနဲ့ အပြစ်မဲ့ပြည်သူတွေရဲ့အကျိုးကို အမှန်တကယ်ပဲ လိုလားတယ်ဆိုရင် မေတ္တာနဲ့ယှဉ်ပြီး ဆုံးဖြတ်လုပ်ကိုင်ပေးကြစေလိုပါတယ်။ ဒီနေရာမှာ ဘုရားလောင်းမျောက်မင်းက ဗာရာဏသီမင်းကို ဆုံးမတဲ့အချက်ဟာ ခေါင်းဆောင်တို့ မလွဲမသွေ လက်ခံကျင့်သုံးဖို့ အချက်ပဲဖြစ်ပါတယ်။ မျောက်မင်းက မိမိဟာ ခေါင်းဆောင်ဖြစ်တဲ့အတွက် ပြည်သူပြည်သားတို့ကို သောကကင်းစေဖို့၊ ဘေးကင်းစေဖို့၊ ချမ်းသာရာရစေဖို့ ဆောင်ရွက်ပေးရတာဟာ မိမိတာဝန်သာဖြစ်ကြောင်း၊ မင်းကြီးအနေနဲ့လည်း မိမိကို သာဓကပြုပြီး တိုင်းသူပြည်သားတို့ရဲ့အကျိုးစီးပွားကို ဆောင်ရွက်ပေးဖို့ မှာကြားခဲ့ပါတယ်။

### မေတ္တာနဲ့ယှဉ် ငြိမ်းချမ်းရေး ဆောင်ရွက်နိုင်

ခေါင်းဆောင်တွေဟာ ဘုရားလောင်းရဲ့မေတ္တာပါရမီကို လက်တွေ့ကျင့်သုံးသင့်ပါတယ်။ ဘုရားလောင်းစိတ်ဓာတ်မျိုးထားနိုင်ဖို့လည်း လိုပါတယ်။ အများရဲ့အကျိုးကို ငဲ့ပြီး ကြံစည်ပြောဆိုလုပ်ကိုင်ဆောင်ရွက်ပေးတာဟာလည်း မေတ္တာပဲ ဖြစ်တယ်ဆိုတာ ခေါင်းဆောင်တွေ သတိပြုမိဖို့ လိုအပ်ပါတယ်။ ကိုယ့်ရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေနဲ့ ဒီစစ်ပွဲတွေ မပြီးဆုံးနိုင်ပါဘူး။ မငြိမ်းချမ်းနိုင်ပါဘူး။ မေတ္တာနဲ့ယှဉ်မှသာ ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မေတ္တာတရားကို ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ မဖြစ်မနေအသုံးပြုရမှာဖြစ်ပါတယ်။ တကယ်တော့ မေတ္တာဟာ ငြိမ်းချမ်းရေးအတွက် အရင်းအမြစ်စစ်စစ် ဖြစ်ပါတယ်။ ကောင်းကျိုးကို လိုလားတဲ့ မေတ္တာဆိုတဲ့ လက်နက်ကသာ စစ်ပွဲတွေကို ရပ်ဆိုင်းပေးနိုင်မှာ ဖြစ်ပါတယ်။ မေတ္တာလက်နက်ကသာ ထာဝရငြိမ်းချမ်းရေးကို ပေးနိုင်မှာဖြစ်တဲ့အကြောင်း ပြောကြားရင်း မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ပျော်ရွှင်ချမ်းမြေ့ ငြိမ်းချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ။

## ဟိုပင်၌ (၃၂)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပ

**ဟိုပင် မေ ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ မြို့တော်ခန်းမ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ (၃၂)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နှစ်ဆန်းတစ်ရက် နေ့က ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးဝေလင်းအောင်နှင့် မြို့ပေါ်လေးရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။



သက်ကြီးပူဇော်ပွဲတွင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၂၅၂ ဦးတို့အား အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် တစ်ဦးလျှင် ကျပ် ၁၇၀၀၀ နှုန်းနှင့် အောင်ဝိဇ္ဇာဆေးတိုက်မှ နှလုံးအားတိုးဆေး အာယုဗလဆေးများဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများက ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဟိုပင်မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားကာ မြို့မိမြို့ဖ ဦးညီလေးက သြဝါဒစကားပြောကြား၍ မြို့မမြောက်ရပ်ကွက်မှ အလှူရှင် ဒေါ်နွားတင် မိသားစုတို့က အာဟာရများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

## ရေစကြိုမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေးဆောင်ရွက်

**ရေစကြို မေ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်အကြားရှိ ကျေးရွာရှစ်ရွာ၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် အချိန်ပြည့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းရောက်ရှိသည့် နေရာမှစ၍ ၁၀ မိုင်နှင့်အထက် ဝေးကွာသော ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) အဖြစ် ဆောင်ရွက်လျက်ရှိပြီး မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အတွင်း ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်အကြားရှိ ငတရော် ကျေးရွာ၊ မြေတော်ကျေးရွာ၊ သပြေပင်ကျေးရွာ၊ ဘိစပ်ကုန်းကျေးရွာ၊ ကိုင်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ ညောင်မွှေးကျေးရွာ၊ ဆည်သစ်မြင်ကျေးရွာ စသည့် ကျေးရွာရှစ်ရွာတို့တွင် အချိန်ပြည့် လျှပ်စစ်ဓာတ်အားရရှိရေးကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် အကုန်အကျခံ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာရှစ်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်၊ ဂျာမဏီနှင့် ပူးပေါင်းဆောင်ရွက်မှု (GIZ)တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP Off-grid) ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဆိုလာ ၂၈၈ ကီလိုဝပ်၊ ဂျင်နရေတာ ၁၆၀ ကီလိုဝပ် ထုတ်ယူသုံးစွဲနိုင်မည့် ဆိုလာ-ဒီဇယ်ပေါင်းစပ်စနစ်အမျိုးအစား ဆောင်ရွက်ထားကြောင်း၊ အဆိုပါ ဆိုလာအသေးစားဓာတ်အားပေးစနစ်သည် လက်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးဓာတ်အားပေးစနစ်တစ်ခု ဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ဒေသစာရီကြွချီပူဇော်ခံမည်



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များကို ရန်ကုန်မြို့၌ ဝတ်အသင်းများက ပင့်ဆောင်ပူဇော်စဉ်။

**ရန်ကုန် ဧပြီ ၁၈**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ဧပြီ ၁၉ ရက် စနေနေ့တွင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်သို့ ဒေသစာရီကြွချီ ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

"မနက်ဖြန်နံနက် ၅ နာရီမှာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးတွေက အန္တရာယ်ကင်းပရိတ်တွေ ရွတ်ဖတ်ပြီးတော့ မနက်ငါးနာရီခွဲမှာ ရန်ကုန်ကနေ စတင်ပင့်ဆောင်ပူဇော်မှာဖြစ်ပါတယ်။ ညနေပိုင်းမှာ ကျိုက်ထီးရိုးစေတီတော်ရင်ပြင်မှာ ရင်ငွေ့လှုံကိန်းဝပ်စံပယ်ပြီးတော့ ပူဇော်ခံထားရှိမှာပါ။ ညပိုင်းမှာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော် ဟောကြားချီးမြှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဒေသစာရီခရီးစဉ်အုပ်ချုပ်သူအရာရှိ ပြည်တွင်းသာသနာပြုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်မောင်မောင်စိုးက ပြောသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းကွဲ့ကော်ပန်းအဝိုင်းအနီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စုပေါင်းအားဖြင့် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် မော်လမြိုင်၊ ၂၁ ရက်တွင် ထားဝယ်၊ ၂၂ ရက်တွင် ဘားအံ၊ ၂၃ ရက်တွင် သထုံ၊ ၂၄ ရက်တွင် ပဲခူး၊ ၂၅ ရက်တွင် ပုသိမ်၊ ၂၆ ရက်တွင် ဟင်္သာတ၊ ၂၇ ရက်တွင် ပြည်၊ ၂၈ ရက်တွင် မကွေး၊ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မုံရွာ၊ မေ ၂ ရက်မှ ၆ ရက်အထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)၊ မေ ၉ ရက်တွင် တောင်ကြီး၊ မေ ၁၀ ရက်တွင် လွိုင်ကော်၊ မေ ၁၁ ရက်တွင် တောင်ငူ၊ မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသစာရီကြွချီပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**ဟန်လင်းနိုင်**

# ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မြစ်ကြီးနားမြို့ပေါ်ရှိ ဘာသာရေးကျောင်းများသို့ အလှူငွေများ လှူဒါန်း

**မြစ်ကြီးနား ဧပြီ ၁၈**

မြန်မာနှစ်သစ်ကူးအခါသမယ၌ ကုသိုလ်ကောင်းမှုအဖြစ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းများသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အလှူငွေများ သွားရောက်လှူဒါန်းကြပြီး (**အောက်ပုံ**) နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သမှုများကို ခံယူကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်း၌ ဝန်းသိုကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာထံမှ နှစ်သစ်ဆုတောင်းမေတ္တာပို့သမှုကို ခံယူကာ ပြည်နယ်ဝန်ကြီးချုပ်က နဝကမ္မအလှူငွေကျပ် ၁၅ သိန်း ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ရုံး၌ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သိက္ခာတော်ရဆရာတော်များ၊ အမှုဆောင်များနှင့်တွေ့ဆုံပြီး နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားကာ နှစ်သစ်ဆုမွန်ကောင်းချီးမင်္ဂလာ ခံယူခဲ့ကြပြီး အလှူငွေကျပ် ၁၅ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကက်သလစ်အသင်းတော် မြစ်ကြီးနားဂိုဏ်းအုပ်သာသနာစိန့်ကိုလန်ဘန်ကာသီဒြယ်၌ ပြည်နယ်ဝန်ကြီးချုပ်က ဂိုဏ်းအုပ်ဆရာတော်ထံ အသင်းတော်အတွက် အလှူငွေကျပ် ၁၅ သိန်းကို ဆက်ကပ်လှူဒါန်းသည် ထိုမှတစ်ဆင့် ဒူကထောင်နှစ်ခြင်းအသင်းတော်၊ တပ်ကုန်းမူရင်းနှစ်ခြင်းအသင်းတော်၊ အင်ဂျန်ဒုံနှစ်ခြင်းအသင်းတော်၊ စီတာပူနှစ်ခြင်းအသင်းတော်၊ တပ်ကုန်းနှစ်ခြင်းအသင်းတော် ဘုရားကျောင်းများ၌ ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းစီကို ဆက်ကပ်လှူဒါန်းပြီး သိက္ခာတော်ရ ဆရာတော်များထံမှ နှစ်သစ်ဆုမွန်ကောင်းချီးမင်္ဂလာများကို ခံယူခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများကလည်း မြစ်ကြီးနားမြို့နယ်အတွင်းရှိ ခေမာသီဝံကျောင်းတိုက်၊ ပရဟိတကျောင်းတိုက်၊ နန်းကွေ့မဟာဂန္ဓာရုံ၊ ရာဒါကောင်းမဟာ ဂန္ဓာရုံကျောင်းတိုက်၊ မြို့ဦးစာသင်တိုက်၊ ရွှေအိုက်အဘယာရာမ စာသင်တိုက်စသည့် ဘုန်းကြီးကျောင်းများနှင့် ဇီဝံဂေလိဓမ္မကောလိပ်၊ မန်ခိန်နှစ်ခြင်းအသင်းတော်၊ ခေမာသီရိလီဆူအသင်းတော်၊ လော်ဝေါ်နှစ်ခြင်းအသင်းတော် စသည့် ခရစ်ယာန်အသင်းတော်များထံ သွားရောက်ခဲ့ကြကာ အလှူငွေကျပ် ၁၀ သိန်းစီကို ဆက်ကပ်လှူဒါန်းပေးခဲ့ကြပြီး နှစ်သစ်ကူးဆုတောင်းမေတ္တာ ပို့သမှုများကို ခံယူခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**





ရန်ကုန်မှ ပြည်သို့ထွက်ခွာမည့် အမှတ် ၇၁ အဆန်ရထားအား ရန်ကုန်ဘူတာကြီးတွင် တွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း

# မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ ရထားခရီးစဉ်များအားလုံး ပုံမှန်ပြန်လည်ပြေးဆွဲပေးနေ

**ရန်ကုန် ဧပြီ ၁၈**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသည်စီးနင်းမှု နည်းပါးသောကြောင့် ရပ်နားထားသော မြန်မာ့မီးရထားလမ်းပိုင်းများကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)မှစ၍ ခရီးစဉ်များအားလုံး ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီးကို အခြေပြုကာ မြန်မာနိုင်ငံအနှံ့ ပြေးဆွဲပေးလျက်ရှိသော ခရီးစဉ်လမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည် လမ်းပိုင်းနှင့် ရန်ကုန်-ပုဂံလမ်းပိုင်းများတွင် ပြေးဆွဲလျက်ရှိသော မြန်မာ့မီးရထားခရီးစဉ်များကို ဧပြီ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် ယာယီရပ်နားထားပြီး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က သင်္ကြန်တွင်းမှာတော့ ခရီးသည်မရှိဘူးပေါ့။ ခရီးသည်မရှိတဲ့အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းမှာဆိုရင် ၅ အဆန်၊ ၆ အစုန် နားထားတယ်။ ရန်ကုန်-နေပြည်တော်လမ်းပိုင်းမှာ ဆိုရင် ၇၊ ၉ အဆန်၊ ၈ အစုန် နားထားတယ်။ မော်လမြိုင်လမ်းပိုင်းမှာဆိုရင် ၃၅၊ ၃၆ နားထားတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းမှာဆိုရင် ၇၁၊ ၇၂ နားထားတယ်။ ရန်ကုန်-ပုဂံက ၆၁၊ ၆၂ ပေါ့။ အဲဒီရထားတွေက သင်္ကြန်တွင်းကာလမှာ ခရီးသည်မရှိတဲ့အတွက် ယာယီရပ်နားထားပါတယ်။ ဧပြီ ၁၄၊ ၁၅၊ ၁၆ သုံးရက်ထဲပါ။ ၁၇ ရက်နေ့မှာတော့ ပုံမှန်အတိုင်း ရထားတွေအားလုံးကို ပြန်ပြီးပြေးဆွဲပေးပါတယ်"ဟု မြန်မာ့မီးရထား၊ တိုင်း (၇)၊ မန်နေဂျာ(သွားလာရေး) ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်များ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ဧပြီ ၈ ရက်မှစ၍ သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးခဲ့ရာ ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်များတွင်လည်း အထူးရထားများ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့ပတ်ရထားလမ်းတွင် သင်္ကြန်ပွဲတော်ကာလတွင် ခေါက်ရေ ၉၀ သာပြေးဆွဲပေးရာမှ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ နေ့စဉ်ပုံမှန် ၂၂၉ ခေါက် ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့ တနိုင်းချောင်းအတွင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးများ လွှတ်ပေးနေကြစဉ်။

မြို့နယ်(ပြန်/ဆက်)



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဥတ္တရသီရိမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဧပြီ ၁၈

**နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ဧပြီ ၁၇ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စု များအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။

ရှေးဦးစွာ နန်ချွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နန်ချွန်ကျေးရွာရှိ နေအိမ် ၄၆လုံးအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုး စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၃၆၄၈၀၀ နှင့် တစ်အိမ်ထောင်လျှင် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၉၂၀၀၀၀ ကိုလည်းကောင်း။

ငန်းစပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ငန်းစပ်ကျေးရွာ၊ ဇလောင်းတောင်ကျေးရွာနှင့် ဇလောင်းမြောက်ကျေးရွာမှ နေအိမ် ၂၉ လုံးအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်စရိတ်နှင့် ကယ်ဆယ်ရေး ပစ္စည်း ၁၁ မျိုး စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၀၁၄၂၀၀နှင့် နေပြည်တော် ကောင်စီက တစ်အိမ်ထောင်လျှင် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၅၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် နန်ချွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အမိုးလန်ခြင်းအတွက် ပြင်ဆင်စရိတ်အလှူငွေ နှစ်သိန်းခွဲကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ဆရာတော်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် သဲကျွန်းကျေးရွာ ဓမ္မာရုံတွင် မင်းကုန်းကျေးရွာ၊ ဖောင်းလောင်ကျေးရွာ၊ အောင်ချမ်းသာ ကျေးရွာများမှ နေအိမ် ၁၅ လုံး၊ တောင်ညိုကျေးရွာ အုပ်စုရှိ အောင်ချမ်းသာကျေးရွာမှ နေအိမ် တစ်လုံးနှင့် ရွှေနံ့သာရပ်ကွက် ဓမ္မာရုံတွင် ရွှေနံ့သာရပ်ကွက်ရှိ နေအိမ် ရှစ်လုံးအတွက် နေပြည်တော် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ ထောက်ပံ့ငွေ၊ အိမ်ဆောက်စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုး စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၆၅၃၀၀ နှင့် နေပြည်တော်ကောင်စီက တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၄၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဥတ္တရသီရိမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၅၂ လုံး၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ စာသင်ကျောင်း ငါးကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး ကျန်ရှိနေသေးသည့် ကျေးရွာများကိုလည်း ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ် ကညင်ချောင်းကြီးကျေးရွာတွင် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးအုန်းပင်စုကျေးရွာအုပ်စု ကညင်ချောင်းကြီးကျေးရွာတွင် (၃၆)ကြိမ်မြောက်အဖြစ် သက်ကြီးဘိုးဘွားပူဇော်ပွဲကို (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်က ကညင်ချောင်းကြီးကျေးရွာ ချောင်းလယ်ဘုန်းတော်ကြီးကျောင်းအောက်ထပ်၌ ကျင်းပသည်။

ယင်း သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ငါးဦးနှင့် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၇၇ ဦး စုစုပေါင်း သက်ကြီးဘိုးဘွား ၈၂ ဦးတို့အား ပူဇော်ပွဲကျင်းပရေးကော်မတီနှင့် ကညင်ချောင်းကြီး ကျေးရွာသူ၊ ကျေးရွာသားများက ဘိုးဘွားတစ်ဦးလျှင် လှူဒါန်းငွေနှင့် အသုံးအဆောင်များ ပေးအပ်လှူဒါန်းကန်တော့ကြသည်။

အဆိုပါ သက်ကြီးဘိုးဘွားပူဇော်ပွဲ အပြီးတွင် ကညင်ချောင်းကြီး မြစ်ပြင်ကျယ်နှင့် ကညင်ချောင်းလယ်ယာကွင်းပြင်တို့တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲနှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲများ ကျင်းပကြသည်။ **မော်ကျွန်း-မြင့်အောင်**

# ကြိမ်မြောင်းကျေးရွာတွင် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေး

**စလင်း ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇရပ်လှကျေးရွာအုပ်စု ကြိမ်မြောင်းကျေးရွာသည် စလင်းမြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၂၈၃ ဦး နေထိုင်လျက်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။

အဆိုပါကျေးရွာတွင် ၁၉၇၈-၁၉၇၉ ဘဏ္ဍာနှစ် မကွေးစက်မှု (၂)တိုင်းရုံးမှ စက်ရေတွင်း ရေစုကန်နှင့် အင်ဂျင်လေမှုတ်စက်တို့တပ်ဆင်ပေးခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် နယ်သာလန်နိုင်ငံ အလှူရှင်များက ပေ ၄၀ အမြင့်ရှိ စင်မြင့်ရေစင်တစ်ခု၊ Petter Engine နှင့် Mono ပန့်အား ပြောင်းလဲတပ်ဆင် လှူဒါန်းပေးခဲ့သည်။ **(ယာပုံ)**

၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် စက်မောင်းဆီ၈ ကောက်ခံ၍ မရခြင်း၊ လက်နှိပ်တုံကင်တွင်းများ ပေါ်ပေါက်လာခြင်းတို့ကြောင့် ယင်းစက်ရေတွင်းကို မောင်းနှင်သုံးစွဲခြင်းမပြုကြတော့ပေ။ ထိုသို့သုံးစွဲခြင်းမပြုခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ကြာမြင့်နေပြီဖြစ်၍ ယင်းစက်ရေတွင်းကို ပြုပြင်၍ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က လွှတ်တော်တွင်ကြယ်ပွင့်ပြ မေးခွန်းဖြင့် တင်ပြတောင်းခံခဲ့သည်။

ထိုသို့တောင်းခံခဲ့မှုကြောင့် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြိမ်မြောင်းကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လေးလက်မခွဲ အနက်ပေ ၃၀၀ ရှိသော စက်ရေတွင်း တစ်တွင်းကို ၂၀၁၈ ခုခြောက်လ ဘဏ္ဍာနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွမ်းမံရန်ပုံငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

စက်ရေတွင်းတူးဖော်ပေးခဲ့သော်လည်း ကျေးရွာနေပြည်သူများက ယင်းစက်ရေတွင်းသို့ ရေသွားရောက်ခပ်ယူရခြင်း၊ အချိန်ကုန် လူပင်ပန်းခြင်းများဖြစ်ပေါ်နေရသည့်အတွက် အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ဆောင်ရွက်ပေးပါရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ တင်ပြတောင်းခံခဲ့ကြောင်း ကျေးရွာရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်အောင်က ပြောသည်။

ထိုသို့တင်ပြတောင်းခံမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၅ ဒသမ ၉ သန်းဖြင့် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး ရေမီတာစနစ်ဖြင့် ဆောင်ရွက်ခြင်း လုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းအားလုံးပြီးစီး၍ သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက ပြောသည်။



**ငြိမ်းသူ(စလင်း)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်းမိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြင့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေရှိရပါမည်)။
- ကန်ရေ အပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဆန်ကြောင့် ဂယက်ရိုက်သွားရတဲ့ နှစ်သစ်ကူးနေ့ရက်များ

● ခင်ရတနာ

**သင်္ကြန်ရက်တွေ ကုန်ဆုံးပြီးသွားလို့ နွေစပါးတွေလည်း မကြာမီ ရိတ်သိမ်းရတော့မယ့် အချိန်ရောက်လာပါပြီ။ ဒီလိုရက်မှာ မြန်မာ့ဆန်တွေကို အိုင်ဗရီကို့စ်နိုင်ငံ မှာ ကျန်းမာရေးနဲ့မညီညွတ်ဘဲ အန္တရာယ်ရှိတဲ့အတွက် ဖျက်ဆီးခြင်းခံရတယ်ဆိုတဲ့ သတင်းကြောင့် တောင်သူများ၊ ကုန်သည်များနဲ့ သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ အာဏာပိုင်များအားလုံးအပါအဝင် မြန်မာပြည်သူတွေလည်း စိုးရိမ်ပူပန်ခဲ့ရတယ်။ ဥရောပသမဂ္ဂ (အီးယူ) လို နိုင်ငံတွေကိုတောင် တင်ပို့နိုင်ပြီး အဆင်ပြေခဲ့တဲ့ မြန်မာ့ဆန်တွေဟာ ဘယ်လိုကြောင့်များ အာဖရိကနိုင်ငံတွေမှာ အခုလို အဖြစ်ဆိုးနဲ့ ကြုံရသလဲဆိုတာသိနိုင်အောင် အားလုံးကလည်း စိတ်ဝင်စားနေကြပါတယ်။**

### ကျန်းမာရေးနဲ့ မညီညွတ်တဲ့ဆန်တွေတဲ့

အိုင်ဗရီကို့စ်နိုင်ငံရဲ့ အစိုးရကနေ သူတို့နိုင်ငံထဲကို တင်သွင်းရောက်ရှိလာခဲ့တဲ့ မြန်မာ့ဆန် တန်ချိန်ပေါင်း ၁၈၀၀၀ ခန့်ကို အန္တရာယ်ရှိတဲ့ စားသောက်ကုန်အဖြစ် သတ်မှတ်ခဲ့ပြီး ဖျက်ဆီးပစ်ခဲ့တယ်လို့ နိုင်ငံတကာ သတင်းစာမျက်နှာတွေမှာ မြင်တွေ့ရပါတယ်။ "သတင်းက အမှန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်ကနေ အချက်အလက် ပိုမိုပြည့်ပြည့်စုံစုံနဲ့ တိတိကျကျ ဖြေရှင်းထုတ်ပြန်ပေးသွားဖို့ ရှိပါတယ်။ လက်ရှိမှာ ဖြစ်စဉ်ကိုလည်း အသေအချာ စုံစမ်းဖော်ထုတ်နေပါတယ်" လို့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

မြန်မာ့ဆန်တွေ အန္တရာယ်ရှိတယ်ဆိုပြီး တိုင်းတစ်ပါးမှာ ဖျက်ဆီးခံရမှုက မြန်မာ့ဆန် ပြည်ပတင်ပို့မှုဈေးကွက်ကို များစွာ ဂယက်ရိုက်စေရုံမျှမကဘဲ ပြည်ပဈေးကွက်ကို အားထားနေကြရတဲ့ မြန်မာ့သီးနှံဈေးကွက်၊ ရေထွက်ကုန်ဈေးကွက်စတဲ့ ပို့ကုန်ဈေးကွက်ကြီးတစ်ခုလုံးကို အနည်းနှင့်အများ ထိခိုက်သွားစေနိုင်တဲ့အထိ ရိုက်ချက်ပြင်းတယ်လို့ စီးပွားရေးလုပ်ငန်းရှင်များကလည်း ပြောကြားပါတယ်။

### အိုင်ဗရီကို့စ်ရောက် မြန်မာ့ဆန်များ၏ခရီးအစ

"ဒီဆန်တွေက ၂၀၁၈ အောက်တိုဘာလကတည်းက သင်္ဘောတင်သွားခဲ့တာ။ စင်ကာပူကနေတစ်ဆင့် အာဖရိကနိုင်ငံတွေဆီကို တင်ပို့တာဖြစ်ပါတယ်။ တင်ပို့တဲ့ပမာဏက တန်ချိန် ၂၂၀၀၀ ခန့်ဖြစ်ပါတယ်။ ဒါပေမယ့် တန်ချိန် ၄၀၀၀ လောက်အရောက်မှာ အပယ်ခံရတယ်။ ဂါနာ၊ ဂီနီနဲ့ တိုဂိုနိုင်ငံတွေကို ဆက်ပြီးပို့တယ်။ အဲဒီနိုင်ငံတွေမှာလည်း အပယ်ခံရတယ်။ ဒါကြောင့် ကုမ္ပဏီက မြန်မာနိုင်ငံက တင်ပို့သူတွေနဲ့လည်း ချိတ်ဆက်ပြီး တန်ချိန် ၁၈၀၀၀ ကို ပြန်သယ်ချင်တယ်လို့ ပြောခဲ့တယ်။ ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဘက်ကလည်း ပြန်သယ်ယူဖို့ကို အခုနှစ် မတ်လမှာ ခွင့်ပြုခဲ့ပါတယ်"လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က မြန်မာ့အလင်းရဲ့ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပါတယ်။

မြန်မာ့ဆန် အရည်အသွေးနဲ့ စံချိန်စံညွှန်းကိစ္စရပ်များကို နိုင်ငံတကာအဆင့်အတန်းပြည့်မီစေဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ဆန်စပါးအသင်းအဖွဲ့တွေအားလုံး စုစည်းဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားကို တင်ပို့တဲ့ ဆန်တွေက ပြည်တွင်းစားသုံးတဲ့ ဆန်နဲ့တော့ သိပ်မတူညီဘဲ အများစုကတော့ ၂၅ မှတ်လို့ခေါ်တဲ့ ဆန်အကျိုးအကြေ ၂၅ ရာခိုင်နှုန်းပါတဲ့ ဆန်တွေဖြစ်ပါတယ်။ အောက်တိုဘာလအတွင်းက သင်္ဘောတင်တဲ့ ဆန်ဟာ ခြောက်လကြာပြီးတဲ့ အချိန်အထိ သင်္ဘောပေါ်မှာရှိနေခဲ့ရတဲ့အတွက် ဆန်ရဲ့အရည်အသွေးဟာ အနည်းနဲ့အများဆိုသလို ပျက်စီးနိုင်တယ်လို့လည်း ဆန်လုပ်ငန်းရှင်တွေက သုံးသပ်ပါတယ်။ သို့သော် ဝန်ကြီးဌာနရဲ့ တာဝန်ရှိသူ ပြောကြားချက်အရ ဆန်တွေကို စပို့ပြီးတဲ့အချိန်ကတည်းက ငြင်းပယ်ခံရတယ်ဆိုတဲ့ အချက်က ဖျက်ဆီးခြင်းခံရတဲ့အချက်ထက် ပိုပြီး အရေးတကြီး ဖြေရှင်းရမယ့် ကိစ္စဖြစ်တယ်လို့လည်း ကျွမ်းကျင်သူတွေက အကြံပြုပါတယ်။



ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်မည့်ဆန်အိတ်များကို ရန်ကုန်ဆိပ်ကမ်း၌ လုပ်သားများ သယ်ယူနေစဉ်။
ဓာတ်ပုံ-သန်းစိုး

### ဆန်အရည်အသွေးမပြည့်မီလို့ ငြင်းခံရရင်

ပြည်ပကိုတင်ပို့တဲ့ ဆန်တွေ အရည်အသွေးမပြည့်မီလို့ ငြင်းပယ်ခံရရင်တင်ပို့တဲ့ ကုမ္ပဏီနဲ့ အရည်အသွေးစစ်ဆေးတဲ့အဖွဲ့ကို ဝန်ကြီးဌာနကနေ ပြင်းထန်စွာအရေးယူပေးဖို့ လိုအပ်တယ်ဆိုပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များ အသင်းချုပ်နာယက ဦးချစ်ခိုင်က သူ့ရဲ့ လူမှုကွန်ရက်မှာ ရေးသားထားပါတယ်။

ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကတော့ အသင်းချုပ်အနေနဲ့ မြန်မာ့ဆန်အရည်အသွေး စံချိန်စံညွှန်းကိစ္စကို နိုင်ငံတကာအဆင့်မီစေဖို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်ပတင်ပို့သူတွေနဲ့ သင်္ဘောမတင်မီနဲ့ သင်္ဘောတင်စဉ်မှာ စစ်ဆေးရတဲ့ Third Party Inspection Agency ကလည်း ထိရောက်စွာနဲ့ တိကျစွာ အရည်အသွေးပိုင်းကို စီမံသွားဖို့အတွက် နည်းလမ်းတွေ ရှာဖွေလုပ်ကိုင်သွားမှာဖြစ်ပြီး ကြားခံကုန်သည် Trader တွေကို ရောင်းချရတဲ့အခါ အခုလိုပြဿနာတွေ ပေါ်ပေါက်ရတဲ့အတွက် တိုက်ရိုက် end buyer တွေအထိ ချိတ်ဆက်ရောင်းချနိုင်တဲ့ အစီအစဉ်တွေနဲ့ G to G ရောင်းချမှု အစီအစဉ်တွေ စီစဉ်ရန် လိုအပ်နေတဲ့အကြောင်းကို သူ့ရဲ့လူမှုကွန်ရက်ကနေ တစ်ဆင့် ရေးသားထားပါတယ်။

"စစ်ဆေးတာကလည်း သူ့အဖွဲ့နဲ့သူ စစ်တာပါ။ သင်္ဘောတင်တဲ့အချိန်မှာ မိုးမိတယ်လို့လည်းကြားတယ်။ ပုံတွေမှာ မြင်ရတဲ့အတိုင်းဆိုရင် ခဲနေတာတွေ အများကြီးတွေ့ရတယ်။ ပြောရရင် ဝယ်တဲ့အချိန်မှာ ဈေးကမြင့်ပြီး ဝယ်ပြီးတဲ့အချိန်မှာ ဆန်ဈေးက ကျသွားတာလည်း ပါမယ်ထင်တယ်။ အဓိကကတော့ ကုန်သည်နဲ့ သက်ဆိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက်ကတော့ တိုက်ရိုက်တင်ပို့လို့မရဘဲ အခုလို တစ်ဆင့်ခံပွဲစားကုန်သည်နဲ့ခံပြီး တင်ပို့နေရသရွေ့ ဒီလိုပြဿနာတွေ ကြုံနေရဦးမှာပဲ။ ပွဲစားတွေက သူတို့အတွက် ကြိုက်ဈေးမရမချင်း သင်္ဘောပေါ်တင်ပြီး လည်ရောင်းသလို ဖြစ်နေတယ်။ အရည်အသွေးမကောင်းတာကျမှ ကိုယ့်နိုင်ငံက နာမည်ထွက်လာရတယ်"လို့ ဆန်လုပ်ငန်းရှင်တစ်ဦးကလည်း ထောက်ပြပါတယ်။

### ပြိုင်ဆိုင်မှုပြင်းထန်ခြင်းနဲ့ ဈေးကွက်တိုက်ရိုက်ရရှိမှု အားနည်းခြင်း

အာဖရိကဈေးကွက်က ယှဉ်ပြိုင်မှု ပြင်းထန်ပြီး အာရှမှ ဆန်တင်သွင်းသူများကလည်း အကြီးအကျယ်ပြိုင်ဆိုင်လေ့ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံအပြင် ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်စတဲ့ ဆန်အပြိုင်အဆိုင် ဈေးကွက်တွေကနေ တင်သွင်းကြတာ ဖြစ်တယ်လို့ သိရပါတယ်။

"ပထမအစီအစဉ်က သူတို့ကနေ ပြန်သယ်မယ်ဆိုတော့ ကျွန်တော်တို့ဘက်က လက်ခံတယ်။ ဆန်တွေ ပြန်ရောက်လာခဲ့ရင် ဒါတွေကို စိစစ်မယ်။ ဘာကြောင့် အခုလို ငြင်းပယ်ခံရတယ်ဆိုတာကို အဖြေရှာမယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ အသင်းချုပ်နဲ့ရော၊ စစ်ဆေးတင်ပို့တဲ့အဖွဲ့တွေနဲ့ရော အားလုံးတွေ့ဆုံပြီး အဖြေမှန်ကို ဖော်ထုတ်သွားမယ်ဆိုပြီး ရည်ရွယ်ထားတာပါ။ ဒါပေမယ့် ကုမ္ပဏီဘက်က အကြောင်းကြားလာတယ်။ မြန်မာနိုင်ငံကို ပြန်မသယ်တော့ဘူး။ အိုင်ဗရီကို့စ်မှာ ချမယ်ဆိုပြီး ဖြစ်လာတယ်။ ဒီနေ့မနက်ပဲ အဲဒီနိုင်ငံမှာလည်း ဆန်တွေကို ဖျက်ဆီးတယ်ဆိုတဲ့ သတင်းကို သိရှိရတော့တာပဲ" လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဒုတိယအမြဲတမ်းအတွင်းဝန်က ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ရှင်းပြပါတယ်။

မြန်မာနိုင်ငံကနေ ဆန်တင်ပို့ရောင်းချတဲ့အခါ FOB စနစ်နဲ့ အဓိကရောင်းချပြီး ရန်ကုန်ဆိပ်ကမ်းကနေ ပင်လယ်ကူးသင်္ဘောကြီးတွေပေါ် အရောက်တင်ပို့တဲ့စနစ်နဲ့ အရောင်းအဝယ် ပြုလုပ်ကြတာဖြစ်ပါတယ်။ ဆန်မှမဟုတ်ပါဘူး။ အခြားဒေသထွက်ကုန်တွေကိုလည်း ဒီလိုစနစ်နဲ့ အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ ဒါကြောင့် မြန်မာ့ဆန်ဖြစ်ပေမယ့် မြန်မာတွေပိုင်ဆိုင်ပြီး မြန်မာတွေက ကိုယ်တိုင်အာမခံ ရောင်းချရတဲ့ စနစ်မျိုးတော့ မဟုတ်ပါဘူး။ တစ်ဆင့်ခံဝယ်ယူသွားကြတဲ့ အဝယ်တော် သို့မဟုတ် ကုန်သည်ပွဲစားတွေဟာ သင်္ဘောပေါ်တင်သွားကြပြီး သက်ဆိုင်တဲ့ အချိတ်အဆက်ရှိတဲ့ နိုင်ငံတွေဆီမှာ တစ်ဆင့်ပြန်လည်ရောင်းချကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် သင်္ဘောပေါ်မှာ ကုန်ချက်ချင်းမချနိုင်တဲ့အခါ ကြာမြင့်စွာ သိုလှောင်မှု ဖြစ်တာ၊ အစိုဓာတ်တွေ ဖြစ်တာနဲ့ အရည်အသွေးတွေ ပျက်စီးတာ၊ ကျဆင်းတာတွေလည်း ဖြစ်နိုင်တယ်လို့ သိရပါတယ်။

### ဘာကြောင့်ငြင်းပယ်ခံရတာလဲဆိုတာ စစ်ဆေးမယ်

"ကျွန်တော်တို့ အခုလုပ်ရမယ့်အလုပ်က ဘာကြောင့် အာဖရိကနိုင်ငံတွေကနေ မြန်မာ့ဆန်ကို ငြင်းပယ်ခံရသလဲဆိုတာကို အရင်ဆုံး စိစစ်ပြီး အဖြေရှာမယ်။ ပြီးရင် နောက်ထပ်ဒါမျိုးလုံးဝထပ်မဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်" လို့ ဒုတိယအမြဲတမ်းအတွင်းဝန်က ဆိုပါတယ်။

၁၉၄၀ ပြည့်နှစ်များက မြန်မာ့ဆန်တွေ ကမ္ဘာအနှံ့ တင်ပို့နိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တဲ့ အတိတ်ရှိခဲ့သလို ၁၉၉၄ ခုနှစ်က ယခုလိုပဲ မြန်မာ့ဆန်တွေ အရည်အသွေးမမီဘူးလို့ စွပ်စွဲခံရတာလည်း ရှိခဲ့ဖူးပါတယ်။ ဆန်အရည်အသွေး အားနည်းချက်၊ သင်္ဘောတင်စဉ် အမှားအယွင်း၊ တိုက်ရိုက်ရောင်းချနိုင်တဲ့စနစ် အသုံးပြုပြီး တစ်နိုင်ငံချင်းနဲ့ ကုန်သွယ်မှုတိုက်ရိုက်ပြုလုပ်နိုင်မှုမရှိတဲ့ အားနည်းချက် စသည်ဖြင့် အချက်အလက်များစွာရှိနိုင်ပြီး ရင်ဆိုင်ဖြေရှင်းကာ မြန်မာ့ပို့ကုန်ရဲ့အခန်းကဏ္ဍကို ပြန်လည်မြှင့်တင်ရန်လည်း အမြန်ဆုံးလိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

"အစိုးရပိုင်းနဲ့ ဝန်ကြီးဌာနပိုင်းက ပိုပြီးအားစိုက်ပြီးတော့ ဆောင်ရွက်ရမှာကတော့ ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ ကုန်သွယ်မှုကို ပိုမိုပြီးတော့ ထိုးဖောက်ပေးဖို့ လိုအပ်နေတယ်လို့ မြင်ပါတယ်။ လက်ရှိအခြေအနေမှာ နည်းနည်းလေး အားထပ်ဖြည့်ဖို့လိုနေတယ်လို့မြင်ပါတယ်။ နောက်ပြီးတော့ နိုင်ငံတကာကို လွှတ်ထားတဲ့ စီးပွားရေးသံမှူးတွေရဲ့ စွမ်းဆောင်မှုတွေကို ပိုပြီးတော့ ထက်မြက်လာဖို့လိုတယ်လို့ မြင်မိပါတယ်။ နောက်ပြီးတော့ bilateral trade agreement တွေ များများရဖို့ လိုတယ်။ နောက်ပြီးတော့ သေချာတဲ့ Quota တွေ များများရဖို့ ပိုပြီးတော့ အားထုတ်ဖို့လိုတယ်" လို့ စီးပွားရေးပညာရှင် ဦးတင်ထွဋ်ဦးကလည်း လက်ရှိစီးပွားရေးကဏ္ဍအပေါ် သူ့အမြင်ကို ပြောကြားပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ မှတ်တမ်းတွေအရ ဆန်တင်ပို့မှုမှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် မတ် ၁ ရက်အထိ နိုင်ငံပေါင်း ၅၀ ကိုတင်ပို့ထားခဲ့ပြီး ဆန်မက်ထရစ်တန် ၁၈၂၂၈၂၂ ဒသမ ၁၄၂တန် တင်ပို့ထားခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာ နိုင်ငံပေါင်း ၂၅ နိုင်ငံကို တန်ချိန်ပေါင်း ၃၉၃၇၉၅ ဒသမ ၀၁၀ တန် တင်ပို့ထားခဲ့ပါတယ်။ နှစ်ခုပေါင်း ပို့ကုန် ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၃၀ ဒသမ ၄၄၀ ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုအနေနဲ့ မက်ထရစ်တန် ၁၁၁၀၉၇၂ ဒသမ ၅၇၂ တန်ရှိပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆၁ ဒသမ ၄၂၃ ရရှိထားပါတယ်။

မကြာမီမှာတော့ အစိုးရတာဝန်ရှိသူတွေ၊ အသင်းချုပ်နဲ့ ဆန်စပါးလောက က တာဝန်ရှိသူတွေကနေ လက်ရှိကြုံတွေ့နေရတဲ့ မြန်မာ့ဆန်တွေ ကျန်းမာရေးအတွက် အန္တရာယ်ရှိတဲ့ စားသုံးရန်မသင့်တဲ့ ကုန်စည်အဖြစ် ဖျက်ဆီးခံရတဲ့ကိစ္စရပ်ကို ဖြေရှင်းပြီး မြန်မာ့ပို့ကုန်ဈေးကွက်မှာ ကြုံရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

"အစွမ်းကုန် ကြိုးစားသွားရမှာပေါ့။ ကျွန်တော်တို့က တိုက်ရိုက်တစ်နိုင်ငံချင်း ရောင်းချနိုင်တဲ့ 'အား' နည်းနေတယ်။ ကျွန်တော်တို့ရဲ့ ပို့ကုန်တွေအပေါ်မှာ တိကျတဲ့ အာမခံချက်တွေ၊ မှတ်ကျောက်တင်နိုင်မှုတွေ အခုထက်ပိုပြီးလုပ်နိုင်မယ်ဆိုရင်၊ ခိုင်မာတဲ့ ဈေးကွက်ကိုလည်း ဖော်ဆောင်နိုင်မယ်ဆိုရင် ဒီလိုအဖြစ်မျိုးတွေ ထပ်မဖြစ်ဘူး"လို့ ပြည်တွင်းဆန်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဦးဝင်းနိုင်က ပြောပါတယ်။ "မြန်မာ့ဆန်တွေရဲ့ပြည်ပတင်ပို့မှု အနာဂတ် ဖြောင့်ဖြူးပါစေလို့ ဆုတောင်းတယ်။ မကြာခင်မှာ နွေစပါးတွေ ရိတ်သိမ်းရတော့မယ်"လို့ ဆက်ပြောရင်း သူ့ရဲ့ သက်ပြင်းရှိုက်သံကို ကြားလိုက်ရပါတယ်။ ။

**❑ မြန်မာ့ဆန်ဖြစ်ပေမယ့် မြန်မာတွေပိုင်ဆိုင်ပြီး မြန်မာတွေက ကိုယ်တိုင်အာမခံရောင်းချရတဲ့ စနစ်မျိုးတော့ မဟုတ်ပါဘူး။ တစ်ဆင့်ခံဝယ်ယူသွားကြတဲ့ အဝယ်တော် သို့မဟုတ် ကုန်သည်ပွဲစားတွေဟာ သင်္ဘောပေါ်တင်သွားကြပြီး သက်ဆိုင်တဲ့ အချိတ်အဆက်ရှိတဲ့ နိုင်ငံတွေဆီမှာ တစ်ဆင့်ပြန်လည်ရောင်းချကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် သင်္ဘောပေါ်မှာ ကုန်ချက်ချင်းမချနိုင်တဲ့အခါ ကြာမြင့်စွာ သိုလှောင်မှု ဖြစ်တာ၊ အစိုဓာတ်တွေဖြစ်တာနဲ့ အရည်အသွေးတွေ ပျက်စီးတာ၊ ကျဆင်းတာတွေလည်းဖြစ်နိုင်**


# မြောက်ဦးမြို့နှင့် ဘောင်းဒုတ်ကျေးရွာအနီးရှိ နယ်မြေခံတပ်ဌာနချုပ်များအား AA အဖွဲ့က ကျေးရွာအတွင်းမှ ဖြန့်ခွဲနေရာယူလျက် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း နယ်မြေခံတပ်ဌာနချုပ်များသို့ AA အဖွဲ့က မေ ၁၇ ရက် ညပိုင်းတွင် ဘောင်းဒုတ်ကျေးရွာအတွင်း ဖြန့်ခွဲနေရာယူလျက် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ AA အဖွဲ့က မေ ၁၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မြောက်ဦးမြို့နယ် ဘောင်းဒုတ်ကျေးရွာအနီးရှိ နယ်မြေခံတပ်ဌာနချုပ်၏ တောင်ဘက်သို့ ဘောင်းဒုတ်ကျေးရွာ စာသင်ကျောင်းနေရာမှ လည်းကောင်း၊ ည ၁၀ နာရီ မိနစ် ၄၀ ခန့်နှင့် ည ၁၁ နာရီ ၃၂ မိနစ်တို့တွင် တပ်ဌာနချုပ်၏ အရှေ့တောင်ဘက်သို့ လည်းကောင်း၊ ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဘောင်းဒုတ်ကျေးရွာနယ်မြေခံတပ် ဌာနချုပ်ရှိ လုံခြုံရေးဂိတ်ကင်း ၂ နေရာသို့ ဘောင်းဒုတ်ကျေးရွာအစပ်မှ လည်းကောင်း ကျေးရွာအတွင်း ဖြန့်ခွဲနေရာယူလျက် လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ မိမိဘက်မှ ပြန်လည်ပစ်ခတ်ခဲ့သဖြင့် ပစ်ခတ်မှုမှာ ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရပ်တန့်သွားခဲ့ကြောင်း။

အလားတူ AA အဖွဲ့က ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မြောက်ဦးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ ရန်ကုန် - စစ်တွေ ပြည်ထောင်စု ကားလမ်းမကြီးပေါ်မှ လာရောက်ပစ်ခတ်ခဲ့သည့်အတွက် မိမိဘက်မှ ပြန်လည်ပစ်ခတ်ခဲ့ရကြောင်း။




AA အဖွဲ့က တပ်ဌာနချုပ်များအား လာရောက်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်နေရာပြမြေပုံ



AA အဖွဲ့ နေရာယူပစ်ခတ်ခဲ့သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။

သို့ဖြစ်၍ ယနေ့မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘောင်းဒုတ်ကျေးရွာရှိ ဗုဒ္ဓနတ်တောင်ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ ရှေ့မှောက်၌ ကျေးရွာရပ်မိရပ်ဖများကို သွားရောက်တွေ့ဆုံ၍ AA အဖွဲ့အနေဖြင့် ကျေးရွာအတွင်းဝင်ရောက်၍ တပ်ဌာနချုပ်အား လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာ၌ AA အဖွဲ့အား လက်ခံခြင်း မပြုရန်၊ ကျေးရွာအနီးတစ်ဝိုက် AA အဖွဲ့နှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားပါက ဒေသခံပြည်သူများသာ ဒုက္ခများ တွေ့ကြုံရမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုကို အားပေးခြင်းမပြုရန်၊ ကျေးရွာ အတွင်းနှင့် အနီးတစ်ဝိုက်သို့ ရောက်ရှိလာပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများထံသို့ သတင်းပေးပို့ကြခြင်းဖြင့် မိမိတို့ မြို့၊ ရပ်ကွက်၊ ကျေးရွာ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်တို့အား စည်းရုံးဆွေးနွေးခဲ့ကြောင်း။

AA အဖွဲ့က မြို့၊ ကျေးရွာအနီးအနားရှိ တပ်ဌာနချုပ်များအား ချဉ်းကပ်တိုက်ခိုက်ရာတွင် မြို့၊ ရပ်ကွက်၊ ကျေးရွာများကို အကာအကွယ်ရယူတိုက်ခိုက်လျက်ရှိပြီး မိမိဘက်မှ ပြန်လည်ခုခံမှုအပေါ်တွင် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သကြၤန်ပိတ်ရက်အလွန် ဘုရင့်နောင်ကုန်စည်ဒိုင်ဖွင့်ရက် မတ်ပဲဈေးတက်၊ ကြက်သွန်နီဈေးအနည်းငယ်ကျ

**ရန်ကုန် မေ ၁၈**

သကြၤန်ပိတ်ရက်များအလွန်နှစ်ဆန်းနှစ်ရက်နေ့ မေ ၁၈ ရက်ကြာသပတေးနေ့တွင် မတ်ပဲဈေးနှုန်း မြင့်တက်လာသည်။ ယခင်နှစ်ကာလတူထက် ယခုနှစ် သကြၤန်အလွန် ဖွင့်ရက်တွင် ဝယ်သူအလာနည်း၍ ကြက်သွန်နီများ ပွဲရုံအတွင်းသို့သာ ချထားနေရခြင်းများကာ ဈေးနှုန်းအနည်းငယ်ကျလာသည်ဟု ရေတမာလမ်း ကြက်သွန်ပွဲရုံမှ သိရသည်။

သကြၤန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၇၅၉၅၀၀၊ SQ/RC တစ်တန် ငွေကျပ် ၈၉၉၅၀၀ နှုန်းရှိခဲ့သည်။ သကြၤန်ပိတ်ရက်အလွန် ကုန်စည်ဒိုင်ပြန်လည်ဖွင့်သည့် မေ ၁၈ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၇၈၆၀၀၀၊ မတ်ပဲ SQ/RC တစ်တန် ငွေကျပ် ၉၂၀၀၀၀ နှုန်းသို့ မြင့်တက်လာသည်။ ပြည်ပပို့ FOB ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်ထွက် မတ်ပဲ FAQ/RC ၅၃၀- ၅၅၀ ဒေါ်လာ၊ ၂၀၁၈ ခုနှစ်ထွက် ၅၂၀ - ၅၄၀ ဒေါ်လာနှုန်း၊ ၂၀၁၉ ခုနှစ်ထွက် မတ်ပဲ SQ/ RC ၆၃၀ - ၆၅၀ ဒေါ်လာ၊ ၂၀၁၈ ခုနှစ်ထွက် ၆၂၀ - ၆၄၀ ဒေါ်လာနှုန်းရှိပြီး သကြၤန်မတိုင်မီ ရက်ပိုင်းထက် ပဲတစ်တန်လျှင် ဒေါ်လာ ၂၀ ဈေးတက်လာသည်။

ပဲစင်းငုံမှာ ယခုရက်ပိုင်းဈေးနှုန်းမဖွင့်ဘဲ မေ ၉ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၈၃၈၀၀၀ နှုန်းရှိခဲ့သည်။ မေ ၁၈ ရက်ပြည်ပပို့ FOB ပဲတစ်တန်ဈေးမှာ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံ FAQ/RC ၆၄၀ - ၆၆၀ ဒေါ်လာ၊ ၂၀၁၈ ခုနှစ်ထွက် ၅၈၀ - ၆၀၀ ဒေါ်လာနှုန်းရှိရာ သကြၤန်ရက်မတိုင်မီထက် တစ်တန်လျှင် ၅ ဒေါ်လာဈေးတက်လာသည်ဟု ကုန်စည်ဒိုင်နေ့စဉ်ဈေးနှုန်းဖော်ပြထားချက်များအရ သိရသည်။

သကြၤန်မတိုင်မီ မေ ၁၁ ရက်တွင် ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာ ၃၅၀- ၅၂၅ -၅၅၀ -၅၇၅ ကျပ်၊ တောင်တွင်း ၃၂၅ - ၅၀၀ - ၅၂၅ - ၅၂၅ ကျပ်၊ မြစ်သား ၄၅၀ - ၇၀၀ - ၈၀၀ - ၈၅၀ ကျပ်နှုန်းရှိခဲ့သည်။

မေ ၁၈ ရက်တွင်မူ ဆိပ်ဖြူလက်ကားတစ်ပိဿာ ၃၅၀ - ၄၇၅ - ၅၀၀ - ၅၂၅ ကျပ်၊ တောင်တွင်း ၃၅၀ - ၄၇၅ - ၅၂၅ - ၅၅၀ ကျပ်၊ မြစ်သား ၅၅၀- ၇၅၀- ၈၀၀ -၈၅၀ ကျပ်နှုန်းရှိသည်ဟု သိရသည်။

သကြၤန်မတိုင်မီ အာလူးဈေးနှုန်းသည် တစ်ပိဿာ ၅၀ ကျပ်အထိ ဈေးမြင့်တက်လာရာ OK အရွယ်အစားတစ်ပိဿာ ၇၂၀ ကျပ်အထိ ဈေးမြင့်တက်လာပြီး မေ ၁၈ ရက်တွင်လည်း ယင်းဈေးနှုန်းအတိုင်းရှိနေသည်။ မေ ၈ ရက်တွင် အာလူး OK တစ်ပိဿာ ၆၇၀ ကျပ်နှုန်းသာရှိခဲ့သည်။

သကြၤန်အတွင်း အလှူအတန်းလုပ်ရာတွင် အသုံးများသော မလိုင်ဝဲထန်းလျက်ဈေးနှုန်းမှာ မေ ၅ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၄၈၀ ရှိသော်လည်း မေ ၆ ရက်တွင် ၁၅၈၀ - ၁၆၀၀ ကျပ်နှုန်းသို့ ဈေးနှုန်းမြင့်တက်ခဲ့သည်။ သကြၤန်အလွန် အသုံးနည်းလာနိုင်ရာ ပုံမှန်ဈေးသို့ ပြန်လည်ကျဆင်းမည်ဟု အဝယ်တော်တစ်ဦးက ဈေးကွက်အခြေအနေအပေါ် သုံးသပ်ပြောဆိုသည်။

ညောင်ဦးဆေးခတ်ထန်းလျက်ထိပ်စတစ်ပိဿာ လက်ကားဈေး ငွေကျပ် ၁၇၀၀- ၁၉၀၀ ရှိနေသော်လည်း ပြည်တွင်းထွက်သကြားလက်ကားတစ်ပိဿာဈေးနှုန်း မှာ ငွေကျပ် ၁၀၈၀ နှုန်းသာရှိသည်။ သကြားရော ညောင်ဦးထန်းလျက်တစ်ပိဿာဈေးနှုန်းမှာ သကြၤန်မတိုင်မီအထိ ငွေကျပ် ၁၄၅၀ နှုန်းသာရှိသည်ဟု ထန်းလျက်ဈေးကွက်မှ သိရသည်။သကြၤန်အလွန်ပွဲရုံများစတင်ဖွင့်သည့် မေ ၁၈ ရက် နယ်ပြန်ခရီးလွန်နေသည့်အတွက် အလုပ်သမားများ တစ်ဝက်ပင်အလုပ်မဆင်းချိန် ပွဲရုံအများစုတွင် ဝယ်သူအလာနည်းပြီး ပွဲရုံအတွင်းသို့သာ နယ်မှတင်ပို့သော ကြက်သွန်၊ အာလူးအချသာရှိ၍ အလုပ်သမားအခက်အခဲမရှိဟု သိရသည်။

**ခင်ဆိုင်**

# စွန်ချောင်းရေလှောင်တမံမှ နွေစပါး လျာထားဧက ၂၀၀၀ မှ ဧက ၁၅၇၀ စိုက်ပျိုးပြီးဖြစ်

**မြို့သစ် မေ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ စွန်ချောင်းရေလှောင်တမံမှ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မိုးစပါး ဧက ၅၈၀၀ အတွက် ရေပေးဝေပြီး ရေဝင်ရောက်မှုနှင့်ရေလက်ကျန်ပမာဏ အရ နွေစပါး ဧက ၂၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ဧက ၁၅၇၀ စိုက်ပျိုးပြီးကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ချောင်းရေလှောင်တမံကို မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့မှ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တာဝန်ယူ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ မြို့သစ်မြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၇၀၀၀ ကို ဆည်ရေပေး ဝေစိုက်ပျိုးနိုင်ရန်ရည်ရွယ်ချက်ဖြင့် စွန်ချောင်းပေါ်တွင် အလျားပေ ၉၄၀၀၊ အမြင့် ၁၃၁ ပေနှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၀၇၂၀ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံတစ်ခု ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရွာသွန်းမှုနှင့် ရေဝင်ရောက်မှုများသဖြင့် ကန်ရေပြည့်အထိ ရေသိုလှောင်နိုင်ခဲ့ပြီး မြောင်းဆုံး မြောင်းဖျားအထိ အောင်မြင်စွာရေပေးဝေနိုင်ခဲ့ကြောင်း၊ စွန်ချောင်းရေလှောင်တမံမှ စိစစ်ဧက ၇၀၀၀ တွင် နှစ်စဉ်ပျှမ်းမျှ မိုးစပါးဧက ၇၁၂၅ ဧကအထိ တိုးချဲ့၍ စိုက်ပျိုးရေ၊ အောင်ရေပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက် ကန်တွင်းရေလက်ကျန်ပေါ်မူတည်၍ နှစ်စဉ်ပျှမ်းမျှ ဧက ၂၃၀၀ ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး၊ ဓာတ်ပုံ -ဆည်မြောင်း**



စွန်ချောင်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေကို တွေ့ရစဉ်။

# သဘာဝဘေးကြောင့်ပျက်စီးမှုများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် မေ ၁၄ရက်မှ ၁၇ရက်အထိ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် နေအိမ် ၇၁၀ နှင့် ဘာသာရေးအဆောက်အအုံ ၂၂ လုံး ထိခိုက်ပျက်စီးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးကြွေခြင်းတို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်၊ ပင်လည်ဘူး၊ ကနီ၊ ကသာ၊ အင်းတော်၊ ဝန်းသို၊ ဗန်းမောက်၊ ကောလင်း၊ ကျွန်းလှ၊ မော်လိုက်နှင့် တမူးမြို့နယ်တို့တွင် နေအိမ် ၄၈၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံ ၁၆ လုံး ပျက်စီးခဲ့သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မေ ၁၇ ရက်က လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့တွင် နေအိမ် ရှစ်လုံး ပြိုကျခဲ့ပြီး နေအိမ် ၂၃၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံ ခြောက်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

လေဘေးကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပစ္စည်းနှင့် ငွေသားစုစုပေါင်း ကျပ်သိန်း ၁၅၀ ကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းလည်း သိရသည်။

**မြန်မာ့အလင်း**

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း မေ ၁၇ ရက်ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်ခြင်းကြောင့် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာမှ လူနေအိမ် ၁၂ လုံး အမိုးလန်ခြင်းနှင့် ထရံများပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် ပုတီးကုန်းကျေးရွာတွင် နေအိမ်အမိုးလန် တစ်လုံး၊ ကုန်းသာကျေးရွာတွင် လူနေအိမ် ၁၀ လုံး အမိုးလန်ခြင်းနှင့် ထရံကွာခြင်း၊ တံတားဦးကျေးရွာတွင် လူနေအိမ် တစ်လုံး အမိုးလန်ခြင်းတို့ ဖြစ်ပွားပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အိုင်ဇောက်ကျေးရွာအုပ်စုအတွင်း မေ ၁၇ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် အိုင်ဇောက်ကျေးရွာ၊ ကြူချောင်းကျေးရွာ၊ ကန်ကြီးကုန်းကျေးရွာနှင့် ငွေးချောင်းကျေးရွာတို့တွင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းဆောင်များ အမိုးလန်ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ၊ နွားတင်းကုပ်များနှင့် မီးဖိုဆောင်များ ပြိုကျခြင်းနှင့် သွပ်အမိုးများလန်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး အိုင်ဇောက်ကျေးရွာအုပ်စု ငွေးချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင် ငါးခန်းတွဲ အနောက်ဆုံးအခန်းတွင် သွပ်မိုးဒိုင်းမြားများ ပျက်စီးသွားကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

**ဆီဆိုင်**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု နောင်လုံ(မြောက်)ကျေးရွာတွင် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းဆောင်နှင့် လူနေအိမ်အချို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နောင်လုံ(မြောက်)ကျေးရွာတွင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ လူနေအိမ် ၄၄ လုံးနှင့် တိကလိုင်ကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည်။



ဆီဆိုင်မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ ဓာတ်ပုံ - ခွန်ရဲထွေး(ဆီဆိုင်)

မေ ၁၈ ရက်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းအောင်တို့က နောင်လုံ (မြောက်) ကျေးရွာ ဘုန်းကြီးကျောင်းဇရပ်တွင် လေဘေးသင့် အိမ်ထောင်စု ၄၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ၄၅ ခုနှင့် ထောက်ပံ့ငွေကျပ် ၃၇၀၉၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



ရမည်းသင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။

**မကွေး**

မကွေးမြို့နယ် ဖိုးဝေးကျေးရွာနှင့် ဆူးပြစ်စမ်းကျေးရွာတို့တွင် မေ ၁၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဖိုးဝေးကျေးရွာတွင် နေအိမ် ၁၆ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆူးပြစ်စမ်းကျေးရွာတွင် နေအိမ် ၁၃ လုံးပျက်စီးခဲ့သည်။ ဖိုးဝေးကျေးရွာတွင် ပျက်စီးခဲ့သော ဘုန်းကြီးကျောင်းနှင့် အိမ်ထောင်စုများအတွက် ငွေကျပ် ၇၆၈၀၀၀နှင့် အိမ်ထောင်စု ၁၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးနှင့် အိမ်ထောင်စု တစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးကိုလည်းကောင်း၊ ဆူးပြစ်စမ်းကျေးရွာတွင် အိမ်ထောင်စု ၁၃ စုအတွက် ငွေကျပ် ၄၂၈၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးတို့ကို လည်းကောင်း ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ယနေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မကွေးခရိုင်(ပြန်/ဆက်)**

**ပေါက်**

ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၁၈ ရက်မွန်းလွဲပိုင်းက ပေါက်မြို့နယ် မျှားပိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လေဘေးသင့်အိမ်ထောင်စုများအတွက် ငွေနှင့် အိမ်အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မေ ၁၇ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပေါက်မြို့နယ်အတွင်း နေအိမ် ၉၉ လုံး အမိုးလန်ခြင်းနှင့် နေအိမ် လေးလုံး လဲပြိုမှုကြောင့် လေဘေးသင့်ဦးရေ ၅၀၈ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၅၅၆၆၈၀၀ နှင့် အိမ်အသုံးဆောင် ပစ္စည်းမျိုးစုံတို့ကို ပခုက္ကူခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်း၊ ပေါက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဌေးအောင်တို့က လေဘေးသင့်ပြည်သူတို့၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဉာဏ်တိုး(ပေါက်)**



နတ်မောက်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော စာသင်ကျောင်းကို တွေ့ရစဉ်။



မကွေးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။

## ကသာမြို့၌ သင်္ကြန်အကြတ်နေ့က ဖြစ်ပွားခဲ့သော လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ကသာ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဧပြီ ၁၅ ရက် အတာသင်္ကြန်အကြတ်နေ့ မွန်းလွဲ ၁နာရီခွဲက ဖြစ်ပွားခဲ့သော လူသတ်မှုနှင့်ပတ်သက်၍ ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းထွန်း ဦးစီးသောရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ CCTV မှတ်တမ်းအရ မသင်္ကာသူ ကသာမြို့ အမှတ် ၈ ရပ်ကွက်နေ မြင့်သူ၊ ဂျပု(ခ)ကျော်စွာထွန်း၊ ခင်ထွေး(ခ)မင်းထူးနှင့် ကျန်ကျောင်း(ခ)အောင်သူတို့ကို ခေါ်ယူစစ်မေးခဲ့ရာ သေဆုံးသူခိုင်ဇော်ထွန်းအား ဗဟိုရေကစားမဏ္ဍပ်ရှေ့၌ ရေပက်ကစားစဉ် စကားများရန်ဖြစ်ရာမှ တောင်းချပ်သောအပ်ဖြင့် ထိုးသတ်ခဲ့ကြောင်းဝန်ခံသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြင့်သူ၊ ဂျပု(ခ)ကျော်စွာထွန်း၊ ခင်ထွေး(ခ)မင်းထူးနှင့် ကျန်ကျောင်း(ခ)အောင်သူတို့ကို ကသာမြို့မရဲစခန်းက အရေးယူထားကြောင်းသိရသည်။

**လူအောင်(ကသာ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၈**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# MNL ပွဲစဉ် (၈) တွင် အသင်းကြီးအများစု အဝေးကွင်းပွဲကျပ်ကစားရမည်

**ရန်ကုန် မေ ၁၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ကို ယခုတစ်ပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအများစု အဝေးကွင်းပွဲ ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၈) အဖြစ် မေ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ရတနာပုံအသင်း၊ မေ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ မေ ၂၂ ရက်တွင် မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၇) အပြီးတွင် ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်း တို့က ၁၅ မှတ်စီ၊ ရတနာပုံအသင်းက ၁၄ မှတ်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းက ၁၃ မှတ်စီ၊ စစ်ကိုင်းအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ မကွေးအသင်းက လေးမှတ်၊ ဒဂုံအသင်းက သုံးမှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဧရာဝတီနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက် အသာကြောင့် ထိပ်ဆုံးနေရာတွင် ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းသည် ယခုရာသီတွင် ပုံစံကောင်းပြသနေသည့် အသင်းများနှင့် တွေ့ဆုံနေသောကြောင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အဝေးကွင်းဖြစ်သောကြောင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ ဇယားထိပ်ပိုင်းတွင် ဆက်လက်ရပ်တည်နိုင်ရန် နှစ်သင်းစလုံး အမှားခံ၍မရသလို ယင်းနှစ်သင်း၏ ပွဲကျပ်ကစားရမည့်အပေါ် အခွင့်အရေးယူနိုင်ရန် ရတနာပုံ၊ ရန်ကုန်နှင့် ဟံသာဝတီ အသင်းတို့လည်း ကြိုးစားဖွယ်ရှိနေသည်။ ရတနာပုံအသင်းသည် ဇယားအောက်ဆုံးမှ Chinland နှင့် တွေ့ဆုံနေသောကြောင့် နိုင်ပွဲဆက်ဖွယ်ရှိသလို ဟံသာဝတီအသင်းကလည်း အိမ်ကွင်းကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် ရလဒ်ဆိုးနေသည့် မကွေးအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ပြီးခဲ့သည့်ရာသီများတွင် အခက်တွေ့အောင် လုပ်နိုင်ခဲ့သောကြောင့် အာရုံစိုက် ကစားရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲမှာ အသင်းများအကြား အမှတ်ကွာဟမှု မရှိသောကြောင့် ပွဲစဉ်တစ်ခုပြီးတိုင်း အဆင့်ရပ်တည်မှုများ ပြောင်းလဲလျက်ရှိရာ နိုင်ပွဲဆက်မှသာ ဇယားထိပ်ပိုင်းသို့ ရောက်ရှိမည်ဖြစ်သည်။

**ညီမြတ်သော်တာ**




ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းမှ ကစားသမားတစ်ဦး။ ဓာတ်ပုံ- စိုးညွှန့်

# အကြိမ် (၁၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဝူရှူးအားကစားသမားများ စခန်းသွင်းလေ့ကျင့်

**ရန်ကုန် မေ ၁၈**

ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော မြန်မာဝူရှူး အားကစားသမားများသည် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၁၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အောင်မြင်မှုရရှိရန် ပဏာမရွေးချယ်ထားသော ဝူရှူးအားကစားသမားများ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမရွေးချယ်ထားတဲ့ ဝူရှူးကစားသမား၊ ဆန်ဆို၊ ထောက်လု ကစားသမား ၄၁ ဦးကို ဖေဖော်ဝါရီလက စခန်းသွင်း လေ့ကျင့်နေပါတယ်။ လေ့ကျင့်ချိန်က ဗုဒ္ဓဟူးနဲ့ တနင်္ဂနွေကလွဲလို့ ကျန်နေ့တွေမှာ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် တရုတ် နည်းပြနဲ့ လေ့ကျင့်ပါတယ်။ စခန်းသွင်းထားရာမှာ လက်ရွေးစင်ဟောင်းနဲ့ မျိုးဆက်သစ်တွေ လေ့ကျင့်တယ်။ မျိုးဆက်သစ် ကစားသမားတွေကလည်း နိုင်ငံတကာပြိုင်ပွဲတွေမှာ ဆုတံဆိပ်များ ရရှိထားတဲ့ သူတွေဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံမှာ ပူးတွဲလေ့ကျင့်မှုကို သုံးလလေ့ကျင့်ဖို့ ကြိုးစားစီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်ကပြောသည်။

" ဆီးဂိမ်းမှာ အိမ်ရှင်ဖိလစ်ပိုင်က ဆန်ဆိုနဲ့ ထောက်လုနှစ်ခုစလုံး ထည့်သွင်းကျင်းပပေးပါတယ်။ ဆန်ဆိုမှာ အမျိုးသား ဝိတ်တန်းငါးတန်း အမျိုးသမီး ဝိတ်တန်းမှာနှစ်တန်း၊ ထောက်လုမှာ အမျိုးသား ခုနစ်တန်း၊ အမျိုးသမီး နှစ်တန်း၊ ဝူရှူးကစားနည်း ရွှေတံဆိပ် ၁၆ ခု ထည့်သွင်းကျင်းပပေးထားပါတယ်။ ဒီဆီးဂိမ်းပြိုင်ပွဲမှာ အားသာချက် အားနည်းချက်တွေ ရှိပါတယ်။ အဲဒီအပေါ်မှာ အားသာချက်အပေါ်မှာ ဆုတံဆိပ်ရရှိအောင် ကြိုးစားဆောင်ရွက်ပြီး အစဉ်အလာကိုလည်း ဆက်ထိန်းသိမ်းဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အကြိမ် (၁၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာဝူရှူးအားကစားသမားများသည် ဆန်ဆို ပြိုင်ပွဲတွင် အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး၊ ထောက်လုပြိုင်ပွဲတွင် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲများတွင် ဆုတံဆိပ်များမျှော်မှန်းထားကြောင်းသိရသည်။ မြန်မာဝူရှူး အားကစားသမားများ၏ အဓိက ပြိုင်ဘက်များမှာ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဝူရှူးအားကစား အဖွဲ့ချုပ်သည် ၂၀၁၈ခုနှစ် နိုဝင်ဘာတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူး (ထောက်လု) အားကစား ပြိုင်ပွဲတွင် မြန်မာဝူရှူး ကစားသမားများ သည် ရွှေတစ်၊ ငွေနှစ်၊ ကြေးနှစ် ဆွတ်ခူးရရှိခဲ့သည်။

**အေးကေလင်း**




ဒုတိယအကြိမ် ကမ္ဘာ့ထောက်လု(ဝူရှူး)ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ငြိမ်းချမ်းကိုကို ယှဉ်ပြိုင်ခဲ့စဉ်။ ဓာတ်ပုံ - အာကာစိုး

○ ကျောဖုံးမှ

ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၈ နှစ်ကုန်ပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဒုတိယအဆင့် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများစွာ ကစားခဲ့သော်လည်း နိုင်ငံတကာပွဲအဖြစ် မတ်လဆန်းကကျင်းပသည့် ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် ရလဒ်ကောင်းများရရှိခဲ့ပြီး အာရှထိပ်သီးဂျပန် ယူ-၁၉ အသင်းကို သရေကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲကျင်းပမည့် မန္တလေးမြို့သို့ ကြိုတင်လေ့ကျင့်ရန် မသွားရောက်မီ အပြီးသတ် လူစာရင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (က) တွင် ဩစတြေးလျ၊ နီပေါ၊ ဥဇဘက်ကစ္စတန် အသင်းတို့နှင့် ကျရောက်နေသည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခု စီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ယူအီးအက်ဖ်အေချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ လီဗာပူးတို့ ဂိုးပြတ်အနိုင်ရ

## စပါးအသင်း အဝေးကွင်းဂိုး ရလဒ်ဖြင့်အကြိုဗိုလ်လုပွဲ တက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၈ ရက် ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက ပေါ်တိုကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး စပါးနှင့် မန်စီးတီးပွဲတွင် နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်လေးဂိုးစီဖြင့် အဝေးကွင်း ဂိုးစည်းမျဉ်းရလဒ်အရ စပါးအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

လီဗာပူးနှင့် ပေါ်တိုအသင်းသည် ပထမအကျော့ အင်္ဂလန်မြေတွင် အိမ်ရှင် လီဗာပူးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ယနေ့ပွဲတွင် ပေါ်တူဂီမြေ၌ ပွဲစခြင်း အိမ်ရှင်ပေါ်တိုအသင်း တိုက်စစ်မြှင့်ကာ ယှဉ်ပြိုင်ခဲ့ပြီး ပွဲချိန် ၂၆ မိနစ်တွင် မာနေးက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက်ပိုင်းတွင် ပေါ်တိုအသင်း ကစားအား ကျဆင်းခဲ့သည်။ ဒုတိယပိုင်း ၆၅မိနစ်တွင် ဆာလက်ချ်က လီဗာပူးအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး ပေါ်တိုအတွက် တစ်လုံးတည်းသော ချေပဂိုးကို မီလီတာအိုက ပွဲချိန် ၆၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။ လီဗာပူးအတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၇၇ မိနစ်တွင် ဖာမီနိုနှင့် ၈၄ မိနစ်တွင် ဗန်ဒိုက်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-တစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ လီဗာပူးအသင်းသည် ယူအီးအက်ဖ်အေချန်ပီယံလိဂ်အမည် မပြောင်းမီ ဥရောပဖလားအမည်ဖြင့် လေးကြိမ်ရရှိထားပြီး ချန်ပီယံလိဂ် အမည်ပြောင်းပြီးနောက်ပိုင်း၌ ၂၀၀၅ခုနှစ်တွင် တစ်ကြိမ်သာရရှိထားသည်။ လီဗာပူးအသင်းသည် ၂၀၀၅ နောက်ပိုင်းတွင် ဗိုလ်လုပွဲသို့ ၂၀၀၇နှင့် ၂၀၁၈ နှစ်ကြိမ် တက်ရောက်ခဲ့ပြီး ရှုံးနိမ့်ခဲ့ရသည်။ ၂၀၀၇တွင် အီတလီကလပ် အေစီမီလန်နှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ၂၀၁၈တွင် စပိန်ထိပ်သီးကလပ် လက်ရှိ သုံးနှစ်ဆက်တိုက် ချန်ပီယံ ရီးရဲမက်ဒရစ်နှင့် တွေ့ဆုံခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ နောက်တစ်ကြိမ် တက်ရောက်ရန် စပိန်ထိပ်သီးကလပ် ဘာစီလိုနာနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။




**လော်ရန်တီက စပါးအသင်းအတွက် တတိယမြောက်ဂိုး သွင်းယူစဉ်။**

ချန်ပီယံလိဂ် ကွားတားဖိုင်နယ် ဒုတိယအကျော့ အင်္ဂလန် နှစ်သင်းတွေ့ဆုံသည့် မန်စီးတီးနှင့် စပါးပွဲတွင် ပွဲစစချင်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲချိန် ၄ မိနစ်တွင် စတာလင်း၏ သွင်းဂိုးဖြင့် မန်စီးတီးဦးဆောင်ခဲ့ကာ ၇ မိနစ်တွင် ဆွန်ဟောင်မင်၏ သွင်းဂိုးကြောင့် စပါးတို့ ချေပဂိုးရရှိခဲ့သည်။ ပွဲချိန် ၁၀ မိနစ်တွင် ဆွန်ဟောင်မင်က စပါးအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူပေးခဲ့ပြီး တစ်မိနစ်သာခြားပြီး ပွဲချိန် ၁၁ မိနစ်တွင် ဘာနာဒိုဆေးလ်ဗားက မန်စီးတီးအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၁ မိနစ်တွင် စတာလင်းက မန်စီးတီးအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၉ မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် စတုတ္ထမြောက်ဂိုး သွင်းယူခဲ့ပြီး ၇၃ မိနစ်တွင် လော်ရန်တီက စပါးအတွက် တတိယမြောက်ဂိုး သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် အိမ်ရှင် မန်စီးတီးအသင်း လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရသော်လည်း ပထမအကျော့ စပါးအိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် စပါးအသင်း အနိုင်ရရှိထားသောကြောင့် နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်လေးဂိုးစီဖြင့် စပါးအသင်း အဝေးကွင်း ဂိုးရလဒ်ကြောင့် အကြို ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းပွဲသည် ပွဲချိန် ၁၁ မိနစ်အတွင်း တစ်ဖက် နှစ်ဂိုးစီနှင့် ပထမပိုင်းအပြီး နှစ်သင်းပေါင်း ငါးဂိုးထိ သွင်းယူနိုင်ခဲ့ကာ ပရိသတ်များအတွက်ရင်ခုန်စွာ စောင့်ကြည့်ခဲ့ရသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ စပါးအသင်းသည် အကြိုဗိုလ်လုပွဲတွင် နယ်သာလန်ကလပ် အေဂျက်စ်နှင့် တွေ့ဆုံမည်ဖြစ်ပြီး ပထမအကျော့ အကြိုဗိုလ်လုပွဲစဉ်များကို မေ ၁ ရက်တွင် စပါးနှင့် အေဂျက်စ်၊ မေ ၂ ရက်တွင် ဘာစီလိုနာနှင့် လီဗာပူးတို့ ယှဉ်ပြိုင် မည်ဖြစ်ပြီး ဒုတိယအကျော့ ပွဲစဉ်များကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ် ဖြစ်သည်။

**သီဟ**

# မူဆယ်မြို့တွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**မူဆယ် ဧပြီ ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့တွင် ငွေကျပ် ၁၁၅၆ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဧပြီ ၁၇ ရက် ည၇နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မူဆယ်မြို့နယ် ပန်ခန်းကျေးရွာတွင် နေထိုင်သည့် တင်မင်း (ခ) ဝင်းမင်း၏ နေအိမ်ဂိုဒေါင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဂိုဒေါင်အတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ပီပါအလုံး ၂၀ စုစုပေါင်း ဟိုက်ဒရိုဂရိုရစ်အက်စစ် ၃၂၀၀ လီတာ (ကာလတန်ဖိုးငွေကျပ် ၂၅၆ သိန်း)နှင့် အီသိုင်းအီသာပီပါ ၄၅ လုံး စုစုပေါင်း အီသိုင်းအီသာ ၇၂၀၀ လီတာ (ကာလတန်ဖိုးငွေကျပ်သိန်း ၉၀၀) စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၁၅၆ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ဂိုဒေါင်အတွင်းရှိ သံမှုတ်အိုးကြီးသုံးလုံးကို မူဆယ်-နမ့်ခမ်း လမ်းမကြီးအတိုင်း လားရှိုးမြို့သို့ သယ်ဆောင်သွားကြောင်းပေါ်ပေါက်သဖြင့် လိုက်လံရှာဖွေခဲ့ရာ ယင်းနေ့ ည ၇ နာရီခွဲတွင် မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ လမ်းမပေါ်၌ ယာဉ်မောင်း အောင်ဆန်း (ခ) ရမ်ဆန်းနှင့် ကျော်ကျော်(ခ)အလီတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ပေါ်မှ သံမှုတ်အိုးအကြီးတစ်လုံးနှင့် ယာဉ်မောင်း အောင်ကိုကို (ခ) ရှက်ဖီး မောင်းနှင်သည့် ယာဉ်ပေါ်မှ သံမှုတ်အိုးကြီး နှစ်လုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ မူဆယ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဇန်ရိုးထန်(မြန်/ဆက်)**





အောင်ဆန်း(ခ) ရမ်ဆန်း၊ ကျော်ကျော်(ခ)အလီ၊ အောင်ကိုကို(ခ) ရှက်ဖီးနှင့် တင်မင်း(ခ)ဝင်းမင်းတို့ လေးဦးအား သိမ်းဆည်းရမိသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၄-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန"
- ၉း၁၅ - "မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိသရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် သွပ်မိုးပရိယတ္တိစာသင်တိုက်၊ ပျော်ဘွယ်မြို့ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
- ၁၁း၃၅ - People Talk "ပို့ဆောင်မြန်ဆန်လွယ်ကူရေး မီးရထားလမ်းများ ပြုပြင်ပေး"
- ၁၂း၃၅ - အရှင်ဇနကာဘိဝံသချမ်းမြေ့ဆရာတော် သာသနာ့ဓဇသီရိပဝရဓမ္မာစရိယ သကျသီဟဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနစရိယ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကသဒ ဟောကြားတော်မူအပ်သော "ထာဝရငြိမ်းချမ်းရေးအခြေခံ သဘောတရား" တရားတော်

**ညပိုင်း**

- ၁၆း၃၅ - "မြွေဆိပ်ဖြေဆေး အဆင့်ဆင့်ထုတ်လုပ်ပုံ"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ခါးနာရောဂါအကြောင်း သိကောင်းစရာ"
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သစ္စာနန်းတော်" မြင့်မြတ်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၉း၂၀ - "ပုခက်လွှဲခွင့်မရခဲ့သောလက်"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန"

# ဒိုက်ဦးမြို့၌ တစ်သောင်းတန် ငွေစက္ကူအတုများလက်ဝယ်တွေ့ရှိမှုဖြင့် အမှုဖွင့်ခံရသူ အမျိုးသမီးအား အမှုမှအပြီးအပြတ်လွှတ်

**ဒိုက်ဦး ဧပြီ ၁၈**

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ရာမှ ပြန်လာစဉ် ငွေကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးထားခံရသူ နော်သောသွဲ့ထူးအား ဧပြီ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဒိုက်ဦးမြို့နယ်တရားရုံးမှအမှုမှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် လယ်ကြားမြောင်ကျေးရွာတွင် နေသူ နော်သောသွဲ့ထူးမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက စင်ကာပူနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် လုပ်အားခများကို စင်ကာပူနိုင်ငံရှိ MM Sharife Trader တွင် မြန်မာငွေဖြင့် လဲလှယ်လာခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်က အဆိုပါ ငွေကျပ်တစ်သောင်းတန် ၁၅၄ ရွက်မှာ အတုဖြစ်သည်ဟုဆိုကာ ဒိုက်ဦးမြို့မ ရဲစခန်းက (ပ) ၁၄၂၀ / ၂၀၁၈၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/ ၁၀၆ ဖြင့် အမှုဖွင့်အရေးယူခံခဲ့ရသည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ ဒိုက်ဦးမြို့နယ် တရားရုံးမှ စစ်ဆေးခဲ့ပြီး စွဲချက်မတင်သင့်ကြောင်း ဆုံးဖြတ်သဖြင့် ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) အရ တရားရှင်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပဲခူးခရိုင်တရားရုံးတွင် စွဲဆိုထားသော မြန်မာနိုင်ငံဗဟိုဘဏ်အက်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ကိုလည်း စွဲချက်မတင်သင့်ကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်**

# ပန်းတနော်မြို့နယ်၌ ယာဉ်တစ်စီးအရှိန်လွန်၍ တံတားအားဝင်တိုက်မိသဖြင့် ၂၁ ဦးဒဏ်ရာရ

**ပန်းတနော် ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ပုသိမ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီး ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီခွဲက တံတားကို ဝင်ရောက်တိုက်မိကာ ယာဉ်မောင်းအပါအဝင် ခရီးသည် ၂၁ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက ပုသိမ်မှ ရန်ကုန်သို့ ယာဉ်မောင်း ဘုန်းကျော်ထွန်း မောင်းနှင်လာသော 6B/----- ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် ၅၄/၆နှင့် ၅၄/၇ ကြားတွင် စတီယာရင်တိုက်ရေ့ပြုတ်ထွက်ကာ အရှိန်မထိန်းနိုင်ဘဲ အိုင်ဇောက်တံတားကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည် ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ရာသို့ ပန်းတနော်မြို့နယ် ရဲမှူးဝင်းသိန်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်လမ်းကြောင်းများ ရှင်းလင်းပေးပြီး လူနာများအား ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဘုန်းကျော်ထွန်းအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**

# မြစ်ကြီးနား၌ သင်္ကြန်ကာလအတွင်း တရားမဝင်သစ်များဖမ်းဆီးရမိ

**မြစ်ကြီးနား ဧပြီ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့သည် တရားမဝင်သစ်များ ခိုးထုတ်မှုအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဧပြီ ၁၃ ရက်မှ ၁၄ ရက်အထိ မြစ်ကြီးနားမြို့နယ် နောင်တောင်းကျေးရွာ တောစပ်အနီးတွင် အခြားသားသစ် ၉၀ ဒသမ ၅၂ တန်၊ နန်ကျင်-နောင်တောင်းကျေးရွာချင်းဆက်လမ်း နန်ကျင်ချောင်းဘေးတွင် အခြားသစ် ၄၅ ဒသမ ၉၈၂၀ တန်၊ ဝိုင်းမော်မြို့နယ် ရွှေညောင်ပင် - တာလောကြီး သွားကားလမ်း မိုင်တိုင် ၆ မိုင် ၄ ဖာလုံအနီးတွင် ၃၅ ပေါင်ဝင် မီးသွေးအိတ် ၁၂၀၀ (၁၄၉ ဒသမ ၃၃၀ တန်)၊ မိုင်းနားကျေးရွာအုပ်စု လဘန်ကျေးရွာ၏ အရှေ့ဘက်သုံးမိုင်ခန့် အကွာတွင် အခြားသစ်ခွဲသား ၂ ဒသမ ၀၂၅၆ တန် ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မိုးညှင်းမြို့နယ် လွိုင်မော်ကြိုးဝိုင်းအကွက်အမှတ် ၂၂ မှ အခြားသစ် ၄ ဒသမ ၁၉၄၀ တန်၊ မိုးညှင်းကြိုးပြင်တောအတွင်းမှ အခြားသားသစ် ၃ ဒသမ ၄၀၆ တန်၊ မော်ဟန်ကြိုးဝိုင်းအကွက်အမှတ် (၈) မှ ကျွန်းသစ်လုံး ရှစ်လုံး (၁ ဒသမ ၇၁၆၀ တန်)၊ မိုးကောင်းမြို့နယ် ဂေါ်ရီကျေးရွာအနီးမှ အခြားသားသစ် ၃ ဒသမ ၂၄၈ တန်၊ မြစ်ကြီးနား - တနိုင်းသွား ကားလမ်းအရှေ့ဘက် မရမ်းကထောင်ကျေးရွာအနီးမှ အခြားသားသစ် ၂ ဒသမ ၄၁၇ တန်၊ မံစီမြို့နယ် မောင်ထားလယ်ကွင်းအနောက်ဘက် လေးဖာလုံခန့်အကွာမှ ကျွန်းခွဲသား ၃ ဒသမ ၀၄၆၄ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ကျော်ထက် (မြစ်ကြီးနား)**

# စလင်းမြို့နယ်၌ အစာအဆိပ်သင့်မှု ဖြစ်

**စလင်း ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေတွင်းတူးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အလှူရှင်တို့က သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်၊ ပဲဟင်း၊ ညောင်ရွက်သုပ်တို့ဖြင့် ကျေးရွာနေပြည်သူများအား ကုသိုလ်ပြုကျွေးမွေးခဲ့ရာ ဧပြီ ၁၈ ရက် နံနက် ၈ နာရီခန့်တွင် အစာအဆိပ်သင့်ပြီး ဝမ်းလျှောဝမ်းပျက် ဖြစ်ပွားခဲ့သည်။

ဧပြီ ၁၈ ရက် မွန်းတည့် ၁၂ နာရီအထိ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၉၅ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ရာ ၎င်းတို့ အနက်မှ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၉ ဦးတို့အား ဆေးကုသပေးလျက်ရှိကာ ဝမ်းပျက်၊ ဝမ်းလျှောဆိုင်ရာ အသိပညာပေးခြင်းများကို သရက်တောတိုက်နယ်ဆေးရုံမှ ဒေါက်တာ ဒေါ်စုယဉ်နွယ်က ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၎င်းတို့သောက်သုံးလျက်ရှိသည့် ရေတွင်းရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆက်လက်ဖြစ်ပွားမှု မရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်လွင်(မြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၈**

သစ်တောဦးစီးဌာနမှ သင်္ကြန်ကာလအတွင်း တရားမဝင်သစ်ဖမ်းဆီးရေးကို ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ကချင်ပြည်နယ်တွင် ကျွန်းငါးတန်ခန့်၊ အခြား ၁၅၂ တန်ခန့်၊ ကယားပြည်နယ်တွင် ကျွန်းတစ်တန်ခန့်၊ သစ်မာ ၀ ဒသမ ၃၅၅၂ တန် ၊ ကရင်ပြည်နယ်တွင် အခြားသုံးတန်၊ ချင်းပြည်နယ် တွင် ကျွန်းတစ်တန်ခန့်၊ သစ်မာငါးတန်ခန့်၊ အခြားငါးတန်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျွန်း ၁၀၁ တန်ခန့်၊ သစ်မာ ၄၆ တန်ခန့်၊ အခြား ၆၇ တန်ခန့်၊ ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီး၊ ကျူးလွန်သူလေးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် သစ်မာခြောက်တန်ခန့်၊ အခြား ၁၄ တန်ခန့်၊ ပဲခူးတိုင်းဒေသကြီးတွင် ကျွန်း ၃၇ တန်ခန့် ၊ သစ်မာ ၁၂ တန်ခန့်၊ အခြား ၄၁ တန်ခန့်၊ ယာဉ်ခုနစ်စီး၊ ဆိုင်ကယ်တစ်စီး၊ ကျူးလွန်သူ ၁၅ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ကျွန်းသုံးတန်ခန့်၊ သစ်မာရှစ်တန်ခန့်၊ အခြား ၁၅ တန်ခန့်၊ ယာဉ်နှစ်စီး၊ ကျူးလွန်သူငါးဦး၊ မန္တလေး တိုင်းဒေသကြီးတွင် သစ်မာလေးတန်ခန့်၊ အခြား ၁၅ တန်ခန့်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ကျွန်းလေးတန်ခန့်၊ သစ်မာနှစ်တန်ခန့်၊ အခြား ၂၂ တန်ခန့်၊ ကျူးလွန်သူတစ်ဦး၊ မွန်ပြည်နယ်တွင် အခြားလေးတန်ခန့်၊ ရခိုင်ပြည်နယ်တွင် အခြား ၇၆ တန်ခန့်၊ ကျူးလွန်သူနှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျွန်းငါးတန်ခန့်၊ သစ်မာခုနစ်တန်ခန့်၊ အခြား ၂၆ တန်ခန့်၊ ယာဉ်တစ်စီး၊ ရှမ်းပြည်နယ်(တောင်)တွင် အခြားသုံးတန်ခန့်၊ ယာဉ်တစ်စီး၊ တရားခံနှစ်ဦး၊ ရှမ်းပြည်နယ် (မြောက်) တွင် ကျွန်း ၁၂၄ တန်ခန့်၊ သစ်မာ ၁၇ တန်ခန့်၊ အခြားလေးတန်ခန့်၊ ရှမ်းပြည်နယ် (အရှေ့)တွင် အခြားတစ်တန်ခန့်၊ ဧရာဝတီတိုင်းဒေသကြီးတွင် သစ်မာ ၀ ဒသမ ၅ တန်၊ အခြား ၄၂ တန်ခန့်၊ စုစုပေါင်း ကျွန်း ၂၇၉ ဒသမ ၇၉၉၅ တန်၊ သစ်မာ ၁၀၈ ဒသမ ၁၁၅၆ တန်၊ အခြား ၄၉၁ ဒသမ ၁၀၄၆ တန်၊ ယာဉ် ၁၂ စီး၊ ဆိုင်ကယ်နှစ်စီး၊ ပြစ်မှုကျူးလွန်သူ ၂၉ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

# ကျောက်ဆည်နှင့် အင်းတော်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၈**

မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာ အမှတ်(၇) ရပ်ကွက်နေ အောင်ဇော်ထွေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၉၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ည ၁၀နာရီခွဲတွင် နဘားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် မန္တလေး - မြစ်ကြီးနားသွားကားလမ်း နဘားလမ်းခွဲတွင် ဇော်မင်းဦး (ခ)ဇော်မင်းမောင်းနှင်လာသည့် VIGO မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက် ၆၆၀ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၆ ဒသမ ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ နှင့် ငွေကျပ် ၂၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် ဂျိုကိုဝီဒိုဒို အလားအလာကောင်းလျက်ရှိ

**ဂျကာတာ မေ ၁၈**

အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နေ့က သမ္မတရွေးကောက်ပွဲ ကျင်းပရာ မဲဆန္ဒရှင်ပေါင်း သန်း ၁၉၀ခန့်က တစ်နိုင်ငံလုံးရှိ မဲရုံပေါင်း ရှစ်သိန်းကျော်သို့ သွားရောက်မဲပေးခဲ့ကြောင်း သိရသည်။

ထိုနေ့မတိုင်မီတွင် ပြည်ပတွင်မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင် နှစ်သန်းခန့်သည် သက်ဆိုင်ရာ အင်ဒိုနီးရှားသံရုံးများသို့ သွားရောက်ကာ ကြိုတင်မဲများပေးခဲ့သည်။

ယခုရွေးကောက်ပွဲတွင် သမ္မတဂျိုကိုဝီဒိုဒို၊ ဒုတိယသမ္မတ မာအောရက်ဖ်အေမင်နှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာဘိုဝူဆူဘီရန်တိုနှင့် ဆန်ဒီရာဂါယူနိုတို့ အဓိကပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မဲရလဒ်အတိအကျကို မေလဆန်းပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရပြီး မဲအနိုင်ရရှိပြီး သမ္မတဖြစ်လာမည့်သူသည် အောက်တိုဘာလတွင် တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်ကာ လာမည့် ၂၀၂၄ ခုနှစ်အထိ ငါးနှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရသည် ရွေးကောက်ပွဲအဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်သိန်းခန့်တပ်ဖြန့်ချထားကြောင်းနှင့် မဲရုံများတွင်လည်း လုံခြုံရေးများတိုးမြှင့်ထားကြောင်း သိရသည်။

ကနဦးစစ်တမ်းများအရ လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုသည် ၎င်း၏ပြိုင်ဘက် ပရာဘိုဝူဆူဘီယန်တိုထက် ၁၀ ရာခိုင်နှုန်းခန့် အသာစီးရနေကြောင်း တွေ့ရသည်။ ဂျိုကိုဝီဒိုဒိုက နောက်ဆုံး မဲရလဒ်များကို စိတ်ရှည်ရှည်ဖြင့် စောင့်ကြည့်ကြရန်နှင့် စည်းလုံးညီညွတ်ကြရန် ဂျကာတာမြို့လယ်ရှိ သမိုင်းဝင် ဒီဂျကာတာ ပြဇာတ်ရုံအဆောက်အအုံတွင် ပြည်သူသို့ပန်ကြားခဲ့သည်။

လက်ရှိ သမ္မတဂျိုကိုဝီ ဒိုဒိုသည် ၎င်း၏ သမ္မတသက်တမ်း ငါးနှစ်အတွင်း နိုင်ငံအတွင်းပြုပြင်ရန် အရေးတကြီးလိုအပ်နေသော အခြေခံအဆောက်အအုံနှင့်ကျန်းမာရေးစောင့်ရှောက်မှုများကို လုပ်ဆောင်ပေးခဲ့သောကြောင့် နာမည်ကောင်းရနေသူဖြစ်သည်။

ပရိဘောဂလုပ်ငန်းမှ နိုင်ငံရေးလောကထဲဝင်ရောက်လာသူ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံရေးတွင် အစွန်းမရောက်ဘဲ အလယ်အလတ်ဝါဒီတစ်ဦးဖြစ်ကာ ၎င်း၏ပြိုင်ဘက် အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာဘိုဝူဆူဘီရန်တိုသည် နိုင်ငံရေးစိတ်ဓာတ်ပြင်းထန်သူတစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းသည် ၁၉၉၈ ခုနှစ်တွင် ဖြုတ်ချခံရသည့် အာဏာရှင်ဆူဟာတို၏ သမက်လည်းဖြစ်သည်။

ယမန်နေ့က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း နှစ်သောင်းရှိသည်။



အင်ဒိုနီးရှားလက်ရှိ သမ္မတ ဂျိုကိုဝီဒိုဒို မဲပေးနေစဉ်။

အင်ဒိုနီးရှားနိုင်ငံတွင် ငါးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသော လွှတ်တော်ရွေးကောက်ပွဲကိုလည်း ယမန်နေ့က သမ္မတ ရွေးကောက်ပွဲကျင်းပနေသည့်အချိန်တွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# စွမ်းအားပြင်း ထိပ်ဖူးတပ်လက်နက်သစ်စမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကြီးကြပ်

## မြောက်ကိုရီးယား၏ လက်နက်စမ်းသပ်မှုအပေါ် အမေရိကန်မှတ်ချက်ပြုပြောကြားခြင်း မရှိ

**ဝါရှင်တန် မေ ၁၈**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် စွမ်းအားပြင်း ထိပ်ဖူးတပ်ဆင်ထားသည့် မဟာဗျူဟာမြောက်လက်နက်သစ် စမ်းသပ်ပစ်ခတ်မှုကို ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာက မေ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

ဝါရှင်တန်နှင့်အတူပြုလုပ်ခဲ့သည့် နျူကလီးယားအရေးညှိနှိုင်းဆွေးနွေးမှု တစ်ခန်းရပ်သွားချိန်မှစတင်ကာ အဆိုပါလက်နက်မျိုးကို ပထမဆုံးအကြိမ် စမ်းသပ်ခြင်းဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား နျူကလီးယားအရေးထိပ်သီးဆွေးနွေးပွဲ သဘောတူညီချက် တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားခဲ့ပြီးနောက် ရက်သတ္တပတ်များစွာ အကြာတွင် ယင်းစမ်းသပ်မှုက တင်းမာမှုအခြေအနေများကို ဖော်ပြခဲ့သည်။

မေ ၁၇ ရက်တွင်ပြုလုပ်လိုက်သည့် စမ်းသပ်မှုသည် မတူညီသည့် ပစ်မှတ်အမျိုးမျိုးကို မတူညီသည့် နည်းလမ်းအမျိုးမျိုးဖြင့် ပစ်ခတ်သည့် စမ်းသပ်မှုဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့ပြီး ယင်းစမ်းသပ်မှုကို ခေါင်းဆောင်ကင်က ကြီးကြပ်ခဲ့သည်ဟု ဆိုထားသည်။

ခေါင်းဆောင်ကင်က ယင်းစမ်းသပ်အောင်မြင်မှုကို ပြည်သူ့တပ်ဖွဲ့၏ တိုက်ခိုက်ရေးစွမ်းအား တိုးတက်လာကြောင်း သိသာထင်ရှားသည့် အရေးကြီးအမှတ်အသားတစ်ခုအနေဖြင့် ဖော်ပြခဲ့သည်။ ထိပ်ဖူးတပ်ဆင်ထားသည့် ယင်းလက်နက်၏ အားသာချက်မှာ တစ်မူထူးခြားသော ပျံသန်းမှုပုံစံနှင့် စွမ်းအားပြင်း ထိပ်ဖူးပါရှိမှုတို့ဖြစ်ကြောင်း ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဖော်ပြသည်။

ထိန်းချုပ်နိုင်စွမ်းရှိပြီး လိုရာစေနိုင်သော လက်နက်တစ်ခုကို မြောက်ကိုရီးယားက စမ်းသပ်ခဲ့သည်ဟု နောက်ဆုံးကြေညာချက် ထွက်ပေါ်လာပြီးနောက် အမေရိကန်အစိုးရသည် မြောက်ကိုရီးယားနိုင်ငံ၏ ရည်မှန်းချက်များကို ဂရုတစိုက် လေ့လာနေပုံရှိကြောင်း နိုင်ငံတကာသတင်းတစ်ခုတွင် ဖော်ပြထားသည်။

အဆိုပါစမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ရှေ့မှောက်တွင် ကာကွယ်ရေးသိပ္ပံအကယ်ဒမီက စမ်းသပ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာတွင် သတင်းဖော်ပြထားသည်။

အဆိုပါစမ်းသပ်မှုကို ကျေနပ်အားရကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဖော်ပြခဲ့သည်။ အဆိုပါ လက်နက်သည် စွမ်းအားပြင်း စစ်လက်နက်တစ်ခုဖြစ်ကာ တာဝေးပစ်ဒုံးကျည်ကို ပစ်ချနိုင်စွမ်းရှိကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးဌာနမှ အမေရိကန်စစ်ဘက်က မည်သည့် ဒုံးကျည်စမ်းသပ်မှုမျိုးမှ သတိပြုမိခြင်းသို့မဟုတ် ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိကြောင်း စီအင်န်အင်န်သို့ ပြောခဲ့သလို အမေရိကန်ဘက်က မြောက်ကိုရီးယား၏ အဆိုပါ လက်နက်စမ်းသပ်ခြင်းနှင့် ပတ်သက်၍ မည်သည့်မှတ်ချက်မျှ မပေးသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။



တူးဖော်တွေ့ရှိရသည့် ဒိုင်နိုဆောရုပ်ကြွင်းများ။

# နှစ်ပေါင်း သန်း ၂၂၀ သက်တမ်းရှိ ဒိုင်နိုဆောရုပ်ကြွင်းများ တူးဖော်တွေ့ရှိ

**ဗျူနိုအေးရိစ် မေ ၁၈**

အာဂျင်တီးနားနိုင်ငံ အနောက်ပိုင်းတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၂၂၀ ခန့်ရှိပြီဟုယူဆရသည့် ဒိုင်နိုဆောရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒိုင်နိုဆော ၁၂ကောင်ခန့်နီးပါးတို့၏ ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သုတေသီများက မေ ၁၇ ရက် ကပြောခဲ့သည်။ အရိုးစုအမြောက်အမြားကိုတွေ့ရပြီး အနည်အမှုန်များဖြစ်သွားခြင်းမရှိကြောင်း အာဂျင်တီးနား ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ရီကာဒို မာတင်နက်ဇ်က ပြောသည်။ ယင်းတွေ့ရှိမှုမှာ အလွန်ဂုဏ်ယူစရာကောင်းသည်ဟု ၎င်းကပြောသည်။

မာတင်နက်ဇ်၏ ပြောပြချက်အရ ဒိုင်နိုဆောရုပ်ကြွင်းများသည် နှစ်ပေါင်း သန်း ၂၂၀ နီးပါး ရှိပြီဖြစ်ပြီး လူအနည်းငယ်သာသိကြသည့် ခေတ်တစ်ခေတ်မှ ရုပ်ကြွင်းများဖြစ်ကြောင်း သိရသည်။ ဒိုင်နိုဆောရုပ်ကြွင်းများကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဗျူနိုအေးရိစ်အနောက်ဘက် ကီလိုမီတာ ၁၁၀၀အကွာခန့်ရှိ ဆန်ဂျုံအန်ပြည်နယ်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ကြွင်းများရှိရာနေရာသည် အချင်းအားဖြင့် တစ်မီတာ သို့မဟုတ် သုံးမီတာရှိပြီး အနက်အားဖြင့်လည်း တူညီကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပီရူးသမ္မတဟောင်း မိမိကိုယ်မိမိ အဆုံးစီရင်

**လီမာ မေ ၁၈**

ပီရူးသမ္မတဟောင်း အလန်ဂါစီယာသည် တရားရေးအာဏာပိုင်များ၏ ဖမ်းဆီးစစ်ဆေးမှုမှ ရှောင်ရှားနိုင်ရန် မိမိကိုယ်ကိုယ်အဆုံးစီရင်ခဲ့ကြောင်း သိရသည်။ ပီရူးသမ္မတဟောင်း အလန်ဂါစီယာသည် လီမာမြို့ရှိ ဆေးရုံတစ်ရုံတွင် ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း လက်ရှိ ပီရူးသမ္မတ မာတင်ဗစ်ဇ်ကာရာက လူမှုကွန်ရက်စာမျက်နှာတွင် အတည်ပြုရေးသားဖော်ပြခဲ့သည်။

သမ္မတ မာတင်ဗစ်ဇ်ကာရာက သမ္မတဟောင်း အခုလိုသေဆုံးခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းနှင့် သမ္မတဟောင်း၏ မိသားစုနှင့် ချစ်ခင်သူများထံသို့လည်း ကြေကွဲစာနာရပါကြောင်း စာရေးသားပေးပို့ခဲ့သည်။

အသက် ၆၉နှစ်ရှိ အလန်ဂါစီယာသည် ဘရာဇီးဆောက်လုပ်ရေးလုပ်ငန်းကြီးဖြစ်သော အို ဒီဘရက်တ်၏ လာဘ်ပေးမှုအရှုပ်တော်ပုံကြီးနှင့် ဆက်စပ်နေသည်ဟူသော စွပ်စွဲချက်ဖြင့် တရားရေးဌာန အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးရန် အမိန့်ထုတ်ပြန်မှုကို ရှောင်ရှားရန် ၎င်း၏ဦးခေါင်းကို ကိုယ်တိုင်သေနတ်ဖြင့်ပစ်ကာ အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြသည်။

အလန်ဂါစီယာကို ၎င်း၏အိမ်တွင် ကြိုတင်စစ်ဆေးမှု နေအိမ်အကျယ်ချုပ်ဖြင့် ၁၀ ရက်ထားရှိရန်အတွက် ဖမ်းဆီးချုပ်နှောင်ရန်ရဲအရာရှိက ကြိုးစားစဉ် ၎င်းကိုယ်တိုင် မိမိကိုယ်ကို အဆုံးစီရင်လိုက်ခြင်းဖြစ်သည်။ အလန်ဂါစီယာသည် ပီရူးနိုင်ငံ၏ သမ္မတအဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိတစ်ကြိမ်၊ ၂၀၀၆ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်ကြိမ်နှစ်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

**ဆင်ဟွာ**



ပီရူး သမ္မတ ဟောင်း အလန် ဂါစီယာ။

**နိုင်ငံတကာ သတင်းတိုထွာ**

## လစ်ဗျား၌ဖြစ်ပွားသည့် တိုက်ပွဲများအတွင်း သေဆုံးသူ ၁၈၉ ဦးရှိလာ

**ထရီပိုလီ ဧပြီ ၁၈**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီနှင့် အနီးတစ်ဝိုက်တွင် ကုလသမဂ္ဂထောက်ခံသည့် လစ်ဗျားအစိုးရတပ်ဖွဲ့များနှင့် နိုင်ငံအရှေ့ပိုင်း အခြေစိုက်တပ်ဖွဲ့များ အကြားဖြစ်ပွားသည့် တိုက်ပွဲများအတွင်း သေဆုံးသူအရေအတွက် ၁၈၉ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

တိုက်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသူ အရေအတွက်မှာ ၈၁၆ ဦးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဧပြီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

ပြည်သူ ၁၈၀၀၀ ကျော်တို့မှာလည်း နေရပ်စွန့်ခွာထွက်ပြေးရလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ခါလီဖာဟက်ဖ်တာဦးဆောင်သည့် တပ်ဖွဲ့များသည် နိုင်ငံအရှေ့ပိုင်းတွင် ကြီးစိုးထားပြီး အစိုးရတပ်ဖွဲ့များ အခြေစိုက်ထားသည့် ထရီပိုလီမြို့ကို တိုက်ခိုက်ခဲ့ရာမှ နှစ်ဖက် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ခေါင်းဆောင်ဟောင်း မူအမ်မာကဒါဖီ ၂၀၁၁ ခုနှစ်တွင် ကျဆုံးခဲ့ပြီးနောက် လစ်ဗျားနိုင်ငံသည် နိုင်ငံရေးအခြေအနေများ တည်ငြိမ်မှုမရှိဘဲ ဖရိုဖရဲဖြစ်လျက်ရှိသည်။

**ဆင်ဟွာ**

## အွန်လိုင်းဂိမ်းတစ်ခုဖြစ်သည့် PUBG ဂိမ်းကစားခြင်းကို အီရတ်ပိတ်ပင်ရန်လုပ်ဆောင်

**ဘဂ္ဂဒက် ဧပြီ ၁၈**

အကြမ်းဖက်မှုများ ဖြစ်ပွားအောင် လှုံ့ဆော်သည်ဟုဆိုကာ ရက်စက်ကြမ်းကြုတ်သည့် PUBG အွန်လိုင်းဂိမ်းကစားခြင်းကို အီရတ်နိုင်ငံ၌ ပိတ်ပင်သွားရန်အတွက် ဧပြီ ၁၇ ရက်က တစ်ခဲနက် မဲပေးခဲ့ကြကြောင်း သိရသည်။

ပဋိပက္ခများ ဆယ်စုနှစ်များစွာကြာအောင်ဖြစ်ပွားခဲ့သည့် အီရတ်နိုင်ငံအတွင်း Player Unknown's Battlegrounds အမည်ရှိ အဆိုပါဂိမ်းအား နေရာတိုင်းတွင် ဆော့ကစားမှုကိုမြင်တွေ့ရသည်။

ပြီးခဲ့သည့် ဧပြီ ၁၇ ရက်က အီရတ်ဥပဒေပြုအမတ်များသည် အကြမ်းဖက်မှုများဖြစ်ပွားအောင် လှုံ့ဆော်ရာရောက်သည်ဟုဆိုကာ အဆိုပါဂိမ်းကစားခြင်းကို ပိတ်ပင်ရန် တညီတညွတ်တည်း မဲပေးခဲ့ကြကြောင်း ပါလီမန်လွှတ်တော်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

PUBG ဂိမ်းသည် အီရတ်လူမှုအဖွဲ့အစည်းအတွင်းရှိ လူမှုဘဝလုံခြုံရေး၊ ကိုယ်ကျင့်တရား၊ ပြည်သူ့ကျင့်ဝတ်နှင့် ပညာရေးကို ခြိမ်းခြောက်နေကြောင်း ဥပဒေပြုအမတ်များက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ခရီးစဉ်တွေအားလုံး ရပ်နားလိုက်ရတဲ့ လေကြောင်းလိုင်း

**ကလျာမိုးမြင့်**

**အိန္ဒိယလေကြောင်းလိုင်းတစ်ခုဖြစ်တဲ့ Jet Airway လေကြောင်းလိုင်းက ၎င်းရဲ့ပြည်တွင်းနဲ့ နိုင်ငံတကာလေကြောင်းခရီးစဉ်ပျံသန်းမှုအားလုံးကို ရပ်နားလိုက်ကြောင်း အိန္ဒိယသတင်းမီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ ရန်ပုံငွေအသစ်တစ်ရပ်ရှာဖွေဖို့ အဆင်မပြေမှုတွေဖြစ်ခဲ့ပြီးနောက်မှာ ခုလိုပျံသန်းပြေးဆွဲမှုတွေကို ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်ပါတယ်။**




Jet Airways လေကြောင်းလိုင်းမှ လေယာဉ်များ။

### အကြွေးတင်နေ

လေကြောင်းလိုင်းအနေနဲ့ လောင်စာနဲ့ တခြားအရေးကြီး ဝန်ဆောင်မှုတွေမပေးနိုင်တော့တာကြောင့် အခုလိုရပ်နားလိုက်ရခြင်း ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ရွေးချယ်စရာမရှိတော့တဲ့ အနေအထားကြောင့် ခရီးစဉ်တွေကို ရပ်နားလိုက်သော်လည်း ပျံသန်းပြေးဆွဲမှုတွေ နောက်တစ်ဖန်ပြန်လည် လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်လို့ ဆိုပါတယ်။ Jet Airway လေကြောင်းလိုင်းက ပေးဆပ်စရာရှိနေတဲ့ အကြွေးဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိပြီး ဒီအတွက် အကြွေးရှင်တွေနဲ့ ရက်သတ္တပတ်ပေါင်းများစွာကြာအောင် စကားပြောဆိုဆွေးနွေးခဲ့ရပါတယ်။

### ခရီးစဉ်တွေရပ်နားတော့မည်

လေယာဉ်အစင်းပေါင်း ၁၂၃ စင်းရှိတဲ့ Jet Airways လေကြောင်းလိုင်းဟာ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံး ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်ပေမယ့် အမှန်တကယ် အသုံးပြုနေတဲ့ လေယာဉ်ငါးစင်းလောက်သာရှိတယ်လို့ သိရပါတယ်။ လေကြောင်းလိုင်းက ထုတ်ပြန်ခဲ့တဲ့ ဖော်ပြချက်ထဲမှာ ကြွေးရှင်တွေ၊ အာဏာပိုင်တွေနဲ့အတူ အချိန်ကြာကြာ မရပ်မနားကြိုးစားဆွေးနွေးညှိနှိုင်းမှုတွေလုပ်ခဲ့ပေမယ့် မျှော်မှန်းထားတဲ့ ရလဒ်တွေထွက်လာအောင် မလုပ်ဆောင်နိုင်ခဲ့တာကြောင့် လေကြောင်းလိုင်းက လေယာဉ်တွေအားလုံးကို မဖြစ်မနေ ရပ်နားထားရတော့မယ်လို့ ဖော်ပြထားပါတယ်။

"သိပ်ကိုခက်ခဲတဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဒါပေမယ့် ကြားဖြတ်ရန်ပုံငွေမရှိရင် လေကြောင်းလိုင်းဟာ ခရီးစဉ်ပျံသန်းမှုတွေ ဆက်လုပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့တာကြောင့် ရပ်နားဖို့ ဆုံးဖြတ်လိုက်ရတယ်"လို့ Jet Airways လေကြောင်းလိုင်းက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အိန္ဒိယအစိုးရက လေကြောင်းလိုင်းအတွက် အာမခံကြေးအစီအစဉ်နဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားဖို့ နိုင်ငံပိုင်ဘဏ်တွေကို တိုက်တွန်းခဲ့ပါတယ်။ လေကြောင်းလိုင်းအတွက် ခန့်ထားတဲ့ ဝန်ထမ်းအရေအတွက် ၂၃၀၀၀ ရှိပြီး ဒီလေကြောင်းလိုင်းကို လွန်ခဲ့တဲ့ ၂၅ နှစ်က နာရက်ရှ်ဂိုရယ်လ်က တည်ထောင်ခဲ့တာပါ။ ပြီးခဲ့တဲ့လကပဲ ၎င်းကို ဥက္ကဋ္ဌအဖြစ်ကနေ ဖြုတ်ချလိုက်ပါတယ်။

### လစာမရရှိ

လေယာဉ်မှူးတွေ၊ အင်ဂျင်နီယာတွေနဲ့ ကွင်းဆင်းလုပ်ကိုင်နေကြတဲ့ဝန်ထမ်းတွေ လစာမရခဲ့တာ လချီကြာမြင့်ခဲ့ပြီဖြစ်ပြီး ခရီးစဉ်ဖျက်သိမ်းလိုက်မှုတွေကြောင့် ကမ္ဘာတစ်ဝန်းက ခရီးသည်တွေသောင်တင်နေပါတယ်။ ပြီးခဲ့တဲ့ ညပိုင်းက Jet Airways လေကြောင်းလိုင်းကို အိန္ဒိယက ကြွေးမြီရှင်တွေပါဝင်တဲ့ အကျိုးတူအဖွဲ့အစည်းကိုယ်စား အိန္ဒိယနိုင်ငံတော်ဘဏ် (SBI)က အသိပေး အကြောင်းကြားလာခဲ့ပါတယ်။ အဲဒါကတော့ လေကြောင်းလိုင်းက တောင်းဆိုထားတဲ့ အရေးပေါ်ကြားဖြတ်ရန်ပုံငွေထည့်ဝင်ဖို့ အစီအစဉ်မရှိဘူးဆိုတာပါပဲ။

ချေးငှားသူတွေဆီက အရေးပေါ်ရန်ပုံငွေထည့်ဝင်မှု မရရှိတဲ့အချိန်ကစပြီး လေကြောင်းလိုင်းဟာ လေယာဉ်ပျံသန်းပြေးဆွဲမှုတွေ လည်ပတ်ဆောင်ရွက်ဖို့အတွက် လောင်စာနဲ့ တခြားဝန်ဆောင်မှုတွေကို မပေးနိုင်တော့တာကြောင့် Jet Airways ဟာ ပြည်တွင်းနဲ့ နိုင်ငံတကာလေကြောင်းခရီးစဉ်ပျံသန်းမှု အားလုံးကို မဖြစ်မနေ ပယ်ဖျက်လိုက်ရတယ်လို့ သိရပါတယ်။

### နောက်ဆုံးခရီးစဉ်ဖြစ်

လေယာဉ်ပျံသန်းမှုတွေအားလုံးကို မရပ်ဆိုင်းမီ လေကြောင်းလိုင်းရဲ့ နောက်ဆုံးခရီးစဉ်ကို အမ္ဗရစ်ဆာကနေ ထွက်ခွာခဲ့တာကို မြင်ရပါတယ်။ ဒါဟာ လေယာဉ်အမှုထမ်းတွေရဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့ နောက်ဆုံးခရီးစဉ်လည်းဖြစ်သလို အခြားဝန်ထမ်းတွေအတွက်လည်း နောက်ဆုံးဖြစ်ပါတယ်။လေကြောင်းလိုင်းအတွက် ၁၇ နှစ်ကြာအောင် အလုပ်လုပ်ခဲ့တဲ့ လေယာဉ်မှူးက ခရီးစဉ်တွေ ယာယီရပ်နားတာနဲ့ပတ်သက်ပြီး ဆက်လက်မျှော်လင့်ချက် ရှိနေသေးဟန်ပါပဲ။ နောက်တစ်ကြိမ် နေထွက်လာဦးမှာပါလို့ ၎င်းက ပြောခဲ့ပါတယ်။

### စိုးရိမ်ပူပန်နေ

ခရီးသည်တွေက လေယာဉ်မှူးတွေကို ဒီခရီးစဉ်ပြီးရင် ၎င်းတို့ရဲ့အလုပ်အကိုင်တွေ ဘယ်လိုဖြစ်ကုန်မလဲ၊ ဒီနေရာကနေ ဘယ်ကိုသွားကြမလဲဆိုတာကို မေးမြန်းခဲ့ကြပါတယ်။ အမှုထမ်းတွေဆီက တိကျတဲ့ အဖြေစကားမျိုးမကြားရသလောက်ပါပဲ။ ပြီးတော့အများစုက အဆင်ပြေသွားမယောင်ပြောဆိုနေကြပေမယ့် ၎င်းတို့မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတွေကိုတော့ အထင်းသားမြင်နေရပါတယ်။

ပြီးတော့အများစုက ၎င်းတို့ရဲ့ရှေ့ဆက်မယ့် ခရီးစဉ်တွေနဲ့ပတ်သက်ပြီး မေးမြန်းခံနေကြရသလို အိန္ဒိယလေကြောင်းကုမ္ပဏီနဲ့ ပတ်သက်ပြီး စိတ်ပျက်လက်ပျက်ဖြစ်နေကြပါတယ်။ ယခုခရီးစဉ်ပျံသန်းမှုမပြီးဆုံးခင်မှာ လေယာဉ်မှူးက ခရီးသည်တွေကို အပြုသဘောဆောင်တဲ့စကားအနည်းငယ်ပြောခဲ့ပါတယ်။ ၎င်းက ဒီခရီးစဉ်ဟာ ယခုအချိန်အတွက် နောက်ဆုံး ပျံသန်းခြင်းဖြစ်ကောင်းဖြစ်နိုင်ပေမယ့် Jet Airways လေကြောင်းလိုင်းကလေယာဉ်တွေ နောက်တစ်ကြိမ်ထပ်ပြီး ပျံသန်းနိုင်ဖို့ အများကြီး မျှော်လင့်ထားတယ်လို့ ပြောခဲ့ပါတယ်။

### လေလံရရှိဖို့ ကြိုးပမ်းနေ

ဘဏ်တွေကတော့ လေကြောင်းလိုင်းအတွက် လေလံဆွဲမယ့်သူရရှိဖို့ ကြိုးပမ်းနေပြီး အတတ်နိုင်ဆုံး ဆက်လက်အကူအညီပေးအပ်နိုင်ဖို့ ကြိုးပမ်းသွားမယ်လို့ ပြောကြားခဲ့ပါတယ်။ Etihad Airways လေကြောင်းလိုင်းက Jet Airways လေကြောင်းလိုင်းရဲ့ ၂၄ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ဒီထက်ပိုမိုထိန်းချုပ်သွားနိုင်ဖို့ စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြခဲ့ပါတယ်။ လေကြောင်းလိုင်းအနေနဲ့ ၎င်းရဲ့ခရီးသည်တွေအတွက် ဖြစ်နိုင်သမျှအမြန်ဆုံး ပြန်လည်ပြေးဆွဲပေးသွားပြီး ခရီးသည်တွေစိတ်ချမ်းသာမှုရအောင် ဆောင်ကြဉ်းပေးဖို့ မျှော်လင့်နေတယ်လို့ Jet Airways က ပြောကြားခဲ့ပါတယ်။

### အကြမ်းဖျဉ်းဖော်ပြ

ပြည်တွင်းခရီးစဉ်ပေါင်း ၆၀၀ ကျော်နဲ့ လန်ဒန်၊ အမ်စတာဒမ်နဲ့ ပါရီတို့အပါအဝင် နိုင်ငံတကာ ခရီးစဉ် ၃၈၀ ကျော်ကို လေကြောင်းလိုင်းက ပျံသန်းပြေးဆွဲခဲ့ပြီဖြစ်ပြီး ရှယ်ယာဈေးကွက်တွေစပြီး မဆုံးရှုံးခင်အထိ မြန်မြန်ဆန်ဆန် တိုးတက်လာတဲ့ လေကြောင်းလိုင်းတစ်ခုလည်းဖြစ်ပါတယ်။ ဗြိတိန်ရဲ့ ပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့က လေယာဉ်ခရီးစဉ်တွေလိုက်ပါစီးနင်းကြတဲ့ ဖောက်သည်တွေကို ဝက်ဘ်ဆိုက်မှာ အကြံပြုချက်တွေ ရေးသားထားပြီး ခရီးစဉ်အတွက် လက်မှတ်ကြိုတင်မှာယူခဲ့တဲ့ အပေါ်မူတည်ပြီး ပြန်အမ်းငွေပြန်ရဖို့ ဘယ်လိုဆောင်ရွက်သွားရမယ်ဆိုတာကို အကြမ်းဖျဉ်းဖော်ပြမှုတွေ ပြုလုပ်ထားပါတယ်။

### အနီးကပ်ပူးပေါင်းဆောင်ရွက်မည်

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ Jet Airways လေကြောင်းလိုင်းက ခရီးသည်တွေ အဆင်မပြေဖြစ်ရမှု နည်းသထက်နည်းသွားစေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေကိုသုံးပြီး ကြိုးစားလုပ်ဆောင်နေကြောင်း ပြောကြားခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ လေကြောင်းလိုင်းရဲ့ စီမံခန့်ခွဲဆောင်ရွက်မှုနဲ့ လေကြောင်းလိုင်းရဲ့ အကျိုးတူအဖွဲ့အစည်းတွေအပါအဝင် အဓိကရှယ်ယာရှင်တွေက လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေကို ဖြေရှင်းဖို့ နီးနီးကပ်ကပ် ဆောင်ရွက်သွားကြမယ်လို့ လေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့ပါတယ်။ ခရီးသည်တွေ စိတ်မသက်မသာဖြစ်စေခဲ့တဲ့ အခြေအနေတွေအတွက်လည်း အလွန်စိတ်မကောင်းဖြစ်ရကြောင်း တောင်းပန်ထားပါတယ်။ ။

**ကိုးကား- ဘီဘီစီ၊ စီအင်န်အင်န်**

# အမြို့မြို့အနယ်နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲများ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ(၂) ဆယ်သိန်းရပ်ကွက်မိသားစုများ သက်ကြီးပူဇော်ပွဲ ကျင်းပစဉ်။ စမ်းစမ်းကြည်




မေ ၁၈ ရက်က ဇမ္ဗူသီရိမြို့နယ်ရှိ ကွန်းခိုရာကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ဒုတပ်ကြပ်(ငြိမ်း) ဦးသိန်းတန် မိသားစုက ထာဝရပဒေသာပင်အလှူငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ ကိုပေါက်(ဥက္ကာမြေ)



မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့်ဇနီးတို့က ဘိုးဘွားများအား ကန်တော့ငွေနှင့်ပစ္စည်းများ လှူဒါန်းစဉ်။ မောင်မောင်သန်း(တောင်ကြီး)



ဖယ်ခုံမြို့နယ်၌ မေ ၁၈ ရက်က ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် ဘိုးဘွားများအား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ ကိုထွေး(ဖယ်ခုံ)



မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ အကြိမ်(၇၀) မြောက် သက်ကြီးပူဇော်ပွဲကို ကျောင်းကြီးလမ်းရှိ ဓမ္မာရုံ၌ ကျင်းပစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



မေ ၁၈ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပစဉ်။ စိုင်း(သီပေါ)



မေ ၁၈ ရက်က ရွာတောမြို့နယ် စုပေါင်းရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက် အမှူးပြုသော ဌာနဆိုင်ရာအဖွဲ့အစည်းများ စုပေါင်း၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ ထွန်းအောင်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ် သမိုင်းဝင်မယ်ဒက်ကယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**ရေတာရှည် ဧပြီ ၁၈**

တောင်ငူခရိုင်ရေတာရှည်မြို့အရှေ့ဘက် လေးမိုင်ခန့်အကွာ အောင်ချမ်းသာ ကျေးရွာအနီး သမိုင်းဝင်မယ်ဒက်ကယ် ဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်း သိန်း လာရောက်ကြည့်ရှုခဲ့ကြောင်း သိရ သည်။

အဆိုပါ ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားစွာ ကျင်းပ လျက်ရှိပြီး ရေတာရှည်မြို့နယ်ရှိ ကျေးရွာ များမှ လူကြီးလူငယ်များက နွားလှည်း၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား စသည် ယာဉ်ပေါင်းစုံဖြင့် လာရောက်ဖူးမြော် လျက်ရှိကြသည်။

ထို့ပြင် အိမ်ရှင်မများအနေဖြင့်လည်း ၁၂ ပွဲဈေးသည်များထံမှ ကြက်သွန်နီ/ဖြူ၊ သနပ်ခါး၊ ခေါး၊ ကျောက်ပြင်၊ ငရုတ်ဆုံ၊



ဝန်ကြီးချုပ် ဦးဝင်းသိန်း ဘုရားပွဲဈေးရှိ ဈေးဆိုင်များအား ကြည့်ရှုနေစဉ်။

ငရုတ်သီးအခြောက်၊ အဝတ်အထည်၊ ဖျာများနှင့် နွားအလှဆင်ပစ္စည်းများ စသည် တို့ကို တစ်နှစ်စာဝယ်ယူလျက်ရှိရာ ဈေးသည်များအနေဖြင့်လည်း ဈေး ရောင်းကောင်းလျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟားခါးမြို့၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပ

**ဟားခါး ဧပြီ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံ တစ်ဝန်းနေရာအနှံ့အပြား၌ ကုသိုလ် ကောင်းမှုများ ပြုလုပ်လျက်ရှိရာ ချင်းပြည်နယ် ဟားခါးမြို့တွင် ယမန်နေ့က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးခန်းမ၌ အသက် ၈၅နှစ်နှင့်အထက် အဘိုးအဘွား ၆၂ ဦးအား ပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် တာဝန်ရှိသူများက ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ကန်တော့ ကြသည်။



ဟားခါး၌ သက်ကြီးပူဇော်ပွဲ ကျင်းပနေစဉ်။

ဆက်လက်ပြီး ပြည်နယ်ပြည်သူ့ ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများက အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးကာ အာဟာရဒါန ကြက်သား ဆန်ပြုတ်တို့ဖြင့် ကျွေးမွေးညှော်ခံကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အဆိုပါခန်းမ၌ ရဟန်း သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားများရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ခရစ်ယာန်ဆရာတော်ကြီးများက ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်း အခမ်းအနားများ ပြုလုပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**တာချီလိတ် ဧပြီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနကကြီးမှူး၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယမန်နေ့က တာချီလိတ်မြို့ရန်အောင်မြေရပ်ကွက် ရွှေဝါနဒီ ပန်းခြံအတွင်းရှိ နမ့်ယွန်းချောင်းဘေး၌ ကျင်းပသည်။

အဆိုပါ ငါးလွှတ်ပွဲကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအေးမင်းဦး၊ တာချီလိတ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဇီဝိတဒါနအဖြစ် ငါးကြင်းရွှေဝါ၊ ငါးခူနှင့် တီလားဗီးယားကောင်ရေ စုစုပေါင်း ၃၀၀၀ အား နမ့်ယွန်းချောင်း အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲများကို တာချီလိတ်မြို့နယ် အတွင်း၌ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သဘာဝမြစ်ချောင်း များအတွင်း ငါးမျိုးမပြုန်းတီးစေရေးနှင့် ငါးများပေါများလာ စေရန်အတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ ဇီဝိတဒါနငါးလွှတ်ပွဲများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရ သည်။

**မြင့်မိုရ်(တာချီလိတ်)**

# နဝင်းပြည့်ဆုတောင်းပြည့် လာဘ်ပေးရန်ကာ မုဒြာနဂါးရုံဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကျင်းပ

**ဟားခါး ဧပြီ ၁၈**

ချင်းပြည်နယ် ဟားခါးမြို့ အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော် ဇေတဝန်တောရ စာသင်တိုက်တွင် တည်ထားကိုးကွယ်သည့် အမြင့် ၁၈ တောင်ရှိသော နဝင်းပြည့်ဆုတောင်းပြည့် လာဘ်ပေးရန်ကာ မုဒြာနဂါးရုံ မြတ်စွာဘုရားကြီးအား ကိုးရက်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ဆရာတော်နှင့်အတူ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ယောဂီများနှင့် တက်ရောက် လာကြသူများက ဗုဒ္ဓါဘိသေကအနေကဇာတင် ရွတ်ဆိုပူဇော်ကြသည်။

အဆိုပါ ဘုရားကြီးကို ဟားခါးမြို့ အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော်ပေါ်တွင် ကန်တော် ၃၆ ပေ ပတ်လည်၊ ပလ္လင်ခုံအကျယ် ၁၈ ပေ အပေါ်တွင် ကြာပလ္လင်အမြင့် ၆၃ လက်မ၊ နဂါးမင်းအရစ်အခွေကိုးခွေ၊ ရုပ်ပွားတော်အမြင့် ခြောက်ပေ သုံးလက်မဖြင့် မြေပြင်မှအမြင့် ၁၈တောင်ရှိကြောင်း၊ ဌာပနာပိတ်ပွဲကို ဖေဖော်ဝါရီလက ကျင်းပခဲ့ကာ ရုပ်ပွားတော်မြတ်ကြီးကို ဧပြီ ၉ ရက်မှစတင်ပြီး တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ယင်းနေ့မှစ၍ ဧပြီ ၁၇ ရက်အထိ ကိုးရက်တိုင်တိုင် နေ့စဉ် ဘုရားအနေကဇာတင်ပူဇော်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝင်း၊ ပြည်နယ် လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# မိုင်းယန်းမြို့၌ ဘိုးဘွား ၁၀၈ ဦးအား သက်ကြီးပူဇော်ပွဲ ကျင်းပ

**မိုင်းယန်း ဧပြီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်၌ အသက် ၈၀ နှင့်အထက်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ကကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်နယ်မှ မိသားစုဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကန်တော့ခံသက်ကြီး ဘိုးဘွားများအား ကန်တော့ခဲ့ကြရာ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ပြန်လည်၍ ဆုပေးမေတ္တာစကား ပြောကြားခဲ့သည်။ သက်ကြီးပူဇော်ပွဲတွင် ဘိုးဘွား ၁၀၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆေးမျိုးစုံများ လှူဒါန်း ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၉၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၁၀၀၅ ကျပ် | ၁၀၂၀/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၆၅ ကျပ် | ၈၈၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၃၅ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၀ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၁ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၇ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၈ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၈၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ · ၄၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၆၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၅)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၀-၄-၁၉** |
| မန်စီးတီး | - | စပါး | ည ၆း၀၀ |
| ဘုန်းမောက် | - | ဖူလ်ဟမ် | ည ၈း၃၀ |
| ဟက်ဒါဖီးလ် | - | ဝက်ဖို့ဒ် | ည ၈း၃၀ |
| ဝက်စ်ဟမ်း | - | လက်စတာ | ည ၈း၃၀ |
| ဝုဖ် | - | ဘရိုက်တန် | ည ၈း၃၀ |
| ကာဆယ် | - | ဆောက်သမ်တန် | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၁-၄-၁၉** |
| အဲဗာတန် | - | မန်ယူ | ည ၇း၀၀ |
| အာဆင်နယ် | - | ပဲလေ့စ် | ည ၉း၃၀ |
| ကာဒစ်ဖ် | - | လီဗာပူး | ည ၉း၃၀ |
| **တနင်္လာနေ့** | | | **၂၂-၄-၁၉** |
| ချယ်လ်ဆီး | - | ဘန်လေ | နံနက် ၁း၃၀ |

## လာလီဂါပွဲစဉ် (၃၃)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၉-၄-၁၉** |
| အလာဗက်စ် | - | ဗယ်လာဒိုးလစ် | နံနက် ၁း၃၀ |
| **စနေနေ့** | | | **၂၀-၄-၁၉** |
| ဆယ်တာဗီဂို | - | ဂျီရိုနာ | ညနေ ၅း၃၀ |
| အီဘာ | - | အက်သလက် | ည ၈း၄၅ |
| ဗယ်လက်ကာနို | - | ဝက်စ်ကာ | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ဆိုစီဒက်စ် | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၂၁-၄-၁၉** |
| လီဗန်တေး | - | အက်စ်ပန်ညို | ညနေ ၄း၃၀ |
| ဂီတာဖေး | - | ဆီဗီလာ | ည ၆း၃၀ |
| ရီးရဲ | - | ဘီလ်ဘို | ည ၈း၄၅ |
| ဗီလာရီးရဲ | - | လီဂါနက်စ် | ည ၁၁း၀၀ |
| ဘက်တစ် | - | ဗလန်စီယာ | နံနက် ၁း၁၅ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၀-၄-၁၉** |
| ဘိုင်ယန် | - | ဝါဒါဘရီမင် | ည ၈း၀၀ |
| လေဗာကူဆင် | - | နုရင်ဘတ် | ည ၈း၀၀ |
| အော့စ်ဘတ် | - | စတုဂတ် | ည ၈း၀၀ |
| မိန့်ဇ် | - | ဖော်ကျူးနာ | ည ၈း၀၀ |
| ဂလာဘတ်ချ် | - | လိုက်ပဇစ် | ည ၁၁း၀၀ |
| ရှော်လ်ကေး | - | ဟော့ဖန်ဟိမ်း | နံနက် ၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၁-၄-၁၉** |
| ဖရိုင်းဘတ် | - | ဒေါ့မွန် | ည ၈း၀၀ |
| ဟာသာဘာလင် | - | ဟန်နိုဗာ | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | | **၂၂-၄-၁၉** |
| ဝုဖ်ဘတ် | - | ဖရန့်ဖွတ် | နံနက် ၁း၀၀ |

## စီးရီးအေပွဲစဉ် (၃၃)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၀-၄-၁၉** |
| ပါမား | - | မီလန် | ညနေ ၅း၀၀ |
| လာဇီယို | - | ချီယေဗို | ည ၇း၃၀ |
| ကယ်ဂလီယာရီ | - | ဖရိုစီနိုနီ | ည ၇း၃၀ |
| ဘလော့ညာ | - | ဆမ့်ဒိုးရီးယား | ည ၇း၃၀ |
| အူဒီးနီးစ် | - | ဆာစူအိုလို | ည ၇း၃၀ |
| အမ်ပိုလီ | - | SPAL | ည ၇း၃၀ |
| ဂျီနိုအာ | - | တိုရီနို | ည ၇း၃၀ |
| ဂျူဗင်တပ်စ် | - | ဖီယိုရင်တီးနား | ည ၁၀း၃၀ |
| အင်တာ | - | ရိုးမား | နံနက် ၁း၀၀ |
| **တနင်္လာနေ့** | | | **၂၂-၄-၁၉** |
| နာပိုလီ | - | အတ္တလန္တာ | ည ၁၁း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၃)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၉-၄-၁၉** |
| လိုင်ယွန် | - | အန်ဂျာစ် | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၂၀-၄-၁၉** |
| ဂူအင်ဂမ့် | - | မာဆေး | ည ၉း၃၀ |
| ဒီဂျွန် | - | ရိန်းနက်စ် | နံနက် ၀၀း၀၀ |
| နိုက်စ် | - | ကိန်းစ် | နံနက် ၀၀း၀၀ |
| နီမက်စ် | - | ဘော်ဒိုး | နံနက် ၀၀း၀၀ |

# ပွဲကျပ်ကြုံနေတဲ့ မန်ချက်စတာနှစ်သင်း



ပရီမီယာလိဂ်ပွဲစဉ် ၃၅ မှာတော့ မန်စီးတီးနဲ့ စပါးတို့ ရင်ဆိုင်တွေ့ဆုံနေရသလို မန်ယူက အဲဗာတန်နဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအနေနဲ့ ချန်ပီယံဆုအတွက် စပါးကို ကျော်ဖြတ်နိုင်မလားအပြင် မန်ယူကလည်း အာဆင်နယ်၊ ချယ်လ်ဆီးတို့ကိုတောင် အနိုင်ရထားတဲ့ အဲဗာတန်ကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်အချက်အသက်ဆက်နိုင်မလားကြည့်ရမယ်။

### မန်စီးတီး Vs စပါး

ပထမအကျော့ရလဒ် - စပါးစ် ၀-၁ မန်စီးတီး

နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးက ချန်ပီယံဆုအတွက် ခြေကုန်ထုတ်မှာဖြစ်သလို စပါးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခြေကုန်ထုတ်မှာဖြစ်ပါတယ်။ နှစ်သင်းစလုံးဒီပွဲမတိုင် ချန်ပီယံလိဂ်မှာ ရင်ဆိုင်တွေ့ခဲ့ရတာကြောင့် ပွဲပန်းမှုလည်း ညီမျှနေပေမယ့် အိမ်ကွင်းအားသာချက်ရှိတဲ့ မန်စီးတီးကို နှစ်သက်တယ်။

### ချယ်လ်ဆီး Vs ဘန်လေ

ပထမအကျော့ရလဒ် - ဘန်လေ ၀-၄ ချယ်လ်ဆီး

ချယ်လ်ဆီးက ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့်လည်း မန်ယူ၊ စပါးတို့ပွဲကျပ်ကြုံနေချိန်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက် ကစားလာမှာသေချာ နေပါတယ်။ လက်ရှိအချိန်မှာလည်း ချယ်လ်ဆီးရဲ့ခြေစွမ်း ပြန်လည်ထက်မြက်လာပြီး အိမ်ကွင်းလည်းဖြစ်တယ်။ ဘန်လေက ခြေစွမ်းသာမန်သာရှိတာကြောင့်လည်း ချယ်လ်ဆီးပဲ နိုင်ပွဲရမယ်။

### ဘုန်းမောက် Vs ဖူလ်ဟမ်

ပထမအကျော့ရလဒ် - ဖူလ်ဟမ် ၀-၃ ဘုန်းမောက်

ဖူလ်ဟမ်က တန်းဆင်းခဲ့ရပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေသလို လက်ရှိခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဘုန်းမောက်ကတော့ အမှတ်မလိုတော့ပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာ မဟုတ်တာသေချာပါတယ်။ ဘုန်းမောက်ပဲ နိုင်ပွဲရမယ်။

### ဟက်ဒါဖီးလ် Vs ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၃-၀ ဟက်ဒါဖီးလ်

ဟက်ဒါဖီးလ်ကလည်း လက်ရှိအချိန်မှာ တန်းဆင်းခဲ့ရပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလျော့ကျနေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့် အမှားမခံဘဲ ဂုဏ်ရတစိုက်ကစားလာမှာ ဖြစ်ပေမယ့် လက်ရှိခြေစွမ်းအားနည်းမှုတွေအရ ဝက်ဖို့ဒ်ကို ထိန်းချုပ်ဖို့ခက်ပါတယ်။ ဝက်ဖို့ဒ်တို့ အမှတ်မလိုတော့ပေမယ့်လည်း ဒီပွဲမှာတော့နိုင်ပွဲယူဖို့ရှိနေပါတယ်။

### ဝက်စ်ဟမ်း Vs လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၁-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းက လက်ရှိအချိန်မှာခြေစွမ်းပိုင်း မတည်ငြိမ်ပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်ပြီး တိုက်စစ်စွမ်းဆောင်ရည်လည်း ထက်မြက်တတ်ပါတယ်။ ဒါပေမယ့် လက်စတာလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့သရေကျနိုင်ပါတယ်။

### ကာဆယ် Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၀-၀ ကာဆယ်

ကာဆယ်က တန်းမဆင်းရဖို့အတွက် အမှတ်လိုအပ်ချက်ရှိနေသေးတာကြောင့် အိမ်ကွင်းမှာ ခြေကုန်ထုတ်ကစားလာမှာသေချာနေတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ကာဆယ်ရဲ့ကစားအားကကောင်းမွန်တတ်ပါတယ်။ ဆောက်သမ်တန်ကတော့ တန်းမဆင်းရဖို့ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ကာဆယ်ကိုနှစ်သက်တယ်။

### အဲဗာတန် Vs မန်ယူ

ပထမအကျော့ရလဒ် - မန်ယူ ၂-၁ အဲဗာတန်

မန်ယူတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် မဖြစ်မနေအနိုင်ရအောင်အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲတွေကြောင့် မန်ယူတို့ ပွဲပန်းနေနိုင်ပါတယ်။ အဲဗာတန်က အခုအချိန်မှာ ခြေစွမ်းကောင်းမွန်နေပြီး ချယ်လ်ဆီး၊ အာဆင်နယ်တို့ကိုတောင် အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း မန်ယူတို့အနိုင်ရခဲ့ရင် ဂိုးပြတ်ဖို့ခက်မယ်။

### ဝုဖ် Vs ဘရိုက်တန်

ပထမအကျော့ရလဒ် - ဘရိုက်တန် ၁-၀ ဝုဖ်

ဝုဖ်က အိမ်ကွင်းပွဲတွေမှာ စွမ်းဆောင်ရည် ကောင်းမွန်တတ်သလို တိုက်စစ်ပိုင်းလည်း ထက်မြက်မှုရှိပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဘရိုက်တန်က တန်းမဆင်းရဖို့ခက်ခက်ခဲခဲ ရုန်းနေရချိန်ဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့အတွက် ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဘရိုက်တန်တို့ သရေလောက်ရမယ်။

### အာဆင်နယ် Vs ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၂-၂ အာဆင်နယ်

အာဆင်နယ်တို့ မန်ယူ၊ စပါးတို့ပွဲကျပ်ကြုံနေချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ခြေကုန်ထုတ်မှာ ဖြစ်ပါတယ်။ ယူရိုပါလိဂ်ပွဲကြောင့် ပွဲပန်းလာနိုင်ပေမယ့် အာဆင်နယ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တယ်။ ပဲလေ့စ်က ကစားပုံကောင်းပေမယ့် အဝေးကွင်းဆိုရင်တော့ ခြေစွမ်းမတည်ငြိမ်တတ်ဘူး။ အာဆင်နယ်နိုင်ပွဲရမယ်။

### ကာဒစ်ဖ် Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၄-၁ ကာဒစ်ဖ်

ကာဒစ်ဖ်က တန်းမဆင်းရဖို့အတွက် နောက်ဆုံးအချိန်အထိ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် လီဗာပူးကလည်း မန်စီးတီးပွဲကျပ်နဲ့ကြုံနေတာကြောင့် နိုင်ပွဲရယူနိုင်အောင်အားစိုက်လာမှာ သေချာနေပါတယ်။ လီဗာပူးတို့ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ပွဲရယူသွားမှာသေချာနေပါတယ်။

## ပွဲကစားခွင့် ပိုမိုရရှိခြင်းမရှိပါက ချယ်လ်ဆီးမှ ထွက်ခွာဖြစ်နိုင်သည်ဟု တိုက်စစ်မှူး ဂျီရူး ပြောဆို



တိုက်စစ်မှူး ဂျီရူး

ချယ်လ်ဆီးအသင်းမန်နေဂျာ ဆာရီအနေဖြင့် မိမိအား ပွဲကစားခွင့် ပိုမိုပေးခြင်းမရှိပါက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် အသင်းမှ ထွက်ခွာဖြစ်နိုင် ကြောင်း ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အိုလီဗာဂျီရူးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် ပြောင်းရွှေ့လာသူ ပြင်သစ်တိုက်စစ်မှူး ဂျီရူးနှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၁၈ လသာ ကျန်ရှိတော့သည်။ တိုက်စစ်မှူး ဂျီရူးသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၂၄ ပွဲ ပါဝင်ကစားခွင့် ရရှိထားသော်လည်း ပွဲထွက်ကစားသမားအဖြစ် ခုနစ်ပွဲသာ ပါဝင်ကစားခွင့် ရရှိထားသူဖြစ်သည်။

လာမည့်ရာသီတွင် ချယ်လ်ဆီးကစားသမားတစ်ဦးအဖြစ် ဆက်ရှိနေမည်လားဟု မေးမြန်းမှုကို တိုက်စစ်မှူး ဂျီရူးက "လက်ရှိအချိန်မှာ ဒီကိစ္စအတွက် အဖြေမရှိသေးပါဘူး။ ချယ်လ်ဆီးအသင်း အားကစားဒါရိုက်တာ မာရီနာနဲ့ ဆွေးနွေးရဦးမှာပါ။ ချယ်လ်ဆီးအသင်းမှာ ကစားရတာကို ပျော်ရွှင်ပါတယ်။ ကျွန်တော်က အခု အသက် ၃၂ နှစ်ရှိပြီဖြစ်ပြီး ကမ္ဘာ့ဖလား ချန်ပီယံဆုကိုလည်း ရရှိထားသူပါ။ ကျွန်တော့်အနေနဲ့ ဒုတိယဦးစားပေးကစားသမားအဖြစ် ပါဝင်နေရခြင်း အပေါ်မှာတော့ ကျေနပ်အားရမှုမရှိပါဘူး။ ဒုတိယဦးစားပေးကစားသမား အဖြစ်သာ ပါဝင်နေရတာကိုလည်း ပျော်ရွှင်မှုမရှိဘူး။ လာမယ့်ရာသီမှာ ကျွန်တော်က အသင်းအတွက် ပိုမိုအရေးပါတဲ့ နေရာကနေ ပါဝင်ကစားရတဲ့ ကစားသမားတစ်ဦးဖြစ်လာဖို့ လို အပ်နေပါတယ်"ဟု ဖြေဆိုခဲ့သည်။

တိုက်စစ်မှူး ဂျီရူးသည် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၃၈ ပွဲ ပါဝင်ကစားထားကာ ၁၁ ဂိုးသွင်းယူထားသူဖြစ်သည်။

ချယ်လ်ဆီးအသင်းမန်နေဂျာ ဆာရီသည် အသင်း၏ တိုက်စစ်တွင် တိုက်စစ်မှူး ဟီဂွာရင်အား အဓိက အသုံးပြုနေကာ တိုက်စစ်မှူး ဂျီရူးမှာမူ ဟီဂွာရင်၏ အရန်ကစားသမားအဖြစ်သာ ပါဝင်ကစားနေရသူဖြစ်သည်။

**ထက်အောင်**

# ထင်ပေါ်၍ စပိန်ထိပ်တန်းနှစ်သင်းရဲ့ ပစ်မှတ် ဖြစ်လာသူများ

**အောင်က**

စပိန်ထိပ်တန်းနှစ်သင်းဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ဟာ လာမယ့်နွေရာသီဈေးကွက်မှာ ကစားသမားသစ်တွေအပြိုင်အဆိုင်ခေါ်ယူဖို့ ရှိနေပါတယ်။ အထူးသဖြင့် နှစ်သင်းစလုံးဟာ အသင်းရဲ့အနာဂတ်စီမံကိန်းအတွက် အဓိကထားပြီး ခေါ်ယူဖို့ ပြင်ဆင်နေကြတာလည်းဖြစ်ပါတယ်။ နှစ်သင်းစလုံးကလည်း ကမ္ဘာ့အင်အားအကြီးဆုံးအသင်းနှစ်သင်းဖြစ်တာကြောင့် အကောင်းဆုံး ကင်းထောက်တွေကို စေလွှတ်ပြီး အကောင်းဆုံးဖြစ်လာနိုင်တဲ့ လူငယ်ကစားသမားတွေကို ခေါ်ယူနိုင်ဖို့ ပြင်ဆင်နေကြတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နွေရာသီမှာ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူဖို့အတွက် အကောင်းဆုံးပြင်ဆင်နေကြတဲ့ ထူးချွန်တဲ့ပါရမီရှင်ကစားသမားသုံးဦး ရှိနေပါတယ်။



**ဂျေရိုဖီလစ်**

လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂျေရိုဖီလစ်ဟာ ဘင်ဖီကာအသင်းရဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ဒီနှစ်ရာသီမှာတော့ အသင်းနဲ့အတူပြိုင်ပွဲစုံ အားလုံးမှာ ၁၆ ဂိုး သွင်းယူပေးထားပြီး ဂိုးရဖို့အတွက် ကိုးကြိမ်တိုင် ပံ့ပိုးပေးထားတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အသက် ၁၉ နှစ်သာရှိနေသေးတဲ့ ဂျေရိုဖီလစ်ကို ရော်နယ်ဒို အငယ်စားအဖြစ်တောင် တင်စားပြောဆိုနေကြသလို ပေါ်တူဂီလက်ရွေးစင်အသင်းအတွက်လည်း အနာဂတ်မှာ အားကိုးရတဲ့ကစားသမားတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်ပိုင်းအတွင်း ဘင်ဖီကာအသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခြင်းတွေကြောင့်လည်း ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်အသင်း အပါအဝင် ဥရောပထိပ်တန်းအသင်းတော်တော်များများက ခေါ်ယူဖို့ စိတ်ဝင်စားခြင်းခံနေရတာလည်း ဖြစ်ပါတယ်။

ဂျေရိုဖီလစ်ဟာ တောင်ပံနှစ်ဖက်စလုံးမှာ ကစားနိုင်သလို ဗဟိုကွင်းလယ်နေရာမှာလည်း ကစားနိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့ အရည်အချင်းကတော့ ကစားဖော်တွေအတွက် အခွင့်အရေးဖန်တီးမှုတွေ ပြုလုပ်ပေးနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘင်ဖီကာအသင်းအနေနဲ့ ဂျေရိုဖီလစ်ရဲ့ စာချုပ်လျှော်ကြေးကို ယူရိုသန်း ၁၂၀ အထိ တိုးမြှင့်ဖို့ ကြိုးစားနေတာကတော့ မဆန်းဘူးလို့ပြောရမှာပါ။

**ကူဘို**

အသက် ၁၇ နှစ်သာရှိနေသေးတဲ့ ဂျပန်တိုက်စစ်ကစားသမား ကူဘိုကိုတော့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတာကတော့ အံ့သြစရာမရှိအောင် မှန်လွန်းတယ်လို့ ပြောရမှာပါ။ တိုက်စစ်မှူးတစ်ဦးအဖြစ်သာမက ကွင်းလယ်တိုက်စစ်မှူးအဖြစ်ပါ ကစားနိုင်စွမ်းရှိတဲ့ ကူဘိုရဲ့အခွင့်အရေးဖန်တီးနိုင်မှုစွမ်းအား ကောင်းမွန်မှုတွေကြောင့်လည်း ထိပ်တန်းအသင်း တော်တော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေကြတာ ဖြစ်ပါတယ်။

ကူဘိုဟာ ယခင်က ဘာစီလိုနာလူငယ်အကယ်ဒမီမှာ ကစားခဲ့ဖူးတဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာတော့ ဂျေလိဂ်ကလပ် တိုကျိုအက်ဖ်စီကနေ ယိုကိုဟားမားအသင်းမှာ အငှားနဲ့ သွားရောက်ကစားနေတာ ဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေမှာတော့ ကူဘိုအနေနဲ့ ဥရောပမှာ ကစားမယ်ဆိုရင် ဘာစီလိုနာအသင်းမှာ ကစားဖို့ သဘောတူညီထားတယ်လို့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒါပေမယ့် ဘာစီလိုနာရဲ့အဓိကပြိုင်ဘက်အသင်းဖြစ်တဲ့ ရီးရဲမက်ဒရစ်ကနေ လက်ဦးမှုရယူပြီး ခေါ်ယူဖို့ ကြိုးစားနေပါတယ်။





**လူကာဂျိုဗစ်**

အသက် ၂၁ နှစ်သာရှိနေသေးတဲ့ ဆာဘီးယားတိုက်စစ်မှူး လူကာဂျိုဗစ်ဟာ ဘွန်ဒက်စ်လီဂါကလပ် ဖရန့်ဖွတ်အသင်းနဲ့အတူ တိုးတက်မှုရှိတဲ့ စွမ်းဆောင်ရည်တွေကြောင့်လည်း လာမယ့်နွေရာသီဈေးကွက်မှာတော့ အလုပ်ခတ်ဆုံး ကစားသမားတစ်ဦးဖြစ်လာမှာ သေချာပါတယ်။ သူဟာဖရန့်ဖွတ်အသင်းနဲ့အတူ ပြိုင်ပွဲစုံမှာ ၂၅ ဂိုးအထိ သွင်းယူပေးထားပြီး ဂိုးရရှိဖို့အတွက် ခုနစ်ကြိမ်တိုင် ပံ့ပိုးပေးထားတာလည်း ဖြစ်ပါတယ်။ သူ့ရဲ့ လက်ရှိခြေစွမ်းတွေအရတော့ သူ့မှာအနာဂတ်ကောင်းတွေ ပိုင်ဆိုင်ဖို့ အလားအလာကောင်းတွေရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။

သူဟာ ဘင်ဖီကာအသင်းကနေ ဖရန့်ဖွတ်အသင်းမှာ အငှားနဲ့လာရောက်ကစားနေခဲ့သူဖြစ်ပါတယ်။ ဖရန့်ဖွတ် အသင်းအနေနဲ့ ရာသီကုန်မှာတော့ သူ့ကို ယူရို ၁၂ သန်းနဲ့ ခေါ်ယူနိုင်ဖို့ သဘောတူညီမှုရရှိထားပြီးလည်းဖြစ်ပါတယ်။ သူ့ရဲ့အဓိက အရည်အချင်းက ရှေ့တန်းမှာ ဂိုးရအောင်ဖန်တီးနိုင်မှု အားကောင်းတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ဟာ သူ့ကို အသင်းရဲ့အနာဂတ်တိုက်စစ်ပိုင်းအတွက် ခေါ်ယူဖို့ အပြင်းအထန် ကြိုးစားနေကြတာ ဖြစ်ပါတယ်။

## ရမ်ဆေးရောက်ရှိလာပြီးနောက် ဂျူဗင်တပ်စ်အတွက် ချန်ပီယံလိဂ်ဆုဖလားအား ရော်နယ်ဒို ဆွတ်ခူးပေးနိုင်လိမ့်မည်ဟု ဂျူဗင်တပ်ပရိသတ်များ ယုံကြည်နေ

လာမည့်နွေရာသီဈေးကွက်ကာလအတွင်း ဂျူဗင်တပ်စ်အသင်းသို့ အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးပြောင်းရွှေ့လာမည်ဖြစ်ရာ ၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ချန်ပီယံလိဂ် ချန်ပီယံဆုဖလားရရှိနိုင်ရန် အာမခံချက်တစ်ခု ဖြစ်လာလိမ့်မည်ဟု ဂျူဗင်တပ်အသင်း ပရိသတ်များက ယုံကြည်နေကြကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်တွင် ရီးရဲမက်ဒရစ်အသင်းထံမှ ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်သည့် အသင်းအဖြစ် ရေပန်းစားခဲ့သည်။ သို့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျူဗင်တပ်စ်အသင်းသည် အိုင်းယက်စ်အသင်းအား နှစ်ကျော့ပေါင်း ၃-၂ ဖြင့် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဂျူဗင်တပ်စ်အသင်းပရိသတ်များက ရော်နယ်ဒိုအနေဖြင့် ၎င်းပါဝင်ကစားသည့် ကလပ်များတွင် ဝေလကစားသမားတစ်ဦးနှင့်အတူ တွဲဖက်ကစားခြင်းဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိလေ့ရှိသောကြောင့် လာမည့်ရာသီတွင် ရော်နယ်ဒိုအနေဖြင့် ဝေလကစားသမားတစ်ဦးဖြစ်သူ ရမ်ဆေးနှင့် တွဲဖက်ကစားခြင်းဖြင့် ဂျူဗင်တပ်စ်အသင်းအတွက် ချန်ပီယံလိဂ်ချန်ပီယံဆုဖလား ရယူပေးနိုင်လိမ့်မည်ဟု ဂျူဗင်တပ်စ်ပရိသတ်များက ယုံကြည်ထားခြင်းဖြစ်သည်။

တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ချန်ပီယံလိဂ်ဆုဖလားကို ရီးရဲမက်ဒရစ်အသင်းနှင့် လေးကြိမ်၊ မန်ယူအသင်းနှင့် တစ်ကြိမ်ရရှိခဲ့ဖူးသူဖြစ်သည်။ ရော်နယ်ဒိုသည် ရီးရဲအသင်းတွင် ဝေလကစားသမားတစ်ဦးဖြစ်သူ ဂါရတ်ဘေးလ်နှင့် တွဲဖက်ကစားပြီးနောက် ချန်ပီယံလိဂ်ချန်ပီယံဆုဖလားများ ရယူနိုင်ခဲ့ခြင်းဖြစ်ကာ မန်ယူအသင်းတွင်လည်း ဝေလကစားသမား ရိုင်ယန်ဂစ်နှင့်အတူ တွဲဖက်ကစားပြီးနောက် ချန်ပီယံလိဂ် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီအကုန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ရမ်ဆေးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဂျူဗင်တပ်စ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ အကြို စာချုပ်ချုပ်ဆိုထားသူဖြစ်ကာ အဆိုပါစာချုပ်သည် လာမည့်ဇူလိုင် ၁ ရက်မှ စတင်အသက်ဝင်မည်ဖြစ်သည်။

ဂျူဗင်တပ်စ်အသင်း ပရိသတ်တစ်ဦးက "ရော်နယ်ဒိုဟာ သူပါဝင်ကစားတဲ့အသင်းမှာ ဝေလကစားသမားတစ်ဦးမရှိတဲ့အချိန်တိုင်းမှာ ချန်ပီယံလိဂ်ဆုဖလားရလေ့မရှိပါဘူး။ လာမယ့် ဘောလုံးရာသီမှာ ဝေလကစားသမားတစ်ဦးဖြစ်တဲ့ ရမ်ဆေးဟာ ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့လာမှာပါ။ ရမ်ဆေးရောက်ရှိလာပြီးတဲ့နောက် လာမယ့် ဘောလုံးရာသီမှာ ဂျူဗင်တပ်စ်အသင်းဟာ ချန်ပီယံလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ပါလိမ့်မယ်"ဟု ပြောဆိုသည်။

**ထက်အောင်**





## ချန်ပီယံလိဂ် ဘာစီလိုနာနှင့် မန်ယူပွဲတွင် ဂိုးသွင်းယူခဲ့သည့် ကော်တင်ညို၏ အောင်ပွဲခံမှုကို ရီဗယ်ဒို ဝေဖန်ပြောဆို

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ဘာစီလိုနာအသင်းက မန်ယူအသင်းအား အိမ်ကွင်း၌ ၃-၀ ဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညို၏ အောင်ပွဲခံပုံအပေါ် ဘရာဇီးနှင့် ဘာစီလိုနာတိုက်စစ်ကစားသမားဟောင်း ရီဗယ်ဒိုက ဝေဖန်ပြောဆိုလိုက်သည်။

အဆိုပါပွဲတွင် ဘရာဇီးကစားသမား ကော်တင်ညိုသည် ပွဲချိန် ၆၁ မိနစ်တွင် ဘာစီလိုနာအသင်းအတွက် တတိယဦးဆောင်ဂိုးအား သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ကော်တင်ညိုသည် ဂိုးသွင်းယူပြီးနောက် ၎င်းအပေါ် ဝေဖန်မှုများ ပြုလုပ်နေသည့် ဘာစီလိုနာအသင်းပရိသတ်များအား တုံ့ပြန်သည့်အနေဖြင့် နားအားလက်ချောင်းများဖြင့်ပိတ်ကာ အောင်ပွဲခံခဲ့သည်။

ကော်တင်ညို၏ တစ်နိုင်ငံတည်းသားဖြစ်သူ ရီဗယ်ဒို (၄၆ နှစ်)က "ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ကော်တင်ညိုဟာ အလွန်ကောင်းမွန်တဲ့ ဂိုးတစ်ဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့အောင်ပွဲခံပုံက နှစ်သက်စရာ အောင်ပွဲခံပုံမျိုးတော့ မဟုတ်ခဲ့ဘူး။ ပရိသတ်တွေကို ဒီလိုအပြုအမူမျိုးပြုလုပ်ပြပြီး အောင်ပွဲခံတာမျိုးက ဘယ်တော့မှ ကောင်းမွန်တဲ့ကိစ္စဖြစ်လာမှာ မဟုတ်ဘူး။ ကော်တင်ညိုအနေနဲ့ ဘာစီလိုနာအသင်းအတွက် လက်ရှိထက် ပိုမိုစွမ်းဆောင်ပေးနိုင်တဲ့ ကစားသမားဖြစ်တယ်ဆိုတာကို ပရိသတ်တွေက သိရှိထားတာကြောင့် သူ့အပေါ်ဝေဖန်မှုတွေ ပြုလုပ်နေတာပါ။ တကယ်လို့ ကော်တင်ညိုအနေနဲ့ နောက်ထပ် သွင်းဂိုးတွေ ရရှိလာခဲ့မယ်ဆိုရင် အခြေအနေတွေက ပြောင်းလဲသွားမှာဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းကစားသမားတစ်ဦးအဖြစ် ဆက်ရှိသွားမယ့်သူပါ"ဟု ပြောဆိုခဲ့သည်။

ဆက်လက်၍ ရီဗယ်ဒိုက ကော်တင်ညိုသည် တစ်ရာသီလျှင် သွင်းဂိုး ၂၅ ဂိုး သွင်းယူနိုင်စွမ်းရှိသည့် ကစားသမားဖြစ်ပြီး ဘာစီလိုနာအသင်းတွင်သာ ဆက်နေရန်လည်း ကော်တင်ညိုအား တိုက်တွန်းစကားပြောဆိုခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၄၇ ပွဲ ပါဝင်ကစားထားကာ ၁၁ ဂိုး သွင်းယူထားသူဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်ကာ ဘာစီလိုနာအသင်းနှင့် ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။

နာမည်ကျော် ဘရာဇီးတိုက်စစ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ရီဗယ်ဒိုသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ပြီး ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၂၃၅ ပွဲ ပါဝင်ကစားခဲ့ပြီး ဂိုး ၁၃၀ သွင်းယူခဲ့ကာ ဘာစီလိုနာအသင်း သမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၏ အဆင့် ၉ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

**ထက်အောင်**

# မူဆယ်နယ်စပ်တွင် စိန်တလုံးသရက်သီးနှင့် မယ်သီသရက်သီးများ အရောင်းအဝယ်သွက်

**မူဆယ် ဧပြီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ အရှေ့မြောက်တံခါးအများပိုင် ကုမ္ပဏီလီမိတက် နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းသို့ ဧပြီလအတွင်း သရက်သီးများ စတင်ဝင်ရောက်မှုရှိပြီး စိန်တလုံးသရက်သီးနှင့် မယ်သီသရက်သီးများ အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိနေသည်ဟု သိရသည်။



(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် နှစ်နိုင်ငံသရက်သီးအရောင်းအဝယ်ပြုလုပ်နေစဉ်။

သရက်သီးများကို မြန်မာပြည်အနယ်နယ်အရပ်ရပ်တွင် စိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ မိုင် ၄၀၊ ရဘုတ်၊ အမရပူရ၊ စဉ့်ကိုင်၊ တဘက်ဆွဲ၊ ဟန်မြင့်မိုရ်၊ ညော့ပြ၊ သပြေရိုး စသည့်ဒေသအတွင်းရှိ ကျေးရွာများမှ သရက်သီးများနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်ဝန်း၊ တည်ပဲရင်းကွဲဒေသအတွင်းရှိ သရက်သီးများ အဓိကဝင်ရောက် ရောင်းချနေကြောင်း သိရပြီး လက်ရှိ အနေအထားအရ စိန်တလုံးသရက်သီး၊ မယ်သီသရက်သီး အမျိုးအစားများ ဝင်ရောက်နေပြီး အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိနေသည်ဟု သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီလီမိတက် တရုတ်-မြန်မာ သစ်သီးရောင်းဝယ်ကွင်းသို့ စိန်တလုံး၊ ဟသ်ာ၊ ရင်ကွဲ၊ သုံးနှစ်၊ မယ်သီ၊ မစောရင်၊ မချစ်စု ၊ အောင်ဒင်၊ ဘဲလေး၊ ပန်းသခွားစသည့် သရက်အမျိုးအစားများ ဝင်ရောက်ရောင်းချနေသည်။ လက်ရှိ သရက်သီးဈေးနှုန်း စိန်တလုံးသရက်သီး အိတ်စွပ်သီး အရည်အသွေးကောင်းပြီး အပြစ်အနာအဆာမရှိလျှင် ၁၅ ကေဂျီ တစ်ခြင်းကို တရုတ်ယွမ် ၁၀၀ မှ ၁၇၀ ထိရရှိကြောင်း၊ အသီးမှာ အရောင်အဆင်းမရှိ အပြောက်ပါပြီး အရည်အသွေး မကောင်းလျှင် ယွမ် ၁၁၀ ဝန်းကျင်ခန့်သာရရှိကြောင်း၊ အိတ်လွတ်အစိမ်းသီး ယွမ် ၇၀၊ သုံးနှစ် အိတ်စွပ်သီး ယွမ် ၈၀၊ ငမောက်အိတ်စွပ်သီး ယွမ် ၆၀ ရရှိကြောင်း၊ သရက်သီးတစ်ခြင်းကို အလုံး ကြီးလျှင် ၄၅လုံးမှ အလုံး ၅၀ အထိပါရှိပြီး အလုံးသေးလျှင် ၅၅ လုံးမှ အလုံး၆၀ အထိ ပါရှိကြောင်း သိရသည်။

"အဓိက အသီးအရည်အသွေးကောင်းပြီး အပြစ်ကင်းရင်ဈေးကောင်းရပါတယ်။ စိန်တလုံးသရက်သီးက အကြာကြီး အထားမခံတဲ့အတွက် ဝေးလံတဲ့ဒေသတွေအထိ မပို့ကြဘူး။ အထားခံတဲ့ ရွှေဟသ်ာသရက်သီးတွေကိုတော့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနှံ့အပြားထိ တင်ပို့ရောင်းချကြပါတယ်"ဟု အသီးကုန်သည်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အသီးအေးဂျင့် ၂၅၀ လောက်ရှိတယ်။ အေးဂျင့်တွေ အနေနဲ့ အဓိကလုပ်ဆောင် ချက်တွေမှာ သက်ဆိုင်ရာပွဲရုံအလိုက် ကားကြို၊ ကားသွင်း၊ ကားထုတ် ဂျူတီ ဆောင်ပေးပြီး အသီးကားတွေ မြန်မြန်ဆန်ဆန် ထွက်ခွာနိုင်ရေးအတွက် တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်ပြီး လုပ်ဆောင်ပေးရတာဖြစ်ပါတယ်" ဟု အရှေ့မြောက်တံခါး အများပိုင် သစ်သီးအေးဂျင့်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

ဧပြီ ၁၈ ရက် တွင် မြန်မာပြည်ဘက်မှ သရက်သီးအစီးရေ ၁၅ စီးခန့် ဝင်ရောက်မှုရှိပြီး သရက်သီး ဂျပ်ဖာခြောက်ထောင်ဝန်းကျင်ခန့် ရှိသည်ဟု အသီးကွင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ နှစ်နိုင်ငံ အသီးရောင်းဝယ်မှုကို နေ့စဉ် နံနက် ၇ နာရီမှ ၁၀ နာရီဝန်းကျင်အထိ ပြုလုပ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်ပေါ်ချိန် ကြက်သွန်ဈေးနှုန်း ကျဆင်းနေခြင်းကြောင့် အရှုံးပေါ်

**ကျောက်ပန်းတောင်း ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်သွန်စိုက်ပျိုးကြသည့် တောင်သူများ ကြက်သွန်လှိုင်လှိုင်ပေါ်ချိန် ကြက်သွန်ဈေးနှုန်း မကောင်းသောကြောင့် ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်ကာ ဈေးနှုန်းကောင်းရန် ကြက်သွန်စိုက်တောင်သူများ မျှော်လင့်လျက်ရှိကြောင်း ကန်ပတ်လည်အုပ်စု ဆပ်ပြာကျင်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးဇော်ချင်းက ပြောသည်။



ကြက်သွန်ရောင်းချရန် ကားပေါ်သို့တင်ဆောင်နေစဉ် ။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ဆည်အထက်ဘက် လဲဂွရွာ၊လက်ပံအိုင့်ရွာ၊ ညောင်ဖြူပင်ရွာ၊ မုန့်ကုန်းရွာ၊ ညောင်ချိုင်းတောင်/မြောက် ကျေးရွာများ၊ ဆပ်ပြာကျင်းကျေးရွာ၊ ဆည်၏အရှေ့ဘက် ကျေးရွာများဖြစ်သည့် ကင်မွန်းခြုံ၊ ကျောက်တံခါးကျေးရွာများ၊ ကြက်မောက်တောင်ဆည်အောက်ဘက် ကိုင်းကျေးရွာ၊ ညောင်ပင်သာ၊ စည်ပင်သာ၊ မကြီးတိုင်း၊ အိုးအိုင်အစရှိသည့် ကျေးရွာများ အိမ်တိုင်းကြက်သွန်စိုက်ပျိုးကြပြီး အချို့သော တောင်သူများ နုတ်ပြီးပြီးချင်း ရောင်းချကြရာ တစ်ပိဿာ ငွေကျပ် ၄၀၀ သာ ရောင်းချရခြင်းကြောင့် ကြက်သွန်စိုက်တောင်သူများ အရှုံးနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

"ကျွန်တော်တို့ဆို ကြက်သွန်ပျိုးထောင်ချိန်ကစပြီး ကြက်သွန်ပျိုးခင်း ရေဖျန်းချိန်အထိ စက်နဲ့ရေဖျန်းရတာ ဆီဖိုး၊ လုပ်အားခ၊ မြေဆီဖိုး၊ ရွက်ဖျန်းအားဆေးဖိုးတွေကုန်ရ၊ ကြက်သွန်စိုက်ချိန်၊ နုတ်ချိန် လူအင်အား အများအပြားသုံးရ၊ နုတ်ပြီး ကြက်သွန်အိမ်တိုက်ဖို့ ထော်လာဂျီ၊ နွားလှည်းငှားရနဲ့ ကြက်သွန်ရောင်းချချိန် ဒီဈေးနှုန်းဆိုတော့ အရှုံးပေါ်တာပေါ့။ လှောင်ကြက်သွန်တွေကို အိမ်အတွက် ငွေလိုလို့သာ ရောင်းကြတာ အဆင်ပြေတဲ့တောင်သူတွေကတော့ နုတ်ပြီးပြီးချင်း မရောင်းဘဲ လှောင်ထားကြပြီး ဈေးတက်ချိန်မှသာ ထုတ်ရောင်းကြတယ်။ ကြက်သွန်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၉၀၀၊ ၁၀၀၀ ရောင်းချရမှသာ အရင်းကျေရုံပဲရှိပါတယ်။ ဈေးနှုန်းကျဆင်းတဲ့နှစ်တွေမှာ ကြက်သွန်ပြန်စိုက်ချိန် အရင်းအတွက် အခက်အခဲ ဖြစ်ကြရပါတယ်" ဟု ကြက်သွန်စိုက်တောင်သူ ဦးနေမျိုးထွန်းက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



**ရေဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေ စုပေါင်းအမှိုက်ကောက်ပွဲကို ဧပြီ ၁၈ ရက်က ကျင်းပစဉ်။**

(အမှိုက်ကောက်ပွဲကို ချောင်းသာမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်၍ဌာနဆိုင်ရာများ၊ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ဟိုတယ်ဇုန်ဝန်ထမ်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့်က ကမ်းခြေတစ်လျှောက်နှင့် ကမ်းခြေဆင်းလမ်းကြားရှိ အမှိုက်များကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။)

**ကိုကိုမောင် (ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ သက်ကြီးပူဇော်ပွဲများကျင်းပ

**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ္မာဝတီခန်းမ၌ အသက် ၉၀ နှင့်အထက်ဘိုးဘွား ၇၁ ဦးအား သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ်ဦး၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများက ကန်တော့ခံ ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများအား အိမ်တိုင်ရာရောက် ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

**ဒလ**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ (၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သာသနာ့ဟိတေသီဓမ္မာရုံကြီး၌ အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က ကျင်းပသည်။

သက်ကြီးဘိုးဘွားများအား ရပ်ကွက်နေအလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေသားကျပ် ၃၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို တစ်ဦးချင်းဆီသို့ ပေးအပ်လှူဒါန်းပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ခဲ့သော ရာသက်ပန်ထောက်ပံ့မှုရသည့် အဘိုးအဘွားလေးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ထပ်ဆင့်လှူဒါန်းခဲ့သည်။

**ထွန်းလှ(ဒလ)**

**တနိုင်း**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့တွင် အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က ပုန်ခုန်းရပ်ကွက် ဟူးကောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိများနှင့် အလှူရှင်များက မြို့ပေါ်ခြောက်ရပ်ကွက်မှ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၉၉ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းနှင့် စုစုပေါင်း ငွေကျပ် ၁၉၈၀၀၀၀ ကို လှူဒါန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့တွင် သက်ကြီးဘိုးဘွားပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ဝေါမြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ ဝေါမြို့ပေါ်ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက အဘိုးအဘွားတစ်ဦးကို ကန်တော့ငွေကျပ် ၁၂၀၀၀ ဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

အဆိုပါ ပူဇော်ပွဲတွင် ကန်တော့ခံဘိုးဘွား အသက် ၈၅ နှစ်နှင့်အထက် စုစုပေါင်း ၇၉ ဦးရှိပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူ များက အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ကျေးရွာများတွင် ဧပြီ ၁၇ ရက်က အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပခဲ့သည်။

မင်းဘူး(စကု) မြို့နယ် ကုလားပါးကျေးရွာ ရွာလယ်ဓမ္မာရုံ၌ အသက် ၇၀ နှင့်အထက် အဘိုး ၂၂ ဦး၊ အဘွား ၂၆ ဦးတို့အားလည်းကောင်း၊ တောင်မန်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ အသက် ၇၅ နှစ်နှင့်အထက် အဘိုး၂၀၊ အဘွား ၄၀ တို့အားလည်းကောင်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများက အလှူငွေနှင့် အလှူပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

**ပေါင်**

ပေါင်မြို့နယ် ဗဟိုမဏ္ဍပ်၌ သံဃာတော်များအား ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၁၇ ရက်က ပြုလုပ်ခဲ့ပြီးနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နံနက် ၇ နာရီခွဲခန့်တွင် မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၅၀ ကို အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

**ခေါဇာ**

မွန်ပြည်နယ် ခေါဇာမြို့မွန်လူငယ်အဖွဲ့နှင့် စေတနာရှင်များ ပူးပေါင်းကျင်းပသော အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က ခေါဇာမြို့ မြို့လယ်ဘုရားကွင်း၌ ကျင်းပသည်။

ယင်းသက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲတွင် အသက် ၆၉ နှစ်မှအသက် ၈၀ ကြားရှိ ဘိုးဘွား ၆၈ ဦးတို့အား တစ်ဦးလျှင်အလှူငွေကျပ်တစ်သောင်းစီဖြင့် မွန်လူငယ်အဖွဲ့နှင့် စေတနာရှင်များက ပူဇော်ကန်တော့ကြသည်။

**ညီညီချမ်း(ပြန်/ဆက်)**

**ဖယ်ခုံ ဧပြီ ၁၈**

ဖယ်ခုံမြို့နယ်၌ အသက် ၈၀ နှင့်အထက် စုစုပေါင်း ဘိုးဘွား ၁၀၄ ဦးတို့အား ဧပြီ ၁၇ ရက်တွင် အလှူရှင်များက လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၄၆၄၆၅၀၀ ကို လှူဒါန်းခဲ့ကြပြီး အခမ်းအနားတက်ရောက်နိုင်ခြင်းမရှိသော ဘိုးဘွားများကို အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်နှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကိုထွေး(ဖယ်ခုံ)**

# တာချီလိတ်မြို့၌ ဇရပ်တန်ဆောင်းဆောက်လုပ်ရန် ငွေကျပ်သိန်းတစ်ထောင်နှင့် မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကျင်းပ

**တာချီလိတ် ဧပြီ ၁၈**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် တိုင်းရင်းသားပေါင်းစုံ မြို့မသုသာန် မီးသင်္ဂြိုဟ်စက်ကြီး၌ အသုံးပြုမည့် ဇရပ်တန်ဆောင်းကြီး ဆောက်လုပ်ရန် ငွေကျပ်သိန်း တစ်ထောင်နှင့် မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကို ယမန်နေ့က မဟာမြတ်မုနိကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ယင်းသို့ လှူဒါန်းရာတွင် တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ၏ သက်တော် ၈၅ နှစ်၊ ဝါတော် ၆၅ ဝါပြည့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ အထိမ်းအမှတ်အဖြစ် ပြည်သူ့နတ်နန်း(အဘကိုးမြို့ရှင်ပင်မဗိမာန်တော်ကြီး)၏ ခုနစ်ရက်သားသမီးများ လှူဒါန်းထားသည့် ထီးကြေး၊ နန်းကြေးများမှ မဟာမြတ်မုနိကျောင်းတိုက်ဆရာတော်ကို ငွေကျပ်သိန်း ၅၀၊ မြို့မသုသာန်အတွက် ငွေကျပ်သိန်း တစ်ထောင်နှင့် မော်တော်ယာဉ်တစ်စီးအား ပြည်သူ့နတ်နန်း၏ နာယကများ ကိုယ်စား အမှုဆောင် ဦးတင်လှိုင်(အဆွေတော်)နှင့် ဦးဇော်မြင့်(ဖြိုးမိနီမတ်)တို့က ပေးအပ်လှူဒါန်းရာ မြို့မသုသာန်အသစ် ပြန်လည်တည်ဆောက်ရေးကော်မတီနာယက ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူး စံသိန်းနှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**



ဇရပ်တန်ဆောင်းဆောက်လုပ်ရန် ငွေလှူဒါန်းပွဲအား မဟာမုနိကျောင်းတိုက်၌ ကျင်းပစဉ်။



**ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် ဧပြီ ၁၈ ရက် နံနက်က ကမ်းခြေသန့်ရှင်းသာယာလှပစေရန်အတွက် စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပစဉ်။** (အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲကို မြို့အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏဝင်းနှင့် ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်ဝန်ထမ်းများ စုစုပေါင်း ၁၀၀ ခန့် စုပေါင်းပါဝင် ဆင်နွှဲကြကြောင်း သိရသည်) **နှင်းဝေဦး (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၂၄ ခု ဆောင်ရွက်သွားမည်

**ပွင့်ဖြူ ဧပြီ ၁၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၂၄ ခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ဒုတိယအကြိမ် ခွဲဝေချထားပေးသည့် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်စေရေး၊ လယ်ယာထွက်ကုန်သီးနှံများ အဆင်ပြေစွာ သယ်ယူပို့ဆောင်ရောင်းချနိုင်ရေးတို့အတွက် ရည်ရွယ်၍ ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၁၇ ခု၊ လယ်ယာကုန်ထုတ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်း နှစ်ခု၊ ကျေးလက်ရေဆိုးထုတ်မြောင်း ဆောင်ရွက်ခြင်းလုပ်ငန်း နှစ်ခု၊ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ တိုင်းရင်းသားနားနေဆောင် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ၂၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ပွင့်ဖြူမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီး

**ပေါက်**
ပေါက်မြို့နယ်တွင် ဧပြီ ၁၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်အချို့၊ ဘုန်းကြီးကျောင်းနှင့် စာသင်ဆောင်အချို့ အမိုးလန်ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပလောင်းကျေးရွာတွင် နေအိမ် သုံးလုံး၊ ကျောက်မဲတောင်ကျေးရွာတွင် နေအိမ် လေးလုံး၊ ကျောက်တံခါးကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ မြေနီ(မ)တွင် လူနေအိမ် ကိုးလုံး၊ ပေါက်ချောင်းအထက်စုကျေးရွာရှိ ဘုန်းကြီးကျောင်း၊ သရက်တောကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ လင်ထောင်ကျေးရွာတွင်လူနေအိမ် ၁၇ လုံးနှင့် ဘုန်းကြီးကျောင်း၊ ခင်တန်းရှည်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ မိုးကောင်းကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ မျှားပိုင်းကျေးရွာတွင် လူနေအိမ် ၆၂ လုံးနှင့် စာသင်ကျောင်း၊ ရွှေဘုံသာကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ခင်အေးကျေးရွာတွင် လူနေအိမ် နှစ်လုံးနှင့် ဘုန်းတော်ကြီးကျောင်း၊ လေးပင်အိုင့်ကျေးရွာတွင် လူနေအိမ်တစ်လုံး၊ စာသင်ကျောင်းဆောင်နှင့် ဘုန်းကြီးကျောင်း အစရှိသည့်ကျေးရွာများမှ နေအိမ် ၁၀၆ လုံး၊ ဘုန်းကြီးကျောင်း လေးကျောင်းနှင့် စာသင်ကျောင်းဆောင် တစ်ဆောင် အမိုးလန်ပျက်စီးခဲ့ပြီး မျှားပိုင်းကျေးရွာမှ နေအိမ် နှစ်လုံး၊ မိုးကောင်းကျေးရွာမှ နေအိမ် တစ်လုံးနှင့် ကျောက်မဲတောင်တောတိုက်မှ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ် လေးလုံး ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



လေပြင်းတိုက်ခတ်မှုကြောင့် နေပြည်တော်ရှိ အိုးရှင်းစူပါစင်တာအဆောက်အအုံမှ အကာအရံအချို့ပျက်စီးနေသည်ကို တွေ့ရစဉ်။



လေပြင်းတိုက်ခတ်မှုကြောင့် ပေါက်မြို့နယ်ရှိ အိမ်များ ပျက်စီးနေမှုကို တွေ့ရစဉ်။

**နေပြည်တော်**
နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ဧပြီ ၁၇ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ အိုးရှင်းစူပါစင်တာ အရှေ့ဘက်ခြမ်း အကာများ ကွာကျခြင်း၊ ရွှေနံ့သာရပ်ကွက်တွင် လူနေအိမ် ခုနစ်လုံး၊ ငန်းစပ်ကျေးရွာတွင် လူနေအိမ် ၁၅ လုံးနှင့် အထက်တန်းကျောင်း စာသင်ဆောင်တစ်ဆောင်၊ ဇလောင်းတောင်ကျေးရွာတွင် နေအိမ် ငါးလုံး၊ ဇလောင်းမြောက်ကျေးရွာတွင် လူနေအိမ် ကိုးလုံး၊ နန့်ချွန်ကျေးရွာတွင် လူနေအိမ် ၄၄ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကျွဲရှင်းကျေးရွာတွင် အ.လ.က(ခွဲ) စာသင်ကျောင်းဆောင် တစ်ဆောင်၊ မင်းကုန်ကျေးရွာတွင် လူနေအိမ် ငါးလုံး၊ ဖောင်းလောင်ကျေးရွာတွင် လူနေအိမ် လေးလုံး၊ အောင်ချမ်းသာကျေးရွာတွင် နေအိမ် ခြောက်လုံးနှင့် အောင်ချမ်းသိမ်း ကျေးရွာတို့တွင် နေအိမ်တစ်လုံးနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်းဆောင် နှစ်ဆောင်တို့မှာ အမိုးလန်ပျက်စီးခဲ့ပြီး နန်းခွန်ကျေးရွာရှိ လူနေအိမ်နှစ်လုံးမှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

**ဆင်ပေါင်ဝဲ**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာ၌ ဧပြီ ၁၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း နှစ်ကျောင်းနှင့် လူနေအိမ် ငါးလုံး အမိုးလန်ပျက်စီးသွားခဲ့ပြီး နေအိမ်အလုံး ၂၀ အမိုး တစ်ခြမ်း လေလန်သွားခဲ့ရာ စုစုပေါင်း နေအိမ် ၂၅ လုံးနှင့် သစ်ပင်များ ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ပျက်စီးနေအိမ်နှင့် မိသားစုဝင်များအား မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖွဲ့များက ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**နေခြည် (ဆင်ပေါင်ဝဲ)**

## မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသ ခွဲစိတ်ပေးသွားမည်

**ကံမ မေ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ သာသနာ့ဗိမာန်တော်ကြီး၌ မေ ၂၈ ရက်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသ ခွဲစိတ်ပေးသွားမည်ဖြစ်သည်။

အဆိုပါအခမဲ့ကုသပေးမည့် အစီအစဉ်ကို ကံမမြို့နယ်အသင်း (ရန်ကုန်)နှင့် မဏိနယ်လှည့်ပရဟိတ ကျန်းမာရေးအထောက်အကူပြုအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်အတွင်း သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**မိတ္ထီလာ မေ ၁၈**

မိတ္ထီလာခရိုင်အတွင်း သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ မီးသတ်ဦးစီးဌာနနှင့် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် (မိတ္ထီလာ)၊ ဇော်လှိုင်း ဇာတ်သဘင်အဖွဲ့တို့ ပူးပေါင်း၍ မေ ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

မိတ္ထီလာမြို့နယ်အတွင်း သောက်သုံးရေ အခက်အခဲရှိလာပါက ခရိုင်မီးသတ်ဦးစီးဌာနမှ သွားရောက်လှူဒါန်းပေးလျက်ရှိရာ ယခုအကြိမ်၌ မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များနှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်(မိတ္ထီလာ)တို့ ပူးပေါင်း၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ညောင်ပင် လှိုင်ကျေးရွာအုပ်စု သရက်တန်းကျေးရွာသို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၁၆၀၀ ကို လှူဒါန်းခဲ့သည်။

ထို့အပြင် သောက်သုံးရေအခက်အခဲဖြစ်နေသော အိမ်ခြေ ၅၀၀ လူဦးရေ ၁၉၅၀ ရှိသည့် ဝမ်းတွင်းမြို့နယ် ပန်းကြိုင်းကျေးရွာသို့လည်း မီးသတ်ဦးစီးဌာနနှင့် ဇော်လှိုင်း ဇာတ်သဘင်အဖွဲ့တို့ ပူးပေါင်း၍ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၄၈၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ မေ ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့စဉ်။

## ရေစကြိုမြို့နယ် ညောင်ပင်-ငတမျှော်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း မကြာမီ ပြီးစီးတော့မည်



ရေစကြိုမြို့နယ် ညောင်ပင်-ငတမျှော်ကျေးရွာမှ ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်။

**ရေစကြို မေ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်ပင် - ငတမျှော်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါလမ်းကို ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ကျွန်းပေါ်ရှိ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၁၂ ရွာမှ ထွက်ရှိသော လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ မြေနီကျောက်စရစ် ကိုးလက်မထု ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ပြီး ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ခြေ ၂၀၁၄ အိမ် လူဦးရေ ၉၃၇၇ ဦး၏ လယ်မြေ ၂၁၁၆ ဧက၊ ကိုင်းမြေ ၃၂၄၇ ဧကများမှ ထွက်ရှိသော အဓိကသီးနှံများဖြစ်သည့် စီပီ ပြောင်း၊ နှမ်း၊ ကုလားပဲ၊ မြေပဲနှင့် အခြားပဲမျိုးစုံတို့ကို မန္တလေး၊ ပခုက္ကူ၊ ရေစကြိုမြို့တို့သို့ ရာသီမရွေး သယ်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ရေးမြို့နယ်တွင် ပင်လယ်လင်းရှူးတစ်ကောင် သောင်တင်သေဆုံး

**ရေး မေ ၁၈**

ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာ ပင်လယ်ဝသဲသောင်ပြင်ပေါ်တွင် ယမန်နေ့က အလျား ၁၇ ပေ၊ လုံးပတ် ၁၁ ပေ ၁ လက်မ၊ ရှေ့ရေယက် တစ်ပေ ကိုးလက်မ၊ အပေါ်ကျောတောင် ၁၄ ပေ၊ အမြီးဖျား ငါးပေရှိ ပင်လယ်လင်းရှူးတစ်ကောင် သဲသောင်ပြင်ပေါ်တွင် သောင်တင်သေဆုံးနေကြောင်း သိရသည်။

အဆိုပါလင်းရှူးမှာ ညဘက်ရေတက်ချိန်တွင် သဲသောင်ပြင်ပေါ်သို့ ရောက်ရှိပြီး မသေဆုံးခင် အချိန်အထိ ရုန်းကန်လှုပ်ရှားထားခြင်းကြောင့် ခန္ဓာကိုယ်တွင် ပွန်းရာခြစ်ရာများ တွေ့ရှိရကြောင်း ရေကျချိန်တွင် ကမ်းခြေသို့ ဆွဲတင်ပြီးမြေမြှုပ်သွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



သောင်တင် သေဆုံးနေသော ပင်လယ်လင်းရှူးသေအား တွေ့ရစဉ်။

## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပျော်ဘွယ် မေ ၁၈**

နွေရာသီကာလ၌ ပြည်သူအများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်း နားလည်စေရန် ရည်ရွယ်ကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ပျော်ဘွယ်မြို့ မြို့နယ်ရဲစခန်းဝင်း၌ မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းကာ ယမန်နေ့က ပြုလုပ်ခဲ့သည်ဟု သိရသည်။

သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်လွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်မိသားစုများအား မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့က မီးငြှိမ်းသတ်ခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်မိသားစုများ ကိုယ်တိုင်ပါဝင်သော မီးငြှိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ အတွင်းလူနာ ၁၉၆ ဦးနှင့် သေဆုံးသူ ကိုးဦး ရောက်ရှိလာ

**မန္တလေး မေ ၁၈**

သင်္ကြန်ကာလအတွင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူရန် လူနာ ၁၉၆ ဦးနှင့် သေဆုံးသူ ကိုးဦး ရောက်ရှိလာကြောင်း အဆိုပါဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

ယခုနှစ်တွင် ကျင်းပသည့် မန္တလေး သင်္ကြန်ပွဲတော်ကာလအတွင်း အကြိုနေ့မှ အတက်နေ့အထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လူနာစုစုပေါင်း ၇၅၂ ဦးရောက်ရှိလာပြီး ယင်းလူနာများအနက် ပြင်ပလူနာအဖြစ် ကုသမှုခံယူသူ ၅၅၆ ဦးနှင့် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၁၉၆ ဦးတို့ ရှိခဲ့သည့်အပြင် သေဆုံးပြီးမှ ရောက်ရှိလာသူ ကိုးဦးရှိကြောင်း သိရသည်။




သင်္ကြန်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ ညဘက်မြင်ကွင်းကို တွေ့ရစဉ်။

“ဒီနှစ်သင်္ကြန်ကာလမှာ ကျွန်တော်တို့ ဆေးရုံကြီးကို ရောက်ရှိလာတဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေက ယာဉ်မတော်တဆမှုကြောင့် အများဆုံးရောက်ရှိလာပြီး ကုသမှုခံယူသူတွေထဲမှာ ဆိုင်ကယ်ကြောင့် ထိခိုက်မှု ပိုမိုဖြစ်ပွားတာ တွေ့ရပါတယ်။ သေဆုံးသူ ကိုးဦးကလည်း ခြောက်ဦးက ယာဉ်မတော်တဆမှုကြောင့်ဖြစ်ပြီး ကျန်နှစ်ဦးကတော့ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဖြစ်ပါတယ်။ ကျန်အမျိုးသမီးတစ်ဦးက ကျုံးထဲကို ခုန်ချလို့ ရေနစ်သေဆုံးတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်ကာလတွေနဲ့ နှိုင်းယှဉ်ရင် အတွင်းလူနာနဲ့ သေဆုံးသူ ဦးရေဟာ လျော့နည်းလာတာကို တွေ့ရပါတယ်”ဟု ၎င်းက ပြောသည်။

သင်္ကြန်ကာလအတွင်း မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိလာကြသည့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူစာရင်းများမှာ ၂၀၁၅ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၇၅၀ နှင့် သေဆုံးပြီး ရောက်ရှိလာသူ ၂၈ ဦး၊ ၂၀၁၆ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၇၀၀ ကျော်နှင့် သေဆုံးပြီး ရောက်ရှိလာသူ ၁၆ ဦး၊ ၂၀၁၇ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၈၁၃ ဦးနှင့် သေဆုံးပြီး ရောက်ရှိလာသူ ၁၇ ဦး၊ ၂၀၁၈ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၆၈၃ ဦးနှင့် သေဆုံးပြီး ရောက်ရှိလာသူ ရှစ်ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အာဆီယံအဆင့် သဘာဝအမွေအနှစ် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

ဝတ်ရည်ခင်(ပဲခူး)



မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ပေါက်ရောက်ထိန်းသိမ်းထားသော ဒီရေတောပင်များ

**မိန်းမလှကျွန်းသို့**

၂၀၁၉ နှစ်ဦးပိုင်း ဇန်နဝါရီလက စာရေးသူသည် စာရေးဆရာကြီး ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့်အတူ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၏ ဖိတ်ကြားချက်အရ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာတိုးတက်ရေး ဟောပြောပွဲအတွက် ဘိုကလေးမြို့ကို ရောက်ရှိခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ဒီရေတော (ဂေဟစနစ်)အကြောင်း လေ့လာရန်အတွက် စာရေးသူတို့အား မိန်းမလှကျွန်းသို့ လိုက်ပါပို့ဆောင်ပေးသည်။

မိန်းမလှကျွန်းသို့ စပီဘုတ်စီးပြီး သွားခဲ့ကြရာ အသွားခရီးတွင် အချိန် သုံးနာရီခန့် ကြာခဲ့သည်။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (Flyway Site Network)ကို အရောက်သွားလေ့လာခဲ့ကြရာ လမ်းခရီးတွင် သိလိုသည်များကို အသေးစိတ် သေသေချာချာ ရှင်းပြပေးကြသူများအား များစွာ ကျေးဇူးတင်မိသည်။ စာရေးသူတို့ကလည်း စာအုပ်တစ်အုပ်ဖြင့် မှတ်သားခဲ့၍ ယခုဆောင်းပါးလေးကို ပြန်ရေးနိုင်ခဲ့ခြင်းဖြစ်သည်။

**မိန်းမလှကျွန်း ဘေးမဲ့တော**

မိန်းမလှကျွန်း ဘေးမဲ့တောကို ၁၉၉၄ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း တည်ရှိသည်။ ၃၃၇၇၆ ဧက (၅၂ ဒသမ ၇၈ စတုရန်းမိုင်) ကျယ်ဝန်းသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေနှစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကထုတ်ကုန်ဖြစ်သော ဆန်စပါးစိုက်ပျိုးရေးအတွက် လယ်ယာမြေများကို ပျက်စီးစေမည့် ပင်လယ်ရေငန်ဝင်ရောက်မှုကို ဟန့်တားကာကွယ်ပေးခြင်း၊ မြေပြို ရေတိုက်စားမှုကို ကာကွယ်ပေးခြင်း၊ နုန်းမြေပို့ချမှုကို ထိန်းသိမ်းပေးခြင်း၊ ဒုတိယထုတ်ကုန်ဖြစ်သော ရေထွက်သယံဇာတဖြစ်သည့် ရေသတ္တဝါများအတွက် ခိုလှုံပေါက်ဖွားရာ ဒီရေတောဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည့် ရေချိုရေငန်စပ် နယ်မြေဒေသတစ်ခု ဖြစ်သည်။

ရေချိုရေငန်စပ် ဂေဟစနစ်တွင် ပါဝင်သော ဒီရေတော၊ ရွှံ့နွံတော၊ မြက်ခင်းတော၊ သဲသောင်ပြင်တော စသည့် ဂေဟစနစ်မျိုးစုံကို မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ တွေ့ရှိရပြီး ဇီဝမျိုးစုံမျိုးကွဲများလည်း ကျင်လည်ကျက်စားလျက်ရှိသည်။ ရေချိုရေငန်စပ်မိကျောင်း(ခေါ်) ငမိုးရိုပ်မိကျောင်းမျိုး(Crocodylus Porosus)ကို သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်ထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဧရိယာလည်း ဖြစ်ပေသည်။ ထို့အပြင် ဖျံများ၊ တောခွေးများ၊ တောဝက်များ၊ မျောက်များ၊ မြွေမျိုးစုံနှင့် ဒီရေတောငှက်မျိုးများလည်း ကျင်လည်ကျက်စားလျက်ရှိသည်။



မိန်းမလှကျွန်းမှ မိကျောင်းများ

**ရမ်ဆာ ရေတိမ်ဒေသ**

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်ကလည်းကောင်း၊ ရမ်ဆာရေတိမ်ဒေသ(Ramsar Site)အဖြစ် ၂၀၁၇ ခုနှစ်ကလည်းကောင်း သတ်မှတ်ခံခဲ့ရသည်မှာလည်း နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာတစ်ခု ဖြစ်ခဲ့ပေသည်။

မိန်းမလှကျွန်း ရမ်ဆာရေဧရိယာဒေသအတွင်း၌ ကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့် ဒေသပြောင်းဆောင်းခိုငှက်မျိုးများ ကျရောက် ကျက်စားခြင်းကြောင့်လည်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် အလွန်အရေးပါသည့်နေရာဒေသတစ်ခု ဖြစ်နေ၍ နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့် ထိန်းသိမ်းရမည့် ဘေးမဲ့တောတစ်ခုအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

**မိန်းမလှကျွန်းနှင့် ဖူးခက်**

စပီဘုတ်ဖြင့် လေကောင်းလေသန့်ကိုရှူရင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ သွားနေစဉ် ပဲခူးမြို့ရှိ ခင်ပွန်းဆီမှ ဖုန်းဝင်လာပါသည်။ ဖုန်းလိုင်းများလည်းမိနေ၍ ဝမ်းသာရသည်။ ခင်ပွန်းဖြစ်သူအား ခရီးစဉ်အကြောင်း ပြောပြရင်း ထိုင်းနိုင်ငံ ဖူးခက်ကျွန်းနှင့် ပတ်ဝန်းကျင်ရှိ ဒီရေတောများနှင့် မိန်းမလှကျွန်း ဒီရေတောများ အတော်ဆင်ကြောင်း ပြောပြနေရာမှ ဖူးခက်သို့သွားရောက်ခဲ့စဉ်က အကြောင်းကို ပြန်တွေးမိသည်။

ဖူးခက်ကျွန်းတွင် လည်ပတ်ခဲ့စဉ်က ရေပေါ်စားသောက်ဆိုင်မှာ စာရေးသူတို့ စားကြသည်။ ပုစွန်ပေါသောနေရာဖြစ်၍ ပုစွန်တုပ်လှော်များ အကြိုက်စားခဲ့ရသည်။ ဖူးခက်ကျွန်းမှ ရေပေါ်စားသောက်ဆိုင်သည် သစ်တုံးမျောကြီးများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ဆိုင်ရှိ အလုပ်သမားများမှာလည်း မြန်မာအမျိုးသမီးများ ဖြစ်ကြရာ စာရေးသူတို့ဈေးဝယ်ရာတွင် မြန်မာလိုပင် ပြောပြီး ဝယ်ခဲ့ကြသည်။ စာရေးသူက "ဆူနာမီတုန်းက မကြောက်ဘူးလား"ဟုမေးရာ ကျွန်မ၏ သမီးအရွယ် အလုပ်သမားကောင်မလေးက "ဒီဘက်အခြမ်းက သိပ်မထိခိုက်လိုက်ဘူး ဆရာမ၊ ဖူးခက်ကျွန်း ကုန်းပေါ် ပင်လယ်ကမ်းခြေနဲ့နီးတဲ့ နေရာတွေမှာ တော်တော်ဆိုးသွားခဲ့တာပါ"ဟု ဖြေကြားပါသည်။

မိန်းမလှကျွန်း ကမ်းစပ်တစ်လျှောက်မှ ဒီရေတောများလိုပင် ဖူးခက်ကျွန်းမှာလည်း ဒီရေတောအပင်များ များပြားစွာရှိသည်။ ရေပေါ်စားသောက်ဆိုင်သည် ဒီရေတောအပင်များဖြစ်သည့် ဓနိပင်၊ လမုပင်၊ ပင်လယ်အုန်းနှင့် ပြူးခြေထောက်အပင်များရှိသည့် အကွေ့နေရာမျိုးတွင် ရွေးချယ်၍ ဆောက်လုပ်ထားခြင်းကြောင့်လည်း ဆူနာမီဖြစ်ပွားချိန်က ဘေးကင်းခဲ့ခြင်းဖြစ်မည်ဟု စဉ်းစားမိသည်။ ဒီရေတောပင်များက ပင်လယ်ဒီလှိုင်းဒဏ်ကို ကာကွယ်ပေးနိုင်ကြောင်း ကျွန်မတို့ကို လက်တွေ့ပြလိုက်နိုင်ခြင်းလည်း ဖြစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံမှ မိကျောင်းမွေးမြူရေး**

ခရီးစဉ်အတွင်း ဖူးခက်ကျွန်းနှင့်တူကြောင်း သတိရမိသလို မိကျောင်းမွေးမြူရေးစခန်းများရှိသည့် ကမ္ဘောဒီးယားခရီးစဉ်ကိုလည်း သတိရမိပါသေးသည်။ ကမ္ဘောဒီးယားတွင် မိကျောင်းမွေးမြူရေးစခန်းသို့ သွားလေ့လာသောအခါ ဝင်ကြေးများပေးပြီး ဝင်ရောက်လေ့လာခဲ့ကြရသည်။

ကျွန်မတို့နိုင်ငံမှ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောက ကမ္ဘောဒီးယားထက် ပိုလှပါသည်။ ယခုလိုနေရာမျိုးကို ပြည်ပမှ ခရီးသွားဧည့်သည်များ ပို၍ကြိုက်နှစ်သက်နိုင်သည်။ ကမ္ဘောဒီးယားတွင် နိုင်ငံခြားသား ခရီးသွားများ ညအိပ်ခရီးလာကြပြီး လသာသည့်ညများတွင် မိကျောင်းများ မြူးတူးနေကြသည့်ပုံများကို မှန်ပြောင်းများဖြင့် ကြည့်ကြသည်ကို သိရှိရခဲ့ရသည်။ မိန်းမလှကျွန်းတွင် တည်းခိုနေထိုင်ရန် အဆောက်အအုံများရှိသော်လည်း ယခုထက် ပိုမိုကောင်းမွန်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်လျှင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ထက် မြန်မာနိုင်ငံက ပို၍လှပသာယာသည်ကို သိကြပြီး ခရီးသွားဧည့်သည်များ ပို၍ဝင်လာခြင်းကြောင့် ဝင်ငွေ ပိုမိုတိုးပွားနိုင်မည်ဟု တွေးမိသည်။

**ဒေသထွက်ပုစွန်ခြောက်**

မိန်းမလှကျွန်းသို့ရောက်သည့်အခါ ကင်းစခန်းများတွင် ကျွန်မတို့ တည်းခိုခဲ့ပြီး မုန်တိုင်းဒဏ်ခံအဆောက်အအုံများလည်း ရှိသည်။ စက်တပ်လှေများ ငှားရမ်းနိုင်ကာ ဒေသခံလမ်းပြများ ထားရှိပေးထားပြီး လေ့လာရေးအတွက် အထူးဆောင်ရွက်ထားသည်။ ဒီရေတောပျိုးပင်များ ပျိုးစခန်းတွင် စက်လှေကိုခေတ္တရပ်ပြီး လေ့လာခဲ့ကြရာ ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ လူ ၅၀၀ ခန့် ဝင်ဆံ့သည့် အဆောက်အအုံများကို တွေ့ရှိခဲ့ရသည်။

ရေထွက်အစားအစာ ပေါများသည့်ဒေသမို့ ပုစွန်ခြောက်အကောင်ကို ကြက်သွန်နီများဖြင့် သုတ်ကျွေး၍ ဧည့်ခံကြရာ အုန်းစိမ်းရည်နှင့် ပုစွန်ခြောက်အကောင်သုတ်များကို အားပါးတရ စားသောက်ခဲ့ကြရသည်။ မြို့ကြီးပြကြီးများတွင် ပုစွန်ခြောက် တစ်ပိဿာလျှင် ကျပ် ၄၀၀၀၀ ခန့် ဖြစ်နေချိန်တွင် မိန်းမလှကျွန်းမှာ ပုစွန်ခြောက် ဖောဖောသီသီ စားနေကြရ၍ အားကျမိသော်လည်း ကျန်အစားအသောက်များမှာမူ ရှားပါးနေပြန်သည်။

**မျောက်တစ်ရာဘုရား**

လမ်းခရီးတွင် စက်လှေကို ခေတ္တရပ်၍ ဦးနုတည်ခဲ့သည့် မျောက်တစ်ရာဘုရားကို ဝင်ဖူးခဲ့ကြသည်။ ဘုရားကြီးသည် ဒေသအတွင်း တန်ခိုးကြီးဘုရားဖြစ်ပြီး တပေါင်းလတွင် ပွဲတော်ရှိကြောင်း၊ ပွဲတော်ရက်များတွင် စက်လှေ၊ လက်လှော်လှေများဖြင့် လာရောက်၍ ဘုရားဖူးကြသည်မှာ ခြိမ့်ခြိမ့်သဲဖြစ်ကြောင်း သိရသည်။

မိန်းမလှကျွန်းသည် ပုစွန်ဖမ်းခြင်း၊ ငါးဖမ်းခြင်းဖြင့် အသက်မွေးသည့် အရပ်ဒေသဖြစ်၍ ငါးဖမ်းကြသူများမှာ စက်လှေများပေါ်တွင်ပင် ချက်ပြုတ်စားသောက်ကြသည်။ စက်လှေကို ကျောက်ချပြီး စက်လှေပေါ်တွင် မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်နေသည့် အမျိုးသမီးတစ်ဦးကို အုပ်ချုပ်ရေးမှူးက "စက်လှေက ဒီဇယ်လား၊ ဓာတ်ဆီလား၊ အားလုံး ဒုက္ခရောက်လိမ့်မယ်" ဟု လှမ်းပြောသည်။

**အသိပညာပေးလုပ်ငန်းများ**

အုပ်ချုပ်ရေးမှူးက စက်လှေပေါ်မှတစ်ဆင့် မြစ်ကမ်းနားမှ အိမ်သာများကိုလည်း ညွှန်ပြရင်း "စက်လှေရဲ့မီးစက်ဘေးနားမှာ ထမင်းအိုးတည်နေလို့ အသိပညာပေးရတာတစ်မျိုး၊ ရေဆိုးနဲ့ရေသန့်အကြောင်း စကားပြော အသိပညာပေးရတာတစ်မျိုး၊ မလွယ်ဘူး ဆရာမရေ၊ မိကျောင်းနဲ့ပတ်သက်ပြီး မိကျောင်းအန္တရာယ်ကိုလည်း သတိပေး အသိပညာပေးရတယ်၊ လက်ကမ်းစာစောင်တွေလည်း လစဉ်ပေးရတယ် ဆရာမရေ"ဟု ပြောပြသဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းတွေ အဖို့ တာဝန်တော်တော်များများကို ထမ်းဆောင်နေရပါလားဟု အသိအမှတ်ပြု လေးစားချီးကျူးမိသည်။

မိန်းမလှကျွန်းဆီသို့ခရီးမှာ လေတဖြူးဖြူး၌ စပီဘုတ်စီးရင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ရှင်းပြမှုများကို စိတ်ဝင်တစား နားထောင်နေကြသည့် ကျွန်မတို့ စာရေးဆရာနှစ်ဦးမှာ ဒီရေတော ဂေဟစနစ်၏ အကျိုးကျေးဇူးတွေကို များစွာ သိခဲ့ရသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ခရီးစဉ်အတွင်း ကျွန်မအနေဖြင့် ဗဟုသုတများစွာ ရရှိခဲ့ပြီး မိတ်ဆွေ၊ သူငယ်ချင်းများကိုလည်း လာရောက်လေ့လာစေချင်မိပါသည်။ မိမိနိုင်ငံ၏ သဘာဝရေမြေတောတောင်တို့သည် သဘာဝအလှစစ်များ ဖြစ်သည်။ အတုအယောင် ဖန်တီးမှုကင်းသည့် အလှစစ်များဖြင့် တည်ရှိနေသည့် စာရေးသူတို့ မြန်မာနိုင်ငံတွင် သဘာဝအမွေအနှစ်(Natural Heritages)များ များစွာ တည်ရှိနေပါသည်။

အာဆီယံဒေသအတွင်းရှိ နိုင်ငံများအလိုက် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ကမ္ဘာ့အဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် အာဆီယံအဆင့် သဘာဝအမွေအနှစ်ဥယျာဉ်များကို အာဆီယံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးများအစည်းအဝေးမှ ၂၀၀၃ ခုနှစ်က အတည်ပြုခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် မြန်မာနိုင်ငံမှ အာဆီယံအမွေအနှစ်ဥယျာဉ်ခြောက်ခု အတည်ပြု သတ်မှတ်ခြင်းခံခဲ့ရသည့် အထဲတွင် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။

**၁၆ နှစ် သမီးပျို**

သို့ဖြစ်ရာ ယခု ၂၀၁၉ တွင် အာဆီယံအဆင့် သဘာဝအမွေအနှစ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၁၆ နှစ် သမီးပျိုလေးကဲ့သို့ အားမာန်ဝင့်ဝင့် အလှတွေ ဆင့်ကာဆင့်ကာဖြင့် မိခင်မြန်မာပြည်ကြီး၏ အားထားအားကိုးရမည့် သမီးပျိုတစ်ဦး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

> **"ကျွန်မတို့နိုင်ငံမှ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောက ကမ္ဘောဒီးယားထက် ပိုလှပါသည်၊ ယခုလိုနေရာမျိုးကို ပြည်ပမှ ခရီးသွားဧည့်သည်များ ပို၍ကြိုက်နှစ်သက်နိုင်သည်။ ကမ္ဘောဒီးယားတွင် နိုင်ငံခြားသား ခရီးသွားများ ညအိပ်ခရီးလာကြပြီး လသာသည့်ညများတွင် မိကျောင်းများ မြူးတူးနေကြသည့်ပုံများကို မှန်ပြောင်းများဖြင့် ကြည့်ကြသည်ကို သိရှိရခဲ့ရသည်၊ မိန်းမလှကျွန်းတွင် တည်းခိုနေထိုင်ရန် အဆောက်အအုံများရှိသော်လည်း ယခုထက် ပိုမိုကောင်းမွန်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်လျှင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ထက် မြန်မာနိုင်ငံက ပို၍လှပသာယာသည်ကို သိကြပြီး ခရီးသွားဧည့်သည်များ ပို၍ဝင်လာခြင်းကြောင့် ဝင်ငွေ ပိုမိုတိုးပွားနိုင်မည်ဟု တွေးမိသည်"**

# ပူတာအိုမြို့နယ် ဒိနဆုတောင်းတောင်၌ ဆောက်လုပ်ပြီးစီးသော ဗိမာန်တော်ဖွင့်ပွဲကျင်းပ

**ပူတာအို ဧပြီ ၁၈**
မြန်မာနိုင်ငံ အေဂျီ(ဧဝံဂေလိ)အသင်းတော်များ အမှတ်(၂)အေဂျီသာသနာခရိုင် လက်အောက်ရှိ ကောင်-မောနွေလ အေဂျီအသင်းတော်က စီမံ၍ ပူတာအိုမြို့နယ် ဒိန ဆုတောင်းတောင်၌ ဆောက်လုပ်ပြီးစီးခဲ့သော ဗိမာန်တော် ဖွင့်ပွဲနှင့် အနုမောဒနာ ဆုတောင်းပွဲကို ဧပြီ ၁၇ ရက်က အဆိုပါ ဆုတောင်းတောင်၌ ကျင်းပခဲ့သည်။

ဗိမာန်ဖွင့်ပွဲတွင် ကောင်-မောနွေလ အေဂျီအသင်းတော်မှ သိက္ခာတော်ရဆရာတော် ဖလားဒီးရမ်က ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဦးဘေလားမင်နှင့် ဦးဒဟမ်ဖုန်တို့က ဒိန ဆုတောင်းတောင် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကိုလည်းကောင်း၊ ဗိမာန်တော်ဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအကူးဒီးက ဒိန ဗိမာန်တော် ဆောက်လုပ်ခဲ့ရာတွင် ရန်ပုံငွေ ရရှိ/သုံးစွဲမှု ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် သိက္ခာတော်ရဆရာတော်က အနုမောဒနာဆုတောင်းပွဲ တရားဒေသနာတော်ကို ဟောကြားသည်။

ဒိန ဆုတောင်းတောင်သည် ပူတာအိုမြို့၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ရှိပြီး ဆုတောင်းတောင်သို့ တောင်အောက်ခြေအထိ သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် သွားနိုင်ကာ တောင်ခြေမှ ဆုတောင်းတောင် ဗိမာန်တော်ဆောက်လုပ်ထားသော နေရာသို့ ခြေကျင်ခရီးဖြင့် တစ်နာရီခွဲခန့် တက်ရကြောင်း၊ ဗိမာန်တော်ဆောက်လုပ်ထားသောနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၃၇ ပေတွင် တည်ရှိသောကြောင့် ဆိတ်ငြိမ်အေးချမ်းသောနေရာဖြစ်ကာ လူမျိုးဘာသာမရွေး ပြည်သူများ တက်ရောက်နားနေ အပန်းဖြေ ဆုတောင်းနိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**



**ဒိန ဆုတောင်းတောင် ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်နေစဉ်။**

# ဖိတ်ခေါ်ပါသည် ကလောမြို့က ရှမ်းရိုးမဆင်စခန်းဆီသို့

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် နန်းပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလကစ၍ ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ မိဘပြည်သူများအနေဖြင့် မိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ သူငယ်ချင်းများနှင့်အတူ ရှမ်းရိုးမဆင်စခန်းသို့ သွားရောက်အပန်းဖြေရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပါ ရှမ်းရိုးမဆင်စခန်းကို သွားရောက် အပန်းဖြေမည်ဆိုပါက မိတ္ထီလာ- တောင်ကြီး သွားပြည်ထောင်စု ကားလမ်းမကြီးပေါ်ရှိ




မိုင်တိုင်အမှတ် ၅၃/၄ မှ ကလောမြို့နယ် နန်းပန်တက်ကျေးရွာအနီးတွင် တည်ရှိပြီး အရှေ့ဘက်သို့ လေးဖာလုံခန့်ရှိ ဝင်ရာလမ်းအတိုင်း သွားလာရသည်။

အဆိုပါဆင်စခန်းတွင် သဘာဝ တောတောင်ရေမြေများ၏ အလှတရားများ၊ ရေတံခွန်များ၏ သဘာဝ စီးကျအလှများ၊ စိမ့်စမ်းရေများ၏ အေးမြကြည်လင်မှုများကို ရရှိခံစားရခြင်း၊ ဆင်စခန်းရှိ ချစ်စဖွယ်ဆင်များဖြစ်သည့် သီဟစိန်၊ ဟိန်းချစ်ဇော်၊ ရှိန်အေးအေး၊ ငြိမ်းမာလာ၊ ဆုဆွေမယ်တို့နှင့်အတူ ထူးမှုယာဆိုသည့် မိခင်ဆင်မကြီးက မွေးဖွားထားသည့် ခင်မိုးဦးနှင့် ခန့်ထူးအောင် ဆိုသည့် အမြွှာဆင် ကလေး နှစ်ကောင်ကိုလည်း ချစ်စရာ တွေ့မြင်ရမည်ဖြစ်ပြီး အဆိုပါဆင်များကို အစာကျွေးခြင်းဖြင့် ကုသိုလ်ပြုနိုင်သည်။ ထို့အတူ မိသားစုများနှင့် ဆင်စီးခြင်း၊ ဆင်ရေချိုးခြင်းကို ကြည့်ခြင်း၊ ဆင်များရေချိုးရာတွင် နှာမောင်းဖြင့် ရေများမှုတ်ထုတ်သည့် ချစ်စရာအမူအရာများကိုလည်း တွေ့မြင်နိုင်ခြင်း၊ နားနေဆောင်များတွင် အနားယူနိုင်ခြင်း၊ ဘူးဝချောင်း(ခေါ်) ဟူးဘချောင်းအတွင်းရှိ ရေအိုင်ငယ်များ၌ ရေစိမ်၊ ရေချိုးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ဆင်စခန်း ဝင်ကြေးအနေဖြင့် နိုင်ငံသားတစ်ဦးလျှင် ကျပ် ၁၀၀၀ နှင့် ဆင်စီးခ ကျပ် ၃၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးနှင့် ဆင်စီးခပါ ကျပ် ၂၀၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မိသားစုများ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ မိဘပြည်သူ ညီအစ်ကိုမောင်နှမများအနေဖြင့် သဘာဝအလှတရားများ တည်ရှိရာ ရှမ်းရိုးမဆင်စခန်းသို့ သွားရောက်အပန်းဖြေ အနားယူစေလိုပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# ဘုရားများတွင် နှစ်ဆန်း ၁ ရက် ကုသိုလ်ပြုသူများစည်ကား ငါးလွှတ်ပွဲ နှင့် သက်ကြီးပူဇော်ပွဲများကျင်းပ

**မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်း ၁ ရက်(ဧပြီ ၁၇ ရက်)တွင် မြန်မာနိုင်ငံအတွင်း မြို့နယ်ဒေသအသီးသီးရှိ ဘုရားများနှင့် ဘုန်းကြီးကျောင်းများ၌ နှစ်ဆန်း ၁ ရက် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားခဲ့သလို ဇီဝိတဒါန ငါးလွှတ်ပွဲများနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲများကိုလည်း မြို့နယ်အသီးသီးတွင် ကျင်းပခဲ့သည်။**

**လားရှိုး**

ရှမ်းပြည်နယ် လားရှိုးမြို့၌ နှစ်ဆန်း ၁ ရက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက်က ကျင်းပခဲ့သည်။ လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် ဇနီး၊ တပ်မတော်အရာရှိများ၊ စစ်သည်များနှင့် မိသားစုများ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဘိုးဘွားများအား အလှူငွေ ကျပ် ၄၁ သိန်းကျော်ဖြင့် လှူဒါန်းကန်တော့ခဲ့သည်။ ဆက်လက်၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပခဲ့ပြီး ငါးအကောင်ရေ ၃၅၀၀၀ ကို လားရှိုး အေတီချောင်းအတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

ထို့အပြင် လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားရိပ်သာတွင်လည်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း နယ်မြေခံတပ်ဖွဲ့နှင့် လားရှိုးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကော့သောင်း**

ကော့သောင်းမြို့၌ နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတား၌လည်းကောင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ပြည်တော်အေးသာသနာ့ဗိမာန်တော်၌လည်းကောင်း ကျင်းပခဲ့သည်။ ငါးလွှတ်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးခင်ဇော်၊ ကော့သောင်းခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပင်လယ်ရေငန်ငါးမျိုးများဖြစ်သည့် ကျောက်ငါး၊ ကကတစ်ငါး၊ ကကပေါင်းငါးနှင့် ကဏန်းများကို ဇီဝိတဒါန ကုသိုလ်အဖြစ် ပင်လယ်ထဲသို့ ဘေးမဲ့လွှတ်ခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများက သက်ကြီးဘိုးဘွား ၁၄၈ ဦးအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ပူဇော်ကန်တော့ခဲ့ကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများကလည်း ဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေး၍ လိုအပ်သော ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**



**ကျောက်ဆည်**

ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာတွင် တည်ရှိသော မဟာရွှေသိမ်တော်ဆုတောင်းပြည့်ဘုရားကြီး၌ သင်္ကြန်ရက်များအတွင်းကလည်းကောင်း၊ နှစ်ဆန်း ၁ ရက်တွင်လည်းကောင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ အဆိုပါ ဘုရားကြီးတွင် ဘုရားပွဲထိုး၍ ဆုတောင်းလျှင် ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသောကြောင့် ပုံမှန်ရက်များမှာပင် မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးများဖြင့် စည်ကားနေလေ့ရှိသလို နှစ်ဆန်း ၁ ရက်တွင်လည်း ဘုရားဖူးများ အလွန်များပြား၍ တိုးမပေါက်အောင် စည်ကားခဲ့ကြောင်း ဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေ၏ ပြောကြားချက်အရ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**လွိုင်လင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ မြို့နေပြည်သူများ စုပေါင်း၍ ဇီဝိတဒါန ငါးလွှတ်ပွဲအဖြစ် မြကန်သာရေကန်တွင် ငါးကြင်းအကောင်ရေ ၁၅၀၀၀ ကို လွှတ်ပေးခဲ့ကြသလို မြို့လယ်ဓမ္မာရုံကြီး၌လည်း အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၆၆ ဦးအား အလှူငွေများဖြင့် ပူဇော်ကန်တော့ကြပြီး အာဟာရဒါနအဖြစ် ကြာဇံဟင်းခါးနှင့် အချိုရည်များ တိုက်ကျွေးခဲ့ကြောင်းသိရသည်။ **လွိုင်လင်မိုး**

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ချောင်းဝရပ်ကွက်ရှိ အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား ဖောင်တော်ဆိပ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၊ တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များက ထိုင်းငါးခုံးမနှင့် ငါးမြစ်ချင်း ကောင်ရေ ၁၅၀၀၀ ကျော်ကို အိမ်မဲချောင်းအတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ရှာငံမြို့နယ်မှ ထူးခြားသည့် ရေဖြူရေထွက်



ရေဖြူရေထွက်သို့ သွားရာလမ်းမှ သဘာဝတောတောင်ရှုခင်းတစ်ခု

ရေဖြူရေထွက်သည် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျန်တောကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီး ငုတ်ချောင်းကမ်းပါးဘေး၌ တည်ရှိသည်။ တပ်ကုန်းကျေးရွာ၏ အရှေ့တောင်ယွန်းယွန်း နှစ်မိုင်ခန့်အကွာရှိ ငုတ်ချောင်း၏ တောင်ဘက် ကျောက်ဆောင်ကျောက်ကမ်းပါးအောက်ခြေမှ ရေများထွက်နေခြင်းဖြစ်သည်။ ထိုရေထွက်မှ ရေများတိုးထွက်လှုပ်ရှားနေပြီး ရေမှုန်ရေမွှားလေးများသည် ရေလို မကြည်လင်နေဘဲ အဖြူရောင်များဖြစ်နေသည်ကို ထူးဆန်းစွာ မြင်တွေ့ရသည်။

ထိုရေမှုန်ရေမွှား အဖြူရောင်လေးများကြောင့် ရေအရောင်မှာလည်း အဝေးမှကြည့်လျှင် ဖြူဖွေးနေပြီး ထိုရေကို လက်ခုပ်ဖြင့် ခပ်ယူကြည့်သည့်အခါတွင်မူ ရေ၏အရောင်မှာ ပကတိပင် ကြည်လင်နေသည်။ ရေလှုပ်ရှားနေစဉ်တွင် ရေမှုန်အဖြူလေးများကြောင့်သာ ရေများ ဖြူနေခြင်းဖြစ်သည်။ ရေမှုန်ဖြူလေးများ မည်သည့်အတွက်ကြောင့် ဖြစ်နေရခြင်းကိုမူ ပညာရှင်များမှသာလျှင် သိရှိနိုင်မည်ဖြစ်သည်။ ၎င်းရေထွက်မှာ ဒေသတွင်း၌ ထူးထူးခြားခြား ဖြစ်နေသည့်အတွက် ဒေသတွင်းမှ ခရီးသွားပြည်သူများ လာရောက်လည်ပတ်လျက်ရှိသည့်အပြင် ပြည်တွင်းပြည်ပ ခရီးသွားအနည်းငယ်လည်း လာရောက်လည်ပတ်နေကြပြီဖြစ်သည်။

**ရေဖြူရေထွက်သို့ ခရီး**

ရေဖြူရေထွက်သို့ အောင်ပန်းဘက်မှလာသည်ဖြစ်စေ၊ ရွာငံဘက်မှလာသည်ဖြစ်စေ ငုတ်ချောင်းလမ်းဆုံသို့ ရောက်ရှိမည်ဖြစ်ပြီး 'တပ်ကုန်းကျေးရွာသို့' ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ကတ္တရာလမ်းမှ အရှေ့ဘက်သို့ကွေ့လိုက်သည်နှင့် ကျောက်ချောလမ်းအတိုင်း တစ်မိုင်ခန့် ခရီးဆက်လျှင် တပ်ကုန်းကျေးရွာသို့ ရောက်ရှိမည်။

တပ်ကုန်းရွာသည် နိုင်ငံတော်လျှပ်စစ်လိုင်းမှ လျှပ်စစ်ဓာတ်အားရရှိခြင်းမရှိသေးသော ရွာလေးတစ်ရွာဖြစ်သည်။ ထို့ကြောင့် ငုတ်ချောင်းရေကို အသုံးပြု၍ ရေအားလျှပ်စစ် တစ်ပိုင်တစ်နိုင်ထုတ်လုပ်ကာ အလင်းရောင်အတွက် အသုံးပြုလျက်ရှိသည်။ တပ်ကုန်းကျေးရွာတွင် စိမ်းစိုညို့မှိုင်းနေသော ဝါးပင်မျိုးစုံ ပေါက်ရောက်လျက်ရှိသလို ထိန်းသိမ်းထားသည့် ဝါးတောများလည်း ရှိသည်။ အိမ်ဝန်းခြံကျယ်ကြီးများထဲတွင် ခညင်း၊ ထောပတ်၊ ပိန္နဲ၊ ခါတော်မှီနှင့် သဘာဝသစ်တောမျိုးစုံကိုလည်း စိုက်ပျိုးထားရှိကြသည်။ ၎င်းသစ်တောများ၏ အောက်ဘက် အနိမ့်ပိုင်းတွင် ကော်ဖီပင်များ စိုက်ပျိုးထားသည်ကို ရှုမျှော်မဆုံး တွေ့မြင်ကြရမည်ဖြစ်ပြီး တောင်ပေါ်ဒေသ၏ တောသဘာဝ တောအလှကို တွေ့မြင်ခံစားနိုင်ကြမည်ဖြစ်သည်။

**ကိုယ့်အားကိုယ်ကိုးလမ်း**

တပ်ကုန်းကျေးရွာမှတစ်ဆင့် ရေဖြူရေထွက်သို့ ရောက်ရန် နှစ်မိုင်ခန့် ဆက်လက်၍ ခရီးဆက်ရဦးမည်ဖြစ်သည်။ ယခင်က လူသွားလမ်းသာရှိသော်လည်း ယခုအခါတွင်မူ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့်အတွက် ကားနှင့် ဆိုင်ကယ်များ သွားလာနိုင်ရန် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် ပြုပြင်ထားသည်။ ထိုလမ်းကို ကျောက်ချောလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်နိုင်ရန် ရွာငံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းထံသို့ တင်ပြထားပြီး လွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ခွဲဝေချထားပေးနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်း တင်ပြထားကြောင်း သိရသည်။

ကားနှင့် ဆိုင်ကယ် သွားနိုင်သော ကိုယ့်အားကိုယ်ကိုးလမ်းကို အရှည်တစ်မိုင်ခွဲကျော် ဖောက်လုပ်ထားပြီး ရေထွက်အထိ ရောက်ရန် နှစ်ဖာလုံခန့် ခြေကျင် လမ်းလျှောက်ကြရမည်ဖြစ်သည်။ မိနစ် ၂၀ ခန့် လမ်းလျှောက်ပြီးသည်နှင့် ကြည်လင်နေသောရေများ တသွင်သွင်စီးဆင်းနေသည့် ငုတ်ချောင်းသို့ ရောက်ရှိမည်ဖြစ်သည်။ ငုတ်ချောင်း၌ ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးရန် ဝါးတံတားတစ်စင်း ထိုးပေးထားသည်။ ဝါးတံတားကို ဖြတ်ကူးပြီးနောက် မကြာမီတွင် ရေဖြူရေထွက်သို့ ရောက်ရှိကြမည်ဖြစ်သည်။

**အသေးစား ရေအားလျှပ်စစ်**

ရေထွက်တွင် အဖြူရောင်ရေများသည် ငုတ်ချောင်း၏ တောင်ဘက် ၁၅ ပေခန့်အကွာရှိ ကမ်းပါးအောက်ခြေမှ ပွက်၍ ထွက်လျက်ရှိသည်။ ရေဖြူရေထွက်မှရေကို ကျောက်ကြီးများဖြင့်တားထားပြီး ရေထိန်းကာ ရေမြောင်းဖြင့်သွယ်၍ အသေးစား ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲလျက်ရှိသည်။ ထူးခြားသည်မှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးတွင် ရေထွက်မှရေများသည် လျော့နည်းသွားခြင်းမရှိဘဲ ထာဝစဉ် ပုံမှန်ထွက်လျက်ရှိသည်။



ရေထွက်မှထွက်လာခါစ အဖြူရောင်သမ်းနေသောရေများ

မည်သည့်အရပ်မှ စီးဆင်းလာသည်ကို မည်သူမှ မပြောနိုင်ကြပေ။

ရေများသည် ကမ်းပါးအောက်ခြေမှ ထွက်လာစဉ် ရေမှုန်အဖြူလေးများ လှုပ်ရှားနေသည့်အတွက် ရေ၏အရောင်သည် ဖြူနေသည်ကို တွေ့မြင်ရပြီး မကြာမီ ငုတ်ချောင်းထဲသို့ စီးဝင်သွားပြီးနောက်တွင် ရေမှာ ပုံမှန်အတိုင်း ကြည်လင်သွားကာ ဖြူနေခြင်းမရှိတော့ပေ။ ရေထွက်မှထွက်ပြီး ရေမှုန်လေးများ ထနေစဉ် ရေများမှာ ဖြူလျက်ရှိသော်လည်း ပုံမှန် ရေစီးဆင်းနေပါက မဖြူတော့ဘဲ ပကတိရေအရောင်အတိုင်း ကြည်လင်စိမ်းမြနေပေသည်။

**ရေဖြူရေထွက်၌ ရေချိုးခြင်း**

ငုတ်ချောင်းနှင့် ရေဖြူရေထွက်သို့ရောက်လျှင် ရေချိုးချင်စိတ်ပေါက်လာတတ်သည်။ ရေဖြူရေထွက်မှရေကိုချိုးလျှင် ကိုယ်ခန္ဓာယားယံခြင်း၊ ကိုက်ခဲညောင်းညာခြင်းများ ပျောက်ကင်းသည်ဟု ဒေသခံများက ပြောကြားသည့်အတွက်ကြောင့်လည်း ဖြစ်သည်။ စာရေးသူအနေဖြင့် နှစ်ခေါက် ရောက်ရှိပြီးဖြစ်သည်။ ရောက်ရှိစဉ် ရေဖြူရေထွက်မှရေကို ချိုးခဲ့သည်မှာလည်း နှစ်ကြိမ်ရှိပြီဖြစ်သည်။ စာရေးသူသည် အသားနှင့် ငါးကို စားလျှင် ယားယံတတ်ရာ ရေဖြူရေထွက်၌ ရေချိုးပြီးသည့်နောက်ပိုင်းတွင် သက်သာလာသည်။ ဒေသခံများက သုံးကြိမ် ရေချိုးလျှင် ပျောက်ကင်းသည်ဟု ပြောကြသည့်အတွက် အခွင့်သာလျှင် နောက်တစ်ခေါက်ထပ်သွားပြီး ရေချိုးနိုင်ရန် မျှော်လင့်ထားသည်။

ရေထွက်သို့ သွားရာလမ်းတစ်လျှောက်တွင် တောတောင်ရှုခင်းများကိုလည်းကောင်း၊ အကွက်ဖော်ရေးဆွဲထားသည့် ပန်းချီကားချပ်များလို ဒေသခံတောင်သူများ၏ ယာကွက်များကိုလည်းကောင်း ကြည်နူးချမ်းမြေ့ဖွယ် တွေ့မြင်ခံစားရမည်ဖြစ်သည်။ ရေဖြူရေထွက်သို့ လာရောက်လည်ပတ်ခြင်းဖြင့် အေးမြသည့်ရာသီဥတုနှင့်အတူ တောင်ပေါ်ဒေသ၏ အပျိုစင်ဒေသဟု တင်စားလောက်သည့် သဘာဝ တောတောင် ရေမြေအလှအပများကိုလည်း ကြည့်ရှုခံစားခြင်းဖြင့် ဘဝအမောများ ပြေပျောက်စေမည်ဟု ယုံကြည်မိပါသည်။ ရွာငံမြို့သို့ အလည်အပတ် ရောက်ရှိခဲ့ပါလျှင် ငုတ်ချောင်းဘေးမှာရှိသည့် ရေဖြူရေထွက်သို့လည်း လာရောက်လှည့်ပါဟု ဖိတ်ခေါ်လိုက်ရပါကြောင်း။ ။

**လှိုင်ဘွား(စီမံကိန်း)**

---

# ကျောက်တော်ကြီးဘုရား ရောင်တော်ဖွင့်မင်္ဂလာကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) (၁၈)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားကို နှစ်ဆန်း ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်များက ညှော့ပရိသတ်များအား သီလချီးမြှင့်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြကာ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာတော်သစ်ခြင်း၊ မျက်နှာတော်သုတ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းများပြုလုပ်၍ ဂေါပကရုံးအဖွဲ့မှူး ဦးညွန့်ရွှေက အောင်ဂါထာတော်ဖြင့်လည်းကောင်း၊ စိမ်းလဲ့လဲ့ တေးဂီတအဖွဲ့က ဓမ္မတေးများဖြင့်လည်းကောင်း ပူဇော်ကြပြီးနောက် အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

---

# မိုင်းယောင်းမြို့နယ်ရှိ ချာန်ရကိုရင်ကြီးတောရကျောင်းသို့ နှစ်ဆန်း ၁ ရက်က ဘုရားဖူးလာရောက်သူများပြား

**မိုင်းယောင်း မေ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်မန်းကျေးရွာအုပ်စု ဝမ်ကော်လုန်းကျေးရွာအနီးရှိ ချာန်ရကိုရင်ကြီး(ဖပီလုံပါဘုန်း) တောရကျောင်းသို့ မေ ၁၇ ရက် မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ များပြားခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအပါအဝင် တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယုနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်မြတ်၊ ဗောဓိရွှေညောင်ပင်နှင့် ချာန်ရကိုရင်ကြီး (ဖပီလုံပါဘုန်း)တောရကျောင်းတို့တွင် မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့တိုင်း လာရောက်ကုသိုလ်ပြုကြရာ ယခုနှစ် နှစ်ဆန်း ၁ ရက်တွင်လည်း ယခင်နှစ်များကဲ့သို့ စည်ကားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာမှ ဝါးလက်မှုပညာလုပ်ငန်းလုပ်သူများ အဆင်ပြေလျက်ရှိ

**ပွင့်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာမှ ဒေသခံ ကျေးလက်နေပြည်သူများအနေဖြင့် လက်မှုပညာဖြင့် ဝါးထရံ၊ ဝါးသက်ကယ်၊ ဝါးနီးဖျာနှင့် ဝါးခြင်းတောင်း အမျိုးမျိုးတို့ကို မိသားစု တစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာအုပ်စုမှာ စုစုပေါင်း ကျေးရွာငါးရွာရှိပြီး ကျေးရွာတိုင်းလိုလိုမှာ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ဝါးလက်မှုပညာနဲ့ ဝါးထရံ၊ နီးဖျာ၊ ဝါးခြင်းတောင်းတွေကို ပြုလုပ်ရောင်းချပါတယ်၊ ဒေသခံပြည်သူတွေအနေနဲ့ ဝါးလက်မှုပညာလုပ်ငန်းကို လုပ်ကိုင်လာခဲ့ကြတာ နှစ်ပေါင်း ၅၀ ခန့်ရှိပါပြီ၊ ဝါးလက်မှုပညာပစ္စည်းတွေကို ပြုလုပ်ရာမှာ မိသားစု တစ်ပိုင်တစ်နိုင် ပြုလုပ်ကြတာဖြစ်ပြီး ကိုယ်တိုင်ပြုလုပ်လို့ရတဲ့ ဝါးလက်မှုပစ္စည်းတွေကိုတော့ ပွင့်ဖြူမြို့နယ်အပါအဝင် မကွေး၊ မင်းဘူးနဲ့ စလင်းမြို့နယ်များသို့ တင်ပို့ရောင်းချရပါတယ်"ဟု ရေယဉ်ကျေးရွာမှ ဝါးလက်မှုပညာပစ္စည်းများ ကိုယ်တိုင်ပြုလုပ်ရောင်းချနေသူ ဦးဖိုးဌေးက ပြောသည်။



ဝါးလက်မှုလုပ်ငန်းတွင် စုပေါင်းလုပ်ကိုင်နေသော မိသားစုဝင်များ

ဝါးလက်မှုပစ္စည်းများ ရောင်းချသည့် ဈေးနှုန်းများမှာ ဝါးထရံတစ်လိပ်လျှင် အရွယ်အစား အကြီးအသေးအပေါ်မူတည်ပြီး အနည်းဆုံး ကျပ် ၃၅၀၀ မှ ၅၀၀၀ ခန့်၊ ဝါးခြင်းတောင်း တစ်လုံးလျှင် အနည်းဆုံး ကျပ် ၅၀၀ မှ ၁၀၀၀ ခန့်၊ ဝါးသက်ကယ် အချပ်ရေ ၁၀၀ လျှင် ကျပ် ၆၀၀၀ ခန့်၊ ဝါးနီးဖျာတစ်ချပ်လျှင် ကျပ် ၅၀၀၀ ခန့်နှုန်းများဖြင့် ရောင်းချရကြောင်း သိရသည်။

ကျွဲတံခါးကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ပင်ဝါးရုံ အိမ်တွင်းစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကို ပွင့်ဖြူမြို့နယ် သမဝါယမ ဦးစီးဌာနက ၂၀၁၇ ခုနှစ်က ဖွဲ့စည်းပေးပြီး သမဝါယမချေးငွေများ ထုတ်ချေးပေးခဲ့ရာ လက်ရှိအချိန်တွင် အဆိုပါ သမဝါယမဦးစီးဌာနမှ ထုတ်ချေးပေးသည့် ချေးငွေများကြောင့် ဝါးလက်မှုပညာလုပ်ငန်းကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသကထွက်တဲ့ ဝါးလက်မှုပစ္စည်းတွေကို မကွေး၊ မင်းဘူး၊ စလင်းမြို့နယ်တွေက အကြိုက်တွေ့ပြီး ဝယ်ယူအားပေးမှုများနေလို့ ကျွန်တော်တို့ရွာက ပြည်သူတွေ စီးပွားရေးတွက်ချေကိုက်ပြီး အဆင်ပြေနေကြပါတယ်"ဟု ဦးဖိုးဌေးက ဆက်ပြောပြသည်။

ကျွဲတံခါးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ ပြည်သူများအနေဖြင့် ဝါးလက်မှုပညာဖြင့် လူသုံးပစ္စည်းများကို မိသားစု တစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေမှုမှသည် အခြားဒေသများမှ အကြိုက်တွေ့ပြီး ရောင်းအားပိုကောင်းလာခြင်းဖြင့် ဒေသဖွံ့ဖြိုးလာရန်အတွက်ပါ ကြိုးပမ်းလုပ်ကိုင်နေကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျိုက်တိစေတီတော် တောင်တက်လမ်းတွင် ဆိုင်ကယ်များစည်းကမ်းမဲ့မောင်းနှင်နေမှုကို သက်ဆိုင်ရာက ထိရောက်စွာတားမြစ်ပေးစေလို

ဟိုင်းကြီးကျွန်း မေ ၁၈

**ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ကျိုက်တိစေတီတော် တည်ထားကိုးကွယ်သည့် တောင်တော်ပေါ်သို့ ဆိုင်ကယ်များ အတက်အဆင်းမပြုလုပ်ရန် တားမြစ်ထားသော်လည်း လိုက်နာမှုမရှိဘဲ စည်းကမ်းမဲ့ဆိုင်ကယ်များ မောင်းနှင်နေမှုကြောင့် ဘုရားဖူးလာပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေသည့်အပေါ် သက်ဆိုင်ရာက ထိရောက်စွာ တားမြစ်ပေးရန် ဒေသခံများက လိုလားနေကြသည်။**

ကျိုက်တိစေတီတော် တည်ထားကိုးကွယ်သည့် တောင်တော်ပေါ်သို့ ဘုရားဖူးများ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် လှေကားထစ်ပါ စောင်းတန်းတစ်ခုကို တည်ဆောက်ပေးထားပြီး မသန်စွမ်းသူများ၊ ကျန်းမာရေးမကောင်းသူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးများ သွားရောက်နိုင်ရန်နှင့် စေတီတော်ကြီး၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလွယ်တကူ ဆောင်ရွက်နိုင်ရန် ယခင်စောင်းတန်း၏အနီးတွင် တောင်တက်လမ်းငယ်တစ်ခုကို ဖောက်လုပ်ကာ ကတ္တရာခင်းပေးထားကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းမှာ အကျယ်ငါးပေခန့် ရှိပြီး တောင်တက်လမ်းမှာ မတ်စောက်သည့် အနေအထားတွင်ရှိသည်။ ဘုရားဖူးများ သွားလာနေသည့်အချိန်များ၌ ယင်းလမ်းမှ တောင်ပေါ်သို့ ဆိုင်ကယ်ဖြင့် စည်းကမ်းမဲ့ အတက်အဆင်း ပြုလုပ်နေကြသူတချို့ကြောင့် မတော်တဆမှု ဖြစ်လာပါက ဆိုင်ကယ်ပြန်လျှောကျကာ ထိခိုက်ဒဏ်ရာရရှိမှုအပြင် အသက်သေဆုံးမှုများအထိ ဖြစ်လာနိုင်သည့်အတွက် ဘုရားဖူးများ စိတ်အနှောင့်အယှက်ဖြစ်နေကြကြောင်း ဘုရားဖူးလာရောက်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကျိုက်တိစေတီတော် ဂေါပကအဖွဲ့အနေဖြင့် ဘုရားတောင်ပေါ်သို့ ဆိုင်ကယ်များ မောင်းနှင်မှုမပြုကြရန် တားမြစ်ထားသော်လည်း လိုက်နာမှုမရှိကြောင်း သိရသည်။ ကျိုက်တိစေတီတော်သည် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးပြီးလျှင် ဟိုင်းကြီးကျွန်းဒေသ၌ ဒုတိယအထင်ရှားဆုံး သမိုင်းဝင်စေတီတစ်ဆူဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် တစ်နှစ်ပတ်လုံးနီးပါး စည်ကားနေတတ်ပြီး မြို့ပေါ်ရပ်ကွက်များမှ ဒေသခံများအပါအဝင် အနီးဝန်းကျင်ကျေးရွာများကပါ ညနေဆည်းဆာ အချိန်များ၌ မိသားစုဖြင့်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများဖြင့်သော်လည်းကောင်း စုပေါင်းလာရောက်ကြကာ ဘုရားဖူးခြင်း၊ ရင်ပြင်တော်၌ အပန်းဖြေ အနားယူကြခြင်းတို့ဖြင့် စည်ကားနေတတ်သည့် ဤဒေသ၏ အထင်ကရ နေရာတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့စည်းကမ်းမဲ့ ဆိုင်ကယ်အတက်အဆင်း ပြုလုပ်နေကြသူအချို့ကြောင့် ဘုရားဖူးများ ထိခိုက်မှုများရှိလာနိုင်သည့်အတွက် သက်ဆိုင်ရာက ထိရောက်စွာတားမြစ်ပေးရန် ဒေသခံများ လိုလားနေကြကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး မေ ၁၈**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရကြောင်း သိရသဖြင့် သုမင်္ဂလာ ပရဟိတ ရေလှူအသင်း နာယက ဆရာတော် ဦးသုမင်္ဂလ ဦးဆောင်သော ပရဟိတရေလှူ အသင်းအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတ ရေလှူအသင်း နာယကဆရာတော် အရှင်သာဂရ ဦးဆောင်သော ပရဟိတ ရေလှူအသင်းသားများနှင့် ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာ၊ မကျီးတန်းကျေးရွာ၊ ထန်းပေါက်တောတဲတိုက်နှင့် လက်ပံပင်တဲတိုက်တို့မှ ဒေသခံကျေးလက်နေပြည်သူများထံ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ရေရရှိရေးအတွက် တန်းစီစောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။

ယင်းသို့ နွေရာသီကာလ သောက်သုံးရေ အခက်ကြုံနေသည့် ကျေးလက်နေပြည်သူများထံ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာတွင် သုမင်္ဂလာ ပရဟိတရေလှူအသင်းနှင့် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းတို့မှ ဆရာတော် ဦးသုမင်္ဂလ ၊ ဆရာတော် အရှင်သာဂရတို့ ဦးဆောင်၍ ပရဟိတရေလှူ အသင်းသားများအဖွဲ့က ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ မကျီးတန်းကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀၊ ထန်းပေါက်တောတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၄၅၀၀၊ လက်ပံပင်တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်း ရေဂါလန် ၁၂၀၀၀ အား အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး ရေသယ်ယာဉ်များဖြင့် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ်၌ ရာသီဥတု အပူချိန် မြင့်တက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုလို သောက်သုံးရေရှားပါးသည့်အချိန်တွင် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် သုမင်္ဂလာ ပရဟိတရေလှူအသင်းနှင့် ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းတို့က ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် စဉ်ဆက်မပြတ်လှူဒါန်းပေးနေကြောင်း ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူများလွတ်မြောက်

### ခန္တီး

ခန္တီးမြို့အကျဉ်းထောင်တွင် နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၂၈၆ ဦးကို စည်းကမ်းချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် မေ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်)က လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ခရိုင်ရဲမှူးကြီး မြင့်သိန်း၊ အကျဉ်းဦးစီးဌာနတာဝန်ခံ ဦးစီးအရာရှိ ဦးကြည်မြင့်တို့က တွေ့ဆုံအမှာစကားပြောကြားပြီး ခန္တီးမြို့အကျဉ်းထောင်မှ ခန္တီးမြို့အမြန်ရေယာဉ်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးကာ နေရပ်သို့ပြန်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

### ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် အမျိုးသား ၆၈ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၆၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ထားဝယ်အကျဉ်းထောင်က လွှတ်ပေးလိုက်သည်။

လွတ်မြောက်အကျဉ်းသားများအား ထားဝယ်အကျဉ်းထောင်အပြင်ဘက်တွင် မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများက ဝမ်းပန်းတသာဖြင့် လာရောက်ကြိုဆိုကြသည်။

**ခရိုင်(ပြန်/ဆက်)**

### ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးအကျဉ်းထောင်မှ ကျား ၁၇၉ ဦး၊ မ ၄၅ ဦး စုစုပေါင်း ၂၂၄ ဦးကို နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မေ ၁၇ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့် ရရှိသူများမှာ (၇၅ နှစ်အထက်မှ ၈၀နှစ်)အထိ ကျားလေးဦး၊ ကျန်းမာရေးချို့တဲ့သူ မ တစ်ဦး၊ ပြည်ပနိုင်ငံသား ကျားတစ်ဦး၊ ရဲစည်းကမ်းဖြင့် ကျား လေးဦး ၊ တပ်မတော်အက်ဖြင့် ကျား ၁၈ ဦးနှင့် မူးယစ်အက်ဖြင့် ၁၉၆ ဦးတို့ ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

### သာယာဝတီ

၁၃၈၀ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းသား အကျဉ်းသူ ၈၅၃၅ ဦး အား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ သာယာဝတီ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၃၉ ဦး အကျဉ်းသူ သုံးဦး စုစုပေါင်း ၁၄၂ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်း သက်သာခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ ဒုရဲမှူးကြီး အောင်ဇော်မိုးနှင့် အကျဉ်းထောင်တာဝန်ခံ ဦးဇော်စစ်အောင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ပြီး(**အပေါ်ပုံ**) လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**သန့်ဇော်(ပြန်/ဆက်)**

# တောင်ဥက္ကလာပ၌ မီးဘေးသင့်အိမ်ထောင်စုလေးစုအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် မေ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ် ၆ ရပ်ကွက် အင်း၀ ၈ လမ်း၌ မေ ၁၇ ရက် နံနက် ၀၀း၅၁ နာရီတွင် နေအိမ်နှစ်လုံး မီးလောင်ခဲ့ပြီး နေအိမ်နှစ်လုံး မီးဟပ်မှုကြောင့် တစ်စိတ်တစ်ပိုင်း မီးလောင်ပျက်စီးခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ထောင်စုလေးစုမှ လူဦးရေ ၁၄ ဦးတို့ မီးဘေးသင့်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ယနေ့မွန်းလွဲပိုင်းတွင် မီးဘေးသင့်အိမ်ထောင်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ထောင်စု နှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုးထောက်ပံ့ငွေကျပ် ၂၉၄၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၂၉၄၀၀ အား ဘေးသင့်ပြည်သူများထံ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက မီးဘေးသင့်ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

## ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ခြင်း ကွင်းဆင်းစစ်ဆေး

**ပုဏ္ဏားကျွန်း မေ ၁၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းမှ ပုဏ္ဏားကျွန်းမြို့နယ် နတ်ဆိပ်ကျေးရွာစီမံကိန်းလုပ်ငန်းခွဲအား အကောင်အထည်ဖော်ခြင်းကို မေ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းသွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် ရခိုင်ပြည်နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးညီညီဆွေ(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်အဖွဲ့က နတ်ဆိပ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါနတ်ဆိပ်ကျေးရွာတွင်းကွန်ကရစ်လမ်းကို အရှည်ပေ ၄၄၀ × အကျယ် ရှစ်ပေ ×အမြင့်ခြောက်လက်မတို့ကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

Sweety®

ဇာဘော်လီ ၊ ဘရာစီယာနှင့် အတွင်းခံအမျိုးမျိုး

"Sweety ဇာဘော်လီ ၊ ဘရာစီယာ နှင့် အတွင်းခံအမျိုးမျိုးမှ
မြန်မာသက္ကရာဇ် ၁၃၈၁ ခု နှစ်သစ်မင်္ဂလာဆုတောင်း"

ဂမုန်းပွင့် ၊ စိန်ဂေဟာ ၊ Super One ၊ 119 ၊ Gandamar Wholesale ၊
Ruby Mart ၊ United Living Mall (Day To Day)စင်တာ ၊Spirits ၊

စသည့် Sweety နှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေကြသည့်
Sweety ဇာဘော်လီ ကို
ချစ်ခင်ယုံကြည်စွာရောင်းချပေးလျှက်ရှိသော
အရောင်းစင်တာကြီးများ အားလုံး
မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မင်္ဂလာရှိသော
မြန်မာ့နှစ်သစ်ကူးသင်္ကြန်အခါသမယ မှစ၍
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ၊
ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့် ကောင်းကျိုးလိုရာဆန္ဒများ
ပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ ဆပွားတိုးတက်
အောင်မြင်ကြပါစေကြောင်း Sweety မိသားစုမှ
လိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းလှ (မြစ်ကြီးနား)

**အသက်(၉၇)နှစ်**

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ (ဦးအောင်ကြီး-ဒေါ်မမလေး)တို့၏အစ်မ၊ (ဦးအောင်ရဲထွဋ်)၊ ဦးအောင်ဇေယျ၊ (ဦးအောင် သူရ)၊ ဗိုလ်မှူးချုပ်အောင်သီဟ-ဒေါ်နီလာသင်၊ ဦးသက်ဦး-ဒေါ်မိုးမိုးအောင်၊ ဦးဇော်မင်း-ဒေါ်တိုးတိုးအောင်၊ ဦးစိုင်းစိုးဝင်း-ဒေါ်ချိုချိုအောင်၊ ဦးအောင်မင်းဖြိုး၊ (ဦးအောင်သိန်းဇံ)၊ ဦးအောင်လွန်း-ဒေါ်ဖြူမာအောင်တို့၏ကြီးကြီးသည် ၁၈-၄-၂၀၁၉ရက် နံနက် ၁၁:၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်းမြောက် နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းလှ (မြစ်ကြီးနား)

**အသက်(၉၇)နှစ်**

(ဦးအောင်ကျော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဝန်ကြီးငြိမ်း) ၏ဇနီး၊ ဦးအောင်မင်းကျော်သူ-ဒေါ်တင်တင်ညွန့်၊ ဦးမောင်ဝင်း-(ဒေါ်ခင်စန်းမြင့်)၊ ဦးအောင်ကျော်မင်း-ဒေါ်နန်းစိန်သန်း၊ ဦးအောင်ကျော်လင်း-ဒေါ်ခင်ဆွေဦး၊ (ဦးအောင်ညွန့်သိန်း)၊ ဦးအောင်ညွန့်သန်းတို့၏ချစ်လှစွာသော မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၈-၄-၂၀၁၉ရက် နံနက် ၁၁:၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်းမြောက်နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဝရွှေ [ဒုရဲမှူး(ငြိမ်း)စည်ပင်]

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ ဦးဖိုးယွန်း-ဒေါ်ချယ်တို့၏သား၊ ဦးမြမောင်-ဒေါ်မယ်မြတို့၏သားသမက်၊ ရဲအရာခံ(လှဝင်း)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်ချိုချိုအေး(အထက-၄၊ မင်္ဂလာဒုံ)၊ ဒေါ်နွဲ့နွဲ့ဝင်း(MDY)၊ ရဲမှူးဝင်းနိုင်ဦး(တွံတေးမြို့နယ်)-ဒေါ်အေးအေးမာ၊ ဦးသန့်ဇော်ဝင်း-ဒေါ်စန္ဒာနိုင်၊ ဦးကျော်ဇင်ဝင်း-ဒေါ်အိအိမိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ကျင်လှ၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်း၊ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နီလာလမ်း၊ ၂/၁ရပ်ကွက်၊ အမှတ် ၂၂၈နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်မမလေး

**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ ၇၃လမ်း၊ ရွှေတံခါး(၂)နေ (ဦးအေးသောင်း-ဒေါ်ရွှေပု)တို့၏သမီး၊ (ဦးကံထူး)၏ဇနီး၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ညိုညိုလေး(အလပြ၊ အထက အောင်ဆန်း-ပြည်)၊ ဒေါ်ခင်ဝင်းမာ(အလပြ၊ အထက-၅၊ ပြည်)၊ ဦးမောင်စန်း-ဒေါ်ခင်အေးမာ၊ ဒေါ်နီနီမာ(ထွေ/အုပ်)၊ ဦးသန်းဦး(EO-မင်္ဂလာဒုံမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)-ဒေါ်သူဇာဝင်း(ဘဏ္ဍာရေးနှင့်ငွေစာရင်း)၊ ဦးဇော်မင်း(ပြည်တက္ကသိုလ်)-ဒေါ်ယုယုနိုင်(ပြည်တက္ကသိုလ်)၊ ဦးစောလွင်(ခေတ္တ-USA)-ဒေါ်ခင်နှင်းယု၊ ဦးကျော်သူဝင်း(AEO ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)-ဒေါ်အေးအေးသင်း(ဘဏ္ဍာရေးနှင့်ငွေစာရင်း)၊ ဒေါ်လှမြတ်မွန်(ပြည်တက္ကသိုလ်)တို့၏မိခင်၊ ဦးချမ်းဟိန်းဇော်၊ ဒေါ်ဆွေဇင်အေး (လ/ထကထိက အစိုးရနည်းပညာအထက်တန်းကျောင်း-ပြည်)၊ ဒေါ်နွယ်နွယ်ထွန်း(ဘဏ္ဍာရေးနှင့်ငွေစာရင်း)တို့၏အဘွား၊ မြေး၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၁၈-၄-၂၀၁၉ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၄)လမ်း၊ အမှတ် ၄၆၅နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## Capt: တင်မောင်ပါ (C.D.C 2985)

ကြယ်ငါးပွင့်

ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်(၁) ၁/၆၃(ဆိပ်ကြီး)

(ရွှေကျင်အသင်း)

**အသက်(၇၇)နှစ်**

ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ (ဦးစောမောင်-ဒေါ်သန်းတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ အောင်ဇေယျလမ်း၊ အမှတ်(၂၈)နေ ဒေါ်ခင်ရွှေဦး၏ခင်ပွန်း၊ ဦးဇေဌပါ-ဒေါ်ပပဦးသာ၊ ဦးရူဝပါ-ဒေါ်လွှင်လွှင်မြ၊ ဦးဇော်လင်းကို-ဒေါ်ခင်ဝဋ္ဌပါ၊ ဦးအောင်အောင်သီဟ-ဒေါ်ခင်သရဝဏ်ပါတို့၏ကျေးဇူးရှင်ဖခင်၊ မမြူနှင်းဒီပါ၊ မောင်စွမ်းထက်အောင်၊ မဇမ္ဗူဒီပါ၊ မလင်းသုန္ဒရီပါ၊ မောင်လင်းသုန္ဒရပါတို့၏ချစ်လှစွာသောအဘိုးသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁၀:၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးလွင် (ရန်ကင်း၊ ဓာတ်ပုံ၊ သတင်းထောက်)

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၂)နေ [ဦးမြင့်ဆွေ(ခ) ဦးဘကြီးစိန်-ဒေါ်တင်မြ]တို့၏သား၊ (ဦးဘအောင်-ဒေါ်မြသင်)တို့၏သားသမက်၊ ဒေါ်ခင်မေအောင်၏ခင်ပွန်း၊ ဦးထွန်းလှ၊ ဦးမျိုးဆွေ(ခ) ဦးဟန်အေးတို့၏ညီ၊ (ဦးမြင့်စိုး)-ဒေါ်တင်ရွှေ၊ ဦးထင်လင်း(ဦးစီးအရာရှိ-ငြိမ်း၊ MRTV)တို့၏အစ်ကို၊ (ဦးသောင်းရွှေ)-ဒေါ်ချောစုလွင်၊ ကိုကျော်သူလွင်၊ ကိုနေဝင်းအောင်-မဖြူလွင်ကျော်၊ ကိုဇော်ထက်လွင်တို့၏ဖခင်၊ ကိုပြည့်ဖြိုးရွှေ-မသက်သက်စံ၊ ကိုဇင်ကိုကိုအောင်-မခင်စံပယ်လွင်၊ မောင်အောင်ခန့်ကျော်၊ မောင်ဘုန်းပြည့်စံတို့၏အဘိုးသည် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ည ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁:၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တစက္ကိန္ဒ

မြို့နယ်သြဝါဒါစရိယ(ဓမ္မာစရိယ)

ဇလွန်နန်းတော်ကျွန်းကျေးရွာ

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သက္ကဝတီ၊ ဂျိုးဖြူ၊ တုမူလသောမ၊ တပ်ဦးကျောင်းတိုက် ပဓာန-နာယက ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒ(ဓမ္မာစရိယ)သည် (၁၃၈၀ပြည့်နှစ် တန်ခူးလဆန်း ၁၁ရက်) ၁၅-၄-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၅:၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် ကဆုန်လဆန်း ၁ရက်) ၄-၅-၂၀၁၉ရက်တွင် စံကျောင်းချပြီး ၅-၅-၂၀၁၉ရက်တွင် တပ်ဦးကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိစျာပ နအခမ်းအနားပြုလုပ်မည်ဖြစ်ပါကြောင်း။

ဈာပကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ကျင်ကျင်လေး

**အသက်(၁၀၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ၂လမ်း၊ အမှတ်(၁၇)နေ ဘွားဘွားကြီး ဒေါ်ကျင်ကျင်လေးသည် ၁၇-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းမြင့် (ထားဝယ်)

**အသက်(၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၁၁)နေ (ဦးဖေသိန်း-ဒေါ်ရှုကြည်)တို့၏သမီး၊ (ဦးမောင်ကြီး)၏ဇနီး၊ ဦးထင်ကျော်ညို-ဒေါ်ခင်ချိုဦးမောင်တို့၏မိခင်၊ မလမင်းမောင်၏အဘွားသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇:၃၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်း ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ကြည် (ဇီးကုန်း)

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်(၃)လမ်း၊ အမှတ် ၁၀(ပထမထပ်)နေ (ဦးအဝေါင်-ဒေါ်ညို)တို့၏သမီး၊ ဦးစိန်မြင့်၏ဇနီး၊ ဒေါက်တာသန်းဝင်း-ဒေါက်တာသင်းသင်းခိုင်၊ ဒေါ်ချိုချို၊ ဒေါ်ခင်မိုးမိုး၊ ဦးကျော်မြင့်-ဒေါ်ကြူကြူနိုင်၊ ဦးသိန်းဝင်းတို့၏မိခင်၊ မောင်သီဟဝင်း၊ မောင်ကောင်းခန့်၊ မောင်ပိုင်မင်းသန့်တို့၏အဘွားသည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး

## ဒေါ်ရီရီမြင့် အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)လုံးတန်း၊ တိုက်(၂၁၇)၊ အခန်း(၁၀)နေ (ဦးငွေဆိုင်-ဒေါ်ဆင့်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်-ဒေါ်သန်း)တို့၏သမီး၊ ဦးဝင်းမြင့်(ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ သတင်းထောက်)၏ချစ်လှစွာသောဇနီး၊ [ဦးဂျော်မီ(ခ)ဦးတင်ဇော်အေး]-ဒေါ်နီလာဝင်းမြင့်၊ ဦးဆက်ဝင်းမြင့်(စွမ်းအင်-ငြိမ်း၊ ရေနံသယ်ပို့)-ဒေါ်စန်းစန်းဝင်း(လယ်ယာ/ဆည်မြောင်းစက်ရုံမှူး-ငြိမ်း)၊ ဦးသက်ဝင်းမြင့်- ဒေါ်ခင်တိုးမာ(ဗိုလ်ချုပ်ဈေး)တို့၏ချစ်လှစွာသောမိခင်၊ ကိုခိုင်မင်းဇော်(ချင်းတွင်းကောလိပ်)၊ ကိုမင်းဟိန်းကျော်(ချင်းတွင်းကောလိပ်)၊ ကိုရဲအိမ်ချမ်းမြေ့၊ မယွန်းအိမ်ချမ်းမြေ့၊ မသင်းမြတ်ဝတီဦး(National Management Degree College)၊ မောင်မင်းဟန်ကောင်း(ALBA)တို့၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးကျော်ကျော်ဦး (ငြိမ်း)

ရေ/၃၇၃၁၊ ဗသက(၈၉)

**အသက်(၅၁)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးကျော်ကျော်ဦး(ငြိမ်း)သည် ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ ၅:၂၀နာရီတွင် စစ်တွေမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၈၉)ကျောင်းဆင်းမိသားစု**

---

ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဆေးပေးခန်း၊ အလယ်တန်းကျောင်းဆောင်၊ အထက်တန်းကျောင်းဆောင်၊ ဒါယကာ

## ဦးရန်နိုင်ထွန်း (အောင်သုခ ယောဂီ)

**B.Tech(Mechanical Power), A.G.T.I(မော်ဘီ)**

**Certificate in Business Law,**

**TTC 2000 ခုနှစ်ကျောင်းသားဟောင်း၊ အေးငြိမ်းသာအထူးကုဆေးခန်း**

**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၂၀/၂၃)၊ အေးငြိမ်းသာအထူး ကုဆေးခန်းနေ (ဦးထွန်းလှိုင်-ဒေါ်မာ)၊ (ဦးတင်စိန်-ဒေါ်ခင်တင့်)တို့၏မြေး၊ ဦးကျော်မင်း(အေးငြိမ်းသာအထူးကုဆေးခန်း)-ဒေါ်ရီရီငွေ(တရားလွှတ်တော်ရှေ့နေ)တို့၏သား၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းဦးတို့၏သားသမက်၊ မရတနာကျော်၊ ကိုစံဝေဖြိုး-မလွင်မေအောင်တို့၏ကိုကိုကြီး၊ မောင် Hugh သူရိန်ဝေဖြိုး၊ မောင်သူရိယဝေဖြိုးတို့၏ဘကြီး၊ မောင်အောင်ဇေနိုင်ထွန်း၏ဖခင်၊ ဒေါ်စိုးမမဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

# ရက်လည်ဆွမ်းကပ်ဖိတ်ကြားလွှာ

(၁၃၈၀ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၈ရက်) ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) ည ၉:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သော မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်၊ တောင်ပြင်ထီးလင်းတိုက်၊ ဇောတိကာရုံတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တရေဝတ (အစိုးရပထမကျော်၊ သာသနဓဇဓမ္မာစရိယ၊ နိုင်ငံတော်သမ္မုတိရသံဃကိုယ်စားလှယ်၊ အစိုးရဓမ္မာစရိယ (ဗ-ဂ) စာဖြေဌာန၏ အတွင်းရေးမှူး)၏ ရက်လည်ဆွမ်းကပ်ပူဇော်ပွဲကို ဦးတန်ခူးလပြည့်ကျော် ၆ရက် ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ဇောတိကာရုံတိုက်ကျောင်း သံဃာများနှင့်**

**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

## ဦးဇဝန(ခ)ဦးစိန်အောင်

အသင်းဝင်အမှတ်(၁၄)

ညွှန်ကြားရေးမှူး(ငြိမ်း)

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၁၉)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၈၄၆)နေ ဒေါ်စောမြင့်ကြည်၏ခင်ပွန်းသည် ၁၄-၄-၂၀၁၉ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ၁၅-၄-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးပူဇော်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်စန်းရီ (ပုလော)

အသင်းဝင်အမှတ်(၅၄၅)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆) ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းမ၊ အမှတ် ၂၀(B/4)နေ ဦးလှသိန်း၏ဇနီးသည် ၁၄-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်မြင့်မြင့်

(ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေး-ငြိမ်း)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၈၅၊ မိုးညှင်းဝိပဿနာတိုက်သစ်နေ (ဦးသိန်းမောင်-ဒေါ်နှင်းမြ) တို့၏သမီး၊ (ဦးသန်းရွှေ)-ဒေါ်အေးသန်း၊ ဦးကြည်ဝင်း-(ဒေါ်သန်းရီ)၊ ဦးတင်ကြည်-ဒေါ်တင်တင်တို့၏ညီမ၊ ဦးစိန်မြင့်-ဒေါ်တင်ကြည်တို့၏အစ်မ၊ တူ၊ တူမ ၁၇ယောက်တို့၏အဒေါ်သည် ၁၈-၄-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မိုးညှင်း ဝိပဿနာတိုက်သစ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် နံနက်တွင် မိုးညှင်းဝိပဿနာတိုက်သစ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မောင်ဝင်းဇော်

ရန်ကင်းမြို့နယ်

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးစိုးတင့်-ဒေါ်ကြူကြူ)တို့၏ချစ်လှစွာသောသား၊ ကိုအောင်သွင်-ဒေါ်နှင်းနွယ်ဝင်း၊ (မောင်ဝင်းနိုင်)၊ ကိုကျော်ကျော်လွင်-ဒေါ်နီနီဝင်းတို့၏ညီ၊ မမြတ်နိုးပိုင်မှူး၊ မကြယ်စင်ဝင်းခ (ခ) ဂျူးဂျူး (အထက-၄၊ အလုံ)၊ မောင်လုခန့်မော် (ခ) Richee (အထက-၂၊ ရန်ကင်း) တို့၏ဦးလေးသည် ၁၇-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ ဆ-ရပ်ကွက်၊ ကြိုးစက်လမ်း၊ အမှတ်(၃၃၀)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၉ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိုးစိုးရီ(ခ)Jenny Aung

ဌာနခွဲမှူး(ဘဏ္ဍာ)(ငြိမ်း)၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၂၇)နေ (ဦးမျိုးအောင်-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးဝင်းမြင့်အောင်)-ဒေါ်မြင့်စန်းသူ၊ ဒေါ်တင်တင်အောင်၊ ဦးမြင့်သန်းအောင်-ဒေါ်စိုးစိုးနွယ်၊ (မောင်မြင့်ထွန်းအောင်)၊ (မောင်မြင့်ငွေအောင်)တို့၏အစ်မသည် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားအသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးတင်ထွန်း

မြန်မာ့မီးရထား(ငြိမ်း)

**အသက်(၆၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၄၁×၄၂လမ်းကြား၊ ၆၇×၆၈လမ်းကြား၊ သံလွင်လမ်းနေ (ဦးသိန်းဟန်-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်မေသူဇာ၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး တင်မင်းလတ်-မတင်ဇာမိုး၊ ဗိုလ်ကြီးကျော်ဇေယျာလင်း(ငြိမ်း)-မခင်သန္တာလင်းတို့၏ ချစ်လှစွာသောဖခင်၊ မချစ်သောဆု၊ မနွေးလတ်ဖြူတို့၏အဘိုးသည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၀၂နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ထိုက်ထိုက်အောင်(ခ)မေထိုက် အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၂)လမ်း၊ အမှတ်(၉၀)နေ ဦးငွေအောင်-(ဒေါ်စန်းရင်)တို့၏သမီး၊ (ဦးခင်ဦးဖေ-ဒေါ်ခင်ခင်ထား)တို့၏သမီးချွေးမ၊ ဦးအောင်နိုင်လွင်-ဒေါ်စန်းစန်းအောင် LASOURCE SPA ၏အစ်မ၊ မောင်ကြွယ်ဇေယျကို-မလွင်မာစိုး၊ မောင်တင်မင်းလှိုင်-မဖြိုးစန္ဒီကို Tin YE Win Co,Ltd၊ ဦးကိုကိုကျော် (OOREDOO MYANMAR)-ဒေါ်မေသစ္စာကိုတို့၏ကျေးဇူးရှင်မိခင် မငွေစန္ဒာ၊ မောင်လင်းလဝန်း၏ကြီးတော်၊ မောင်ဘုန်းတေဇကို၊ မသစ္စာပိုးဥတို့၏ဘွားဘွားကြီး၊ ဦးသီဟ၏ချစ်လှစွာသောဇနီးသည် ၁၈-၄-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

## ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေး ညှိနှိုင်းဆောင်ရွက်ပေး

**မြဝတီ မေ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် မြဝတီခရိုင် ကွင်းကလေးကျေးရွာအုပ်စုအတွင်းရှိ ကွင်းကလေးကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုကဲ့သို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ပြည်သူများက ရွေးချယ်တင်မြှောက်ပေးခြင်းသည် ပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် မိမိတို့ကို တာဝန်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားမည်ဟု ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လွှတ်တော်ရပ်နားချိန်တွင် ဒေသခံပြည်သူများ၏ အခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြား၍ ဒေသလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြဝတီခရိုင် ထီးချားရားကျေးရွာအုပ်စုရှိ ထီးချားရားကျောင်းတိုက်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူများအနေဖြင့် မိမိတို့၏ တွေ့ကြုံခံစားရမှုများနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ပြောကြားပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများ၏ အခက်အခဲကို တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များကို မှတ်သား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယနေ့ကျင်းပသည့် တွေ့ဆုံပွဲများသို့ ကွင်းကလေး၊ ထီးချားရားနှင့် ပုလွဲပူ ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**မောင်စိန်လွင်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ထီးချားရားကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။**
ဓာတ်ပုံ-မင်းထက်

# အာရှယူ- ၁၉ ခြေစစ်ပွဲ ဒုတိယအဆင့်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် မေ ၁၈**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် မေ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။



ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်-** ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများအဖြစ်-** ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ-** ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး-** ဇူးလတ်နဒီ၊ ပိုးဥ၊ ခင်မြတ်မိုး၊ **နောက်တန်း-** နှင်းမြသဇင်၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန်နို့ဇူးဇူးထက်၊ သဇင်အောင်၊ ကြည်ပြာလင်း၊ မိုးမမစိုး၊ အိအိကျော်၊ ဖြူဖြူဝင်း၊ **အလယ်တန်း-**မိုးမိုးသန်း၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ အေးအေးထွေး၊ လင်းမြင့်မိုရ်၊ သီတာဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း-**စန်းသော်သော်၊ နွယ်နီဝင်း၊ အေးမြတ်ခိုင်၊ မြတ်နိုးခင်တို့ ပါဝင်ကြသည်။ ယင်းအသင်းတွင် မြန်မာ ယူ-၁၆ လက်ရွေးစင်ကစားသမားများဖြစ်သော မြတ်နိုးခင်၊ ပုံ့ပုံ့ပြည့်မောင်၊ ဖြူဖြူဝင်း၊ ပိုးဥနှင့် ခင်မြတ်မိုးတို့ ငါးဦး ရွေးချယ်ခံရပြီး ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ပေါင်းစပ်ရွေးချယ်ထား

*စာမျက်နှာ ၁၂ ကော်လံ ၆ ❍*

**မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း တိုက်စစ်မှူး စန်းသော်သော်။**
ဓာတ်ပုံ-စိုးညွန့်

# ထိုင်းနိုင်ငံ၌ ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ ပထမဆုတစ်ခုနှင့် တတိယဆုတစ်ခုရရှိ

**ရန်ကုန် မေ ၁၈**

မေ ၉ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသော 18th TrueVisions International Junior Golf Championship 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် ပထမဆုတစ်ခုနှင့် တတိယဆုတစ်ခုရရှိခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ကစားသမား ကိုးဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Consolations Class B Boys တွင် ထွန်းသူရိန်က ပထမ၊ Consolations Class D Boys တွင် ကျော်လင်းထက်က တတိယဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရှနိုင်ငံများမှ လူငယ်ဂေါက်သီးရိုက်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရယူနိုင်ခဲ့ခြင်းဖြစ်သည်။





**ပထမဆုရခဲ့သည့် ထွန်းသူရိန် ဆုလက်ခံရယူနေစဉ်။** ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

အောင်ပွဲရ မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးသီဟ (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်) ကစားသမားများအဖြစ် ဖြိုးဇံ၊ ကောင်းမြတ်ကျော်၊ မင်းစစ်သွေး၊ မင်းသံလွင်အောင်၊ ထွန်းသူရိန်၊ အောင်မျိုးသူ၊ လင်းဖြိုးသူ၊ ဝေယံလင်း၊ ကျော်လင်းထက်တို့ ပါဝင်ကြသည်။

**ဖိုးသော်ဇင်**

"အတော်ဆုံး အတတ်ဆုံး နိုင်ငံသိ ဆရာများချည်း စုဝေးရာ၊ နှစ်စ နှစ်ဆုံး မပျက်မကွက် သင်ကြားရာကို အကောင်းဆုံးကျောင်းအဖြစ် မိဘနှင့်ကျောင်းသားကသာ သတ်မှတ်ကြသည်။"

အမြတ်ကို ပဓာနမထား
အတတ်ကို ပဓာန ထားသည်။
ဂုဏ်ထူး ဦးသိန်းနိုင်
(ဂုဏ်ထူးမြန်မာစာ)
တည်ထောင်အုပ်ချုပ်ခဲ့သည်မှာ
၁၉၉၃ မှ ယနေ့အထိ ယှဉ်ပြိုင်သူ မရှိခဲ့ပါ။
ဆရာစုံ ဘာသာစုံနှင့်
အင်တိုက်အားတိုက်သင်ကြားနေပြီ
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)

ဂုဏ်ထူးဦးသိန်းနိုင်
ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့်
ပညာရေးဘော်ဒါဆောင်များ
ခြံအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊
ရွှေစိတ်တော်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်)၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂

ဤကြေညာထားသည့်ဆရာများက
သင်ကြားကြသည်ဆိုလျှင်...
ဤသို့ပင် စည်ကားသိုက်မြိုက်စမြဲ။
ဒသမတန်း တန်းခွဲ (၁)+(၂)
မတ်လ (၇)ရက်က စ ဖွင့်သည်နှင့်
တန်းခွဲ (၂)ခွဲလုံး ပြည့်ပါပြီ။
နောက်ထပ် လက်ခံစရာ နေရာ
မရှိတော့ပါ။
မေ (၉) ရက် ဒသမတန်း တန်းခွဲ (၃)
မေ (၂) ရက် ဒသမတန်း တန်းခွဲ (၄)
ဖွင့်ပါမည်။
ကြိုတင် အပ်နှံထားပါမှသာ
တစ်နေရာစာ သေချာပါမည်။

ဘယ်သူ ဘယ်မှုနဲ့မှ မတူသည့်
ပညာရေးအင်အား
- ဂုဏ်ထူးဦးသိန်းနိုင်
  ဂုဏ်ထူးဒေါ်စန်းမြင့်
- ဆရာနေအုပ်(စိန်ပေါလ်)
  ဂုဏ်ထူးဦးအောင်ခိုင်
- ဒေါက်တာညီညီ(Ph.D)
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ပါမောက္ခ ဒေါက်တာထွန်းခင်
  ပါမောက္ခ ဒေါက်တာခင်မောင်ထွန်း
- ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်

အထက်တန်း အောင်ပွဲဝင်

မူလတန်း အထူး
- မိဘတို့ တောင်းဆိုမှုကြောင့် ခမ်းနားပြည့်စုံစွာ ဖွင့်မည်။
- ခေတ်မီ သင်ကြားရေး
- မူလတန်းသင်ရိုးကို အမှန်တကယ် တတ်မြောက်ပြီး ဆရာမများ
- ကျောင်းသင်ထောက်ကူ အပြည့်အစုံ (လိုလေသေးမရှိ)

အလယ်တန်း အာမခံ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၁၉၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အုပ်ချုပ်ရေးယန္တရားစနစ်တကျ လည်ပတ်နိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းချက် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

*တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ကိုကိုလေး*

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနသည် **“ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က”** ဆိုသည့်အတိုင်း ပြည်သူလူထုအတွက် ဦးစားပေးပြောင်းလဲရန် မျှော်မှန်းထားသည်မှာ ရိုးရှင်းလွယ်ကူသည့် စီမံခန့်ခွဲမှုစနစ်နှင့် ဝန်ဆောင်မှုပုံစံဖြစ်ပြီး အချိန်ကုန်သက်သာရန်၊ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းရန်နှင့် ဥပဒေနှင့်အညီ အားလုံးတန်းတူညီမျှရရှိနိုင်မည့် စနစ်မျိုး၊ ပုံစံမျိုးကို ဖော်ထုတ်ပေးရန်ဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စံနမူနာပြဆောင်ရွက်ပေးရန်၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရန်၊ ပြည်သူနှင့် တစ်သားတည်းရပ်တည်ပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။

**ဦးမြင့်သန်း**
**ညွှန်ကြားရေးမှူးချုပ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရင်က ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဦးစီးဌာန တစ်ခုဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန် (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ **“အုပ်ချုပ်ရေးယန္တရားစနစ်တကျ လည်ပတ်နိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်”** ဟူသော မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို စီမံရေးရာဌာန၊ အထွေထွေဌာန၊ မြေယာဌာန၊ ယစ်မျိုးနှင့် အခွန်ဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ နိုင်ငံတကာရေးရာဌာနနဲ့ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းတို့ဖြင့် ဖွဲ့စည်းထားရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ဌာနက ကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ဥပဒေ ၁၉ ခုနဲ့ နည်းဥပဒေ ၁၀ ခုရှိပါတယ်။ ဌာနရဲ့ အဓိကလုပ်ငန်းတာဝန်များဖြစ်တဲ့ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်(၄)မျိုးကောက်ခံရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း၊ မြို့နဲ့ကျေးရွာမြေတွေ စနစ်တကျဖွဲ့စည်းရေး၊ အသင်းအဖွဲ့တွေကို ဥပဒေနဲ့အညီ ဖွဲ့စည်းရေး၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ချီးမြှင့်ထိုက်သူ ချီးမြှင့်ရေးတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ပေးအပ်သော လုပ်ငန်းတာဝန်တွေနဲ့ အခြားဝန်ကြီးဌာနတွေက ပေးအပ်သော လုပ်ငန်းတာဝန်တွေကို ဌာနရဲ့ ရည်မှန်းချက်တွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ တတိယ (၁)နှစ်တာကာလအတွင်း လုပ်ငန်းတစ်ခုချင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေတွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူတွေက တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းဖွဲ့စည်း တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ လက်ရှိအချိန်မှာ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပြောင်းလဲရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမသုံးလတာကာလကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

*အချပ်ပို(ခ)သို့*



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

**“အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စံနမူနာပြဆောင်ရွက်ပေးရန်၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရား ကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရန်၊ ပြည်သူနှင့် တစ်သားတည်းရပ်တည်ပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်”**

*အချပ်ပို(က)မှ*

တစ်ချိန်တည်းမှာပဲ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက် အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်မှာ သုံးရက်တာ ကျင်းပခဲ့ပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

အလုပ်ရုံဆွေးနွေးပွဲမှ **"ပြုပြင်ပြောင်းလဲမှု အစ ထွေအုပ်က"** ဆိုတဲ့ ဆောင်ပုဒ်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အနာဂတ်မျှော်မှန်းချက်၊ ရည်မှန်းချက်၊ တန်ဖိုးထားမှုစတဲ့ မူတွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ပြဋ္ဌာန်းချက်တွေနဲ့စပ်လျဉ်းပြီး ပြုပြင်ပြောင်းလဲရမယ့် အချက်တွေ၊ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းအတွက် လုပ်ဆောင်သင့်တဲ့ အချက်တွေ၊ ရပ်/ကျေးအဆင့်အထိ ပိုမိုထိရောက်သည့် ဝန်ဆောင်မှုတွေပေးနိုင်ရေးတို့အတွက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်တွေအရ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် **"ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေး"** ဟူသော ဌာနရဲ့အနာဂတ်မျှော်မှန်းချက်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတွေအနေနဲ့ အလေးအနက်ထားပြီး ဆောင်ရွက်ရမယ့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ ဒီရည်မှန်းချက်တွေက တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒတွေ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေး၊ ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဝန်ထမ်းတွေအနေနဲ့ အလေးထားရမယ့် တန်ဖိုး(၆)ရပ်ကို သတ်မှတ်နိုင်ခဲ့ပါတယ်။ အဲဒီတန်ဖိုး (၆)ရပ်က ထိရောက်မှုနှင့် စွမ်းရည်ပြည့်ဝမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ ပြည်သူလူထု ယုံကြည်အားထားမှု၊ တန်းတူညီမျှအားလုံးပါဝင်မှု၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဖြစ်စေမှုတို့ ဖြစ်ပါတယ်။

ဒါ့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကဏ္ဍအလိုက်၊ ဦးစားပေးအလိုက်ဆောင်ရွက်ရမယ့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်(၃)ရပ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်(၃)ရပ်က မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ လုပ်နည်းစနစ်ကောင်းတွေ တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ မြို့/ကျေးရွာများ စနစ်တကျဖွဲ့စည်းနိုင်ရေး၊ ပြည်သူဗဟိုပြုပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနဲ့ အသင်းအဖွဲ့တွေကို ဥပဒေနဲ့အညီ စနစ်တကျဖွဲ့စည်းရေးတို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ တိုင်ကြားလာတဲ့ တိုင်ကြားစာတွေအပေါ် ဘက်လိုက်မှုကင်းစွာ၊ အဂတိကင်းစွာ စိစစ်သုံးသပ် တင်ပြနိုင်ရေး၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် စိတ်ရင်းစေတနာမှန်မှန်နဲ့ အချိန်ကြန့်ကြာမှု မရှိအောင် ဆောင်ရွက်ပေးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါ်ဆွေဆွေနိုင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ဝန်ထမ်းတွေ စုဆောင်းမှုနဲ့ လေ့ကျင့်ပညာပေးမှုတွေကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဝန်ထမ်းတွေ စတင်ခန့်ထားချိန်မှာ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်မားရေးနဲ့ အဂတိကင်းရှင်းဖို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ရုံးဌာနအဖွဲ့အစည်းတစ်ခုအတွင်း လူ့စွမ်းအားအရင်းအမြစ် စုဆောင်းရာမှာ ဌာနတွင်းက ဝန်ထမ်းတွေရဲ့အခွင့်အရေးကို ဦးတည်ရုံသာမက ဌာနမှာ ပြင်ပက ဝင်ရောက်လာတဲ့ ဝန်ထမ်းသစ်တွေကိုဖိတ်ခေါ်ပြီး စုဆောင်းနိုင်မှသာလျှင် အဖွဲ့အစည်းတစ်ခုဟာ ပေးအပ်တဲ့ တာဝန်၊ ဝတ္တရားနဲ့ညီမျှတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ဝန်ထမ်းဦးစီးအရာရှိ၊ အရာထမ်း/စီမံ - ၂ ၂၅ ဦးကို ပြည်ထောင်စုရာထူးဝန်က တစ်ဆင့် ရွေးချယ်စုဆောင်းပြီး ခေါ်ယူခဲ့ပါတယ်။ အလားတူ ဌာနတွင်းမှာရှိတဲ့ စီမံ - ၁ က (ဦးစီးအရာရှိ/ စီမံ-၂ ရာထူး)ကို ၃၉၄ ဦးအား စနစ်တကျရာထူးတိုးမြှင့်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီး ရာထူးတိုးမြှင့်ပေးခဲ့ပြီး လစ်လပ်သွားတဲ့ ဒုတိယဦးစီးမှူး/စီမံ - ၁ ရာထူးနေရာတွေကို ပြင်ပနဲ့ဝန်ထမ်းတွေထဲက အခွင့်အရေးမျှတစွာ အချိုးနဲ့ခေါ်ယူလိုက်တဲ့အတွက် မကြာမီမှာပဲ ဝန်ထမ်းပေါင်း ၁၉၀ ကျော် ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

နိုင်ငံတော်အစိုးရရဲ့ တတိယ (၁)နှစ်တာကာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေကို လေ့ကျင့်မှုအနေနဲ့ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းဆိုတဲ့ သင်တန်းကျောင်း တစ်ကျောင်းရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ ဌာနဆိုင်ရာ သင်တန်းကျောင်းဖြစ်ပါတယ်။ အဲဒီအုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှာ ၂၀၁၈ ခုနှစ်အတွင်း သင်တန်းပေါင်း ရှစ်ကြိမ်နဲ့ အရာရှိပေါင်း ၇၆၂ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ဖွင့်လှစ်တဲ့ သင်တန်းအမျိုးအစားတွေက စီမံ(၁)နှင့် စီမံ(၂) လုပ်ငန်းခွင်ဝင်သင်တန်း၊ နည်းပြအရာရှိ (TOT) သင်တန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး/ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး/ ညွှန်ကြားရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း၊ ယခုဆိုရင် ပြည်သူ့ဝန်ဆောင်မှုရုံးတွေမှာ Monitor တွေ၊ ကြီးကြပ်ရေးအရာရှိတွေအဖြစ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတွေက ထမ်းဆောင်နေတာ ဖြစ်တဲ့အတွက် သူတို့တွေအတွက် စွမ်းရည်မြှင့် သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ပြည်ထောင်စုရာထူးဝန်က ဖွင့်လှစ်တဲ့ သင်တန်းတွေဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ အလယ်အလတ်ဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်းအခြေခံ သင်တန်းတွေကို တက်ရောက်ခဲ့ရာ ၇၇ ကြိမ်မှာ ၇၁၄ ဦး တက်ရောက်နိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံးမှာ အမှုထမ်းဦးရေဟာ ၃၄၀၀၀ ကျော် တာဝန်ထမ်းဆောင်နေပါတယ်။ အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှာ အရာထမ်းတွေကိုပဲ သင်တန်းပို့ချနိုင်ပါတယ်။ အဲဒီအတွက် ပြည်ထောင်စုရာထူးဝန်က သင်တန်းတွေမှာ ဒီထက်ပိုပြီး ခွဲတမ်းဦးရေ ရရှိတက်ရောက်နိုင်ဖို့ကို ညှိနှိုင်းဆောင်ရွက်နေပါတယ်။

ဒါ့အပြင် အထူးသင်တန်းတွေအနေနဲ့ မြန်မာနိုင်ငံရဲ့မြို့နယ်ပေါင်း ၃၃၀ မှာ နယ်စပ်ဒေသမှာရှိတဲ့ မြို့တွေလည်း ရှိပါတယ်။ အဲဒီအခါမှာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေအဖြစ် ကျွန်မတို့ဌာနရဲ့ လက်ထောက်ညွှန်ကြားရေးမှူးတွေက တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ နယ်စပ်ဒေသတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ အုပ်ချုပ်ရေးအရာရှိတွေက မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေ မဆုံးရှုံးရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နယ်နိမိတ်ပြဿနာတွေ အငြင်းပွားတဲ့အခါ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှုပြီး အိမ်နီးချင်းကောင်းပီသစွာ ဖြေရှင်းနိုင်ရေး၊ နယ်စပ်နယ်နိမိတ် စာချုပ်စာတမ်းတွေနဲ့အညီ သိရှိနားလည်ပြီး အဲဒီဒေသခံပြည်သူတွေကို အသိပညာပေးနိုင်ရေးကို ရည်ရွယ်ပြီး နယ်နိမိတ်ရေးရာနဲ့ နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းတွေကို ဖွင့်လှစ်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်းမှာ တတိယအကြိမ် ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဟာ အုပ်ချုပ်ရေးအဆင့်မှာ အခြေခံဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးပေါင်း ၁၆၁၈၆ ဦးခန့် တာဝန်ထမ်းဆောင်နေပါတယ်။ အရင်တုန်းက အမျိုးသားတွေပဲ ထမ်းဆောင်နေတာပါ။ ယခုအခါ အမျိုးသမီးတွေ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေအဖြစ် ရွေးချယ်ခံပြီး ပါဝင်ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်မတို့ဌာနနဲ့ UNDP တို့ ပူးပေါင်းပြီး အမျိုးသမီးအုပ်ချုပ်ရေးမှူးတွေ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။

အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဒေသန္တရအုပ်ချုပ်ရေးနဲ့ ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် အမျိုးသမီးတွေ၏ အခန်းကဏ္ဍ၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးနဲ့ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ အခန်းကဏ္ဍ၊ လွှတ်တော်တွင်အမျိုးသမီးများပါဝင်မှုနှင့် အခန်းကဏ္ဍ၊ ကျား/မရေးရာ သဘာဝတရားနှင့် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားခြင်း၊ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ပြည်သူပူးပေါင်းပါဝင်သော ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း၊ အမျိုးသမီးနဲ့ ခေါင်းဆောင်မှုစတဲ့ ဘာသာရပ်တွေကို တာဝန်ရှိသူတွေက လာရောက်ဆွေးနွေးပို့ချခဲ့ပြီး အမျိုးသမီးရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၄ ဦး တက်ရောက်ခဲ့တဲ့အတွက် လက်တွေ့နယ်ပယ်မှာ တာဝန်ထမ်းဆောင်ရာမှာ များစွာအထောက်အကူ ဖြစ်စေခဲ့ပါတယ်။

*အချပ်ပို(ဂ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ






ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပုသိမ်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

*အချပ်ပို(ခ)မှ*

**ဦးအောင်သိုက်ဝင်း**

**ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန**

နိုင်ငံတော်အစိုးရရဲ့ တတိယ (၁)နှစ်တာကာလအတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ နဲ့အညီ မြို့ရပ်ကွက်/ ကျေးရွာတွေ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ရာမှာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တွေမှာရှိတဲ့ စုစုပေါင်း ခရိုင် တစ်ခရိုင်၊ မြို့ ၁၁ မြို့၊ ရပ်ကွက် ၆၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ နဲ့ ကျေးရွာ ၅၅ ရွာ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ကျေးရွာအုပ်စု ခြောက်အုပ်စုနဲ့ ကျေးရွာ ၂၁၄ ရွာ ပယ်ဖျက်ပေးခဲ့ပါတယ်။

၂၀၁၄ ခုနှစ် အသင်းအဖွဲ့တွေ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေအရ တစ်နှစ်တာကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့ ၂၁၁ သင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ၂၈ သင်း၊ စုစုပေါင်း ၂၃၉ သင်းကို မှတ်ပုံတင်ခွင့် ပြုပေးနိုင်ခဲ့ပါတယ်။ အသင်းအဖွဲ့တွေ မှတ်ပုံတင်ထားခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေထံမှ ဥပဒေနှင့်အညီ အကူအညီတွေ ရယူနိုင်ခြင်း၊ လူမှုအဖွဲ့အစည်းတွေ ခိုင်မာအားကောင်းနိုင်ခြင်း စတဲ့ အကျိုးတွေရရှိနိုင်မှာ ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပင်မလုပ်ငန်းတာဝန်ထဲမှာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေကို ချီးမြှင့်ထိုက်သူ ချီးမြှင့်ခြင်းလုပ်ငန်းလည်း ပါဝင်တဲ့အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ ထူးကဲစွာဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရာမှာ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်တွေ၊ နယ်ဘက်နဲ့ စစ်ဘက်ဆိုင်ရာတို့မှာ တိုင်းကျိုး ပြည်ကျိုးကို အများနဲ့မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံနဲ့ လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနဲ့ အခြားသောပညာရပ်တစ်ခုခုမှာ ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ စာပေနဲ့ အနုသုခုမပညာရပ်တွေမှာ ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်တွေနဲ့ နိုင်ငံတော်နဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြတဲ့ နိုင်ငံခြားခေါင်းဆောင်တွေ၊ နိုင်ငံခြားသံတမန်တွေနဲ့ ပုဂ္ဂိုလ်တွေကို ချီးမြှင့်အပ်နှင်းနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရသက်တမ်းတတိယ (၁) နှစ်တာကာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဂုဏ်ထူးဆောင်ဘွဲ့ / တံဆိပ်တွေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ပထမဦးဆုံးဘွဲ့တစ်ခုဖြစ်တဲ့ သိပ္ပကျော်စွာဘွဲ့တစ်ဦး အပါအဝင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်တစ်ဦး၊ မြန်မာနိုင်ငံ စစ်မှုထမ်း သင်္ဂဟတံဆိပ် ၁၄၈၉ ဦး၊ စစ်မှုထမ်းကောင်းတံဆိပ် ၂၅၉၉ ဦး၊ ရဲသူရိန်တံဆိပ်နှစ်ဦး၊ ရဲကျော်စွာတံဆိပ်ငါးဦး၊ ရဲမှုထမ်းကောင်းတံဆိပ် ၂၁၄ ဦး၊ နိုင်ငံတော်ရဲမှုထမ်း တံဆိပ် ၇၇၉ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၁၁၁၆၉ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၂၅၂၆၃ ဦး၊ ငြိမ်ဝပ်ပိပြား ရေးနဲ့ တရားဥပဒေစိုးမိုးရေး ၆၀၆၄၆ ဦး စုစုပေါင်း ၁၀၂၁၆၈ ဦးကို ချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရရဲ့တတိယ (၁)နှစ်တာကာလအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ရန်ပုံငွေကျပ်သန်း ၂၈၄ ဒသမ ၅၀ ကို ခွင့်ပြုပေးခဲ့တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းလေးခု၊ လမ်းတံတားလုပ်ငန်း ၇၈ ခု၊ ရေရရှိရေးလုပ်ငန်း ၁၃ ခု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးခု စုစုပေါင်း ၉၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို တားမြစ်ပြီး ထိရောက်တဲ့ ဝန်ဆောင်မှုအလေ့အကျင့်တွေကို ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပြည်သူတွေက အစိုးရနဲ့ ဌာနဆိုင်ရာတွေအပေါ် အားကိုးယုံကြည်မှု တိုးပွားစေဖို့နဲ့ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတွေ၊ ဦးစီးဌာနတွေအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီး **"ပြည်သူ့အတွက် OSS"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူ့ဝန်ဆောင်မှုရုံးတွေကို နယ်မြေအခြေအနေနှင့် ဒေသအခြေအနေပေါ် မူတည်ပြီး မြို့နယ်ရုံး ၃၁၆ ရုံးတွင် ပြည်သူ့ဝန်ဆောင်မှု OSS ရုံးတွေ ဖွင့်လှစ်၍ ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်တွေနဲ့ နေပြည်တော်မှာ ဖွင့်လှစ်ထားရှိတဲ့ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွေမှာ သက်ဆိုင်ရာဌာနတွေအလိုက် ဆောင်ရွက်ပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ရေးနဲ့ ဝန်ဆောင်မှုရယူတဲ့ ပြည်သူတွေ စိတ်ကျေနပ်မှုရရှိရေးတို့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွေ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး ယခုအခါမှာ လက်တွေ့အကောင်အထည်ဖော်နိုင်မယ့် စံလုပ်ထုံးလုပ်နည်း (SOP) တစ်ရပ် ပေါ်ပေါက်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွေက ဝန်ဆောင်မှုပေးနေမှုတွေကို ပြည်သူတွေက ပိုမိုသိရှိလာရေးအတွက် အသိပညာဖြန့်ဝေပေးတဲ့ အစီအစဉ်တွေ ပြုလုပ်ခြင်း၊ လက်ကမ်းကြော်ငြာတွေ ဖြန့်ဝေခြင်း၊ ဒေသန္တရအစိုးရအဖွဲ့တွေက အနီးကပ်ကြီးကြပ်အားပေးခြင်း စတဲ့လုပ်ငန်းတွေ စီမံထားရှိပြီးဖြစ်ပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

**ဦးစိုးသိန်း**

**ညွှန်ကြားရေးမှူး၊ မြေယာဌာန**

နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်မြို့နယ်တွေမှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာအရှုပ်အရှင်းကင်းတဲ့ ကျေးရွာတွေမှာ မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းကို ရက် (၁၀၀) စီမံချက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ မြို့နယ်ပေါင်း ၂၇၅ မြို့နယ်မှာရှိတဲ့ ကျေးရွာ ၂၇၅ ရွာမှာ ကျေးရွာမြေငှားဂရန် စုစုပေါင်း ၂၃၀၁၇ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ **e-Government** အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

*အချပ်ပို (ဂ) မှ*

တတိယ(၁)နှစ်တာကာလမှာ မြေယာအရှုပ်အရှင်းကင်းတဲ့ ကျေးရွာတွေမှာ မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာမြေငှားဂရန် ၅၀၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ မြေသိမ်းခြောက်ခု၊ မြေလွှဲ ၁၆၀၊ စားကျက်မြေ ၄၂ ခု၊ သာသနာ့ဂရန် ၁၂၇ ခု၊ ဗုဒ္ဓသိမ် ၅၃ ခု၊ ငါးကန်နဲ့အထက် မြေငှားဂရန် ၁၂၃ ခု၊ ငါးကန်နဲ့ အောက် မြေငှားဂရန် ၁၅၂၉၉ ခု၊ စုစုပေါင်း ၁၅၈၁၀ ထုတ်ပေးနိုင်ခဲ့ပါတယ်။

အဲဒီလို မြေငှားဂရန်တွေ ထုတ်ပေးနိုင်ခြင်းဖြင့် ပိုင်ဆိုင်မှုအထောက်အထားမရှိဘဲ နေထိုင်ရမယ့်အစား ခိုင်မာတဲ့ တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်း၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေ ပိုမိုရရှိခြင်း၊ နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွန်ငွေတွေရရှိလာခြင်း၊ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတွေ ရရှိနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေရရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အခွန်ငွေတိုးမြှင့်ကောက်ခံရရှိသလို တစ်ဖက်မှာလည်း နိုင်ငံသားတွေအနေနဲ့ ပိုင်ဆိုင်မှုအထောက်အထားတွေ ခိုင်မာစွာနဲ့ စိတ်အေးချမ်းသာနေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတွေရရှိနိုင်မှာ ဖြစ်ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေသိမ်းဆည်းခြင်းခံရမှုတွေ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက အသုံးပြုဖို့မရှိသော မြေ ၁၉၇၈၇၃ ဒသမ ၇၁၄၁ ဧကကို စွန့်လွှတ်ပေးနိုင်ခဲ့ပြီး မူလပိုင်ရှင် ၆၁၁၈ ဦးထံကို ၁၈၆၇၁၀ ဒသမ ၁၁၇ ဧက ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

**ဦးခင်မောင်လွင်**
**ညွှန်ကြားရေးမှူး၊ ယစ်မျိုးနှင့်အခွန်ဌာန**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်နဲ့ ဓာတ်သတ္တုခွန်ဆိုပြီး အခွန်လေးမျိုး ကောက်ခံလျက်ရှိပါတယ်။

ယစ်မျိုးခွန်ကောက်ခံခြင်းကို အရင်က ပြည်ထောင်စုဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာနဲ့ လိုင်စင်နှုန်းထားတွေကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ သတ်မှတ်ကောက်ခံခဲ့ပေမယ့် အခုအခါ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွေက ဒေသနဲ့ကိုက်ညီဆီလျော်တဲ့ နှုန်းထားတွေနဲ့ ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်းပြီး ယစ်မျိုးခွန်တွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံပြီး တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါတယ်။

ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်မှာ ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာနဲ့ အခွန်နှုန်းထားသတ်မှတ်ပြီး ကောက်ခံရရှိတဲ့အခွန်ငွေတွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ပေးသွင်းလျက်ရှိပါတယ်။

မြေခွန်နဲ့ တာတမံခွန် ကောက်ခံရာမှာ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနက အခွန်နှုန်းထားတွေသတ်မှတ်ပြီး နှစ်စဉ် မြေခွန်စည်းကြပ်ခြင်းကို ဆောင်ရွက်ပြီး ထွက်ရှိလာတဲ့ ပြေစာအတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကောက်ခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းကို ပေးသွင်းလျက်ရှိပါတယ်။

ဓာတ်သတ္တုခွန် ကောက်ခံရာမှာ တွင်းထွက်စက်မှုကုန်ကြမ်းအဆင့်နဲ့ အလှဆင်ကျောက်အဆင့်မှာ ပါဝင်ခြင်းမရှိတဲ့ လမ်းခင်းကျောက်၊

**“အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ မြို့ / ကျေးရွာများ စနစ်တကျဖွဲ့စည်းနိုင်ရေး၊ ပြည်သူဗဟိုပြုပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးနဲ့ အသင်းအဖွဲ့တွေကို ဥပဒေနဲ့အညီ စနစ်တကျဖွဲ့စည်းရေး တို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ တိုင်ကြားလာတဲ့ တိုင်ကြားစာတွေအပေါ် ဘက်လိုက်မှုကင်းစွာ၊ အဂတိကင်းစွာ စိစစ်သုံးသပ်တင်ပြနိုင်ရေး၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် စိတ်ရင်းစေတနာ မှန်မှန်နဲ့ အချိန်ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်”**

တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်စရစ်၊ သဲကျောက်၊ ထုံးကျောက်၊ သဲနဲ့ မြေစေးစတဲ့ ဓာတ်သတ္တုပစ္စည်းတွေအပေါ် ကောက်ခံခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာနဲ့ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ သတ်မှတ်ကောက်ခံပြီး တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းကို ပေးသွင်းလျက်ရှိပါတယ်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘဏ္ဍာရေးနှစ်အတွင်း အခွန်လေးမျိုး ကောက်ခံဖို့ ငွေကျပ် ၁၈၁၀၁ ဒသမ ၆၄၆ သန်း လျာထားခဲ့ပြီး ငွေကျပ် ၂၀၃၉၆ ဒသမ ၇၄၁ သန်း၊ အခွန်ကောက်ခံနိုင်မှု ၁၁၂ ဒသမ ၆၈ ရာခိုင်နှုန်းအထိ ကောက်ခံနိုင်ခဲ့ပါတယ်။

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ရသင့်ရထိုက်တဲ့ ယစ်မျိုးခွန် အပြည့်အဝရရှိခြင်း စသည်တို့ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စီမံခန့်ခွဲလျက်ရှိပါတယ်။

ယစ်မျိုးလုပ်ငန်းတွေ ဥပဒေနဲ့အညီ စနစ်တကျရှိရေး၊ တရားမဝင် ယစ်မျိုးလုပ်ကိုင်မှုတွေကို တားဆီးအရေးယူနိုင်ရေး၊ ယစ်မျိုးခွန်တွေ တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် ယစ်မျိုးဆိုင်ရာ စိစစ်ကြပ်မတ်ရေးလုပ်ငန်းအဖွဲ့(Task Force) တွေကို မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဗဟို အဆင့်အထိ အဖွဲ့တွေဖွဲ့စည်းပြီး ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးနည်းလမ်းတွေအဆင့်ဆင့် ကြပ်မတ်စစ်ဆေးတားဆီးအရေးယူမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွင်း တရားမဝင် ယစ်မျိုးလုပ်ငန်းလုပ်ကိုင်သူ ၅၂၀၂ ဦးကို ဖမ်းဆီးပြီး အမှု ၅၁၈၄ မှု၊ ယစ်မျိုးလိုင်စင်စည်းကမ်းဖောက်ဖျက်သူ ၅၇၅ ဦးကို အမှု ၇၅၄ မှု အမှုဖွင့် တရားစွဲဆိုအရေးယူနိုင်ခဲ့ပါတယ်။

အရက်ချက်စက်ရုံတွေက ထွက်ရှိတဲ့ စွန့်ပစ်ရေဆိုးတွေကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေးအတွက် အရက်ချက်စက်ရုံတွေမှာ Environmental Management Plan (EMP) ရေးဆွဲလိုက်နာပြီး ရေဆိုးသန့်စင်စွန့်ပစ်စနစ် (Waste Water Treatment System)နဲ့ စွန့်ပစ်ရည် အရည်အသွေးကို အချိန်နဲ့တစ်ပြေးညီ တိုင်းတာစောင့်ကြပ်ကြည့်ရှုတဲ့စနစ် (Real Time Waste Water Online Monitoring System) တပ်ဆင် အကောင်အထည်ဖော်တဲ့ Action Plan တွေကို ရေးဆွဲတင်ပြခဲ့ပါတယ်။

စနစ်တကျပြည့်စုံတဲ့ Action Plan က တင်ပြလာတဲ့ အရက်ချက်စက်ရုံတွေကို ထုတ်လုပ်မှုစွမ်းအားရဲ့ ၅၀ ရာခိုင်နှုန်းကို စမ်းသပ်ထုတ်လုပ်ခွင့်ပြုသွားဖို့၊ Action Plan အပေါ် ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရေးကော်မတီက လစဉ်စစ်ဆေးရန်၊ ရေဆိုးစွန့်ပစ်စနစ်ကို အချိန်နဲ့တစ်ပြေးညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရေး Flow Meter တပ်ဆင်ဖို့နဲ့ ထုတ်လုပ်မှုစွမ်းအားကို အပြည့်အဝအခွန်ကောက်ခံနိုင်ရေးထုတ်လုပ်မှု တိုင်းတာနိုင်တဲ့ Flow Meter တပ်ဆင်ဖို့ အချိန်ကာလ တစ်နှစ်သတ်မှတ်ပြီး ယခုနှစ် ဇန်နဝါရီလကုန်မှာ ပြီးစီးအောင် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း အရက်ချက်စက်ရုံ ၂၀ ရုံမှာ ရေဆိုးသန့်စင်စွန့်ပစ်စနစ် တပ်ဆင်နိုင်ခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ။




အမျိုးသမီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။